ရွှေသစ္စာစာပေ

www.burmeseclassic.com

# ယောက္ခမမြစ်များ ခွေးဖြစ်သွားသူ

နှင့်

# ဆန်းကြယ်ဖြစ်ရပ်မှန်များ

ဝနုတ်ယိလ်းဖော်



BURMESE CLASSIC

သူတော်ကောင်းယောက္ခမကိုမြစ်များမိလို့
အရှင်လတ်လတ် ခွေးဖြစ်သွားသော
မြစ်ဝကျွန်းပေါ်ရွာလေးမှ မိန်းကလေး---

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း - ပထမအကြိမ်
ထုတ်ဝေသည့်ကာလ - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ
ထုတ်ဝေသူ - ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် (၂၁)၊
အခန်း(၁၁)၊စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။
မျက်နှာဖုံးနှင့် - ဦးစည်သူကိုကို၊
အတွင်းပုံနှိပ် တော်ဝင်ထွန်းပုံနှိပ်တိုက်၊
အမှတ် (၁၇)၊ (၅၂)လမ်း၊
ပုဇွန်တောင်မြို့နယ်။
မျက်နှာဖုံးပန်းချီ - လှသစ်အောင် (အင်းလျား)
စီစဉ်သူ - ကိုသက်မော်ဦး (သာယာဝတီ)
အုပ်ရေ - ၁၀၀၀၊
တန်ဖိုး - ၅၀၀

www.burmeseclassic.com

www.burmeseclassic.com



# ဓနုတ်ဟိုက်ကျားဇော်

## ယောကျ်ားမပြစ်မှား ခွေးဖြစ်သွားသူနှင့် ဆန်းကြယ်ဖြစ်ရပ်မှန်များ

### မာတိကာ


(၁) ဘဝခြားကချစ်မေတ္တာ ၇

(၂) ကျွန်ုပ် နှင့် သစ္စာမြေမှ မင်းသမီး ၁၉

(၃) ယောကျ်ားမပြစ်မှား ခွေးဖြစ်သွားသူ ၄၁

(၄) ကျွန်ုပ်နှင့် ရွှေစက်မြေမှ ထူးဆန်းသော သုံးပုံရိပ်ည ၄၇

(၅) မြွေမင်းသားနှင့် ရတနာလမ်း ၆၁




www.burmeseclassic.com

www.burmeseclassic.com



(၆) ထဘီလှလှပိုင်ရှင်နှင့် ကျိန်စာသင့် ဝိညာဉ် ၇၅

(၇) ထူးဆန်းသောအကိုးအိုနှင့်
ကျွန်ုပ်၏ကံကြမ္မာ ၈၅

(၈) သံသရာ ၉၅

(၉) ရုပ်မွက်မီးလျှံနှင့် ရေသူမကျိန်စာ ၁၀၅

(၁၀) သူးတစ်ချောင်း၏ ပုံပြင် ၁၁၅

(၁၁) နှင်းဝတီ ၁၂၅

(၁၂) တမလွန်ဘဝ ဖြစ်ရပ်ဆန်းများနှင့်
ဝိညာဉ်လောကရှင်းတမ်း ၁၄၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

(၁)

ယခုအချိန်၌ ခံပြင်းမှုတွေ ထူးဆန်းမှုတွေ
ဆက်တိုက်ဆိုသလို ကြုံတွေ့နေရပြီး
ပြန်ပြောလျှင် အိမ်မက်ရွာရဲ့ဟုပင်ဆိုကြပါလိမ့်မည်။
ဘာပဲဖြစ်ဖြစ် သူမကတော့ တစ်ဘဝခြားသွားသော
သူမ၏ လင်တော်မောင်နှင့် ပြန်လည်ဆုံစည်းနေသည့်
အဖြစ်မို့ ပျော်ရနေသည် ဝမ်းသာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



•

"အခုအချိန်မှာ အစ်ကိုတို့နှစ်ဦး မိဘတွေရဲ့ အစွန့်ပယ်ခံဘဝရောက်သွားတာကို အားငယ်နေပြီလား ထား၊ အားမငယ်ပါနဲ့ ထားရယ်၊ ထားဘေးမှာ အစ်ကိုတစ်ယောက်လုံး ရှိပါသေးတယ်"

ညားကာစ ဖနီးသည် နွယ်နွယ်ထားကို မောင်ညီပုက ရင်ခွင်မှာ တယုတယထွေးပိုက်ရင်း အားပေးနှစ်သိမ့်လိုက်ခြင်း ဖြစ်ပါသည်။

အမှန်တော့ ၎င်းတို့ ဖနီးမောင်နှံသည် မိဘတွေအပေါ် နွဲ့ဆိုး ဆိုးသော မိဘတို့၏ မေတ္တာစေတနာကို အခွင့်ကောင်းယူပြီး ဆိုးသွမ်းသူများလည်း မဟုတ်ပါချေ။ နှစ်ဖက်မိဘတို့၏ စီးပွားရေး လူမှုရေးနှင့် ဂုဏ်တုဂုဏ်ပြိုင်အစွန်းရောက်သော အာဃာတ အငြိုးတရားများကြောင့် ယခုကဲ့သို့ အကြောင်းမညီညွတ်တဲ့ ချစ်သူများ ဖြစ်ခဲ့ကြသော ၎င်းတို့ ဖနီးမောင်နှံအား ဘဝတစ်ခုကို ထူထောင်လိုက်သောနေ့မှစ၍ နှစ်ဖက်စလုံး သားသမီးများအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ကြခြင်းကြောင့် ဖြစ်၏။

သို့ရာတွင် မောင်ညီပုကတော့ ထိုကိစ္စအတွက် စိတ်[illegible] အားမငယ်ဘဲ စိတ်ထိခိုက်လွယ် အားငယ်တတ်သူ [illegible]ကို သာ အားပေးနှစ်သိမ့်ရင်း ရောက်ရှိလာမည့် ဘဝ[illegible]ခဲ ပြဿနာ

www.burmeseclassic.com



များကို မရှုံ့တမ်း မဆုတ်တမ်းရင်ဆိုင် ကျော်လွှားရန် အားမွေးထားပြီး ပင် ဖြစ်သည်။

ထို့ကြောင့်လည်း မိဘတွေအရိပ်မှကင်းလွတ်သော ဝါးတောတန်းရွာနှင့် (၁၁)မိုင်ဝေးသည့် အောင်သပြေရုံရွာလေးသို့ ဇနီးသည်နွယ်နွယ်ထားအား ခေါ်ယူလျက် သမ္မာအာဇီဝကျကျ ခွန်နှင့်အားနှင့် လုပ်ကျွေးသမှုပြုရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေ၏။

"ထား အားမငယ်ပါဘူး အစ်ကိုရယ်၊ ဒါပေမဲ့ အမြဲတမ်း အခက်အခဲတွေကြားမှာ ရုန်းကန်ပင်ပန်းနေရမဲ့ အစ်ကို့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိတာပါ"

ရေနံဆီမီးခွက်မီးရောင် မှိန်တုတ်တုတ် တဲအိမ်လေးထဲတွင် ၎င်းတို့ဇနီးမောင်နှံနှစ်ဦး တော်တော်နှင့်အိပ်မပျော်ကြသေးဘဲ တစ်ဦးနှင့်တစ်ဦး အကြင်နာ၊ မေတ္တာများ ဆင့်ပွားလျက်ရှိနေကြသည်ကို မြင်ရမည်ဆိုလျှင်ဖြင့် ကြည်နူးပျော်ရွှင်စရာပင် အင်မတန်မှ ကောင်းလွန်းနေပါလိမ့်မည်။

သို့သော် ၎င်းတို့ပတ်ဝန်းကျင်တွင် လယ်ပိုင်ရှင် တဲတစ်တဲနှင့် အစဉ်သဖြင့် ရေပတ်လည်ဝိုင်းရံနေသော လယ်ကွင်းပြင်များသာ ရှိလေသည်။

"ထားတို့ အိပ်ကြပါစို့၊ ညဉ့်အတော်နက်နေပြီ"

ထိုသို့ဖြင့် ၎င်းတို့ ဇနီးမောင်နှံ အိပ်ရာသို့ ဝင်ခဲ့ကြလေတော့ ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ခန့်အကြာတွင် ကံဇာတ်ဆရာ၏ လှည့်ကွက်ဟု ပြောရမည်လား။ သို့တည်းမဟုတ် ဘဝအကျိုးပေးမကောင်း၍လားဟု ဆိုရမည်လား မသိချေ။ လယ်စာရင်းငှားလုပ်ပြီး ပင်ပင်ပန်းပန်းဖြင့် ဇနီးသည် နွယ်နွယ်ထားအား ရှန်းကန်ရှာဖွေကျွေးမွေးနေရာမှ မောင်ညီပု တစ်ယောက် ပိုးထိ၍ ဆုံးပါးသွားရရှာတော့၏။

ဒီတော့ ဇနီးသည် နွယ်နွယ်ထားသည် လင်ယောက်ျားအပေါ် ချစ်၍မှ မဝသေးခင် ရုတ်တရက် ကွယ်လွန်သွားရရှာသောကြောင့် အရွယ်မီးဖိုင်းဖြစ်လျက် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဘဝ ဆင်းသက်သွား ခဲ့ရတော့သည်။

သို့ရာတွင် နွယ်နွယ်ထားမှာ ဖြေသိမ့်စရာတစ်ခုတော့ ကျန်ရှိခဲ့ပါ၏။ ဆိုရလျှင် မောင်ညီပုနှင့်ရသော ရင်သွေးရတနာလေးပင် ဖြစ်သည်။ ယခုဆိုလျှင် မီးဖွားကာနီးရက်သို့ပင် တိုင်လုလေပြီဖြစ်သည်။

"စိတ်တော့ မရှိလိုက်ပါနဲ့ ငါ့တူမကြီး၊ ငါ့တူမကြီးမှာ မီးဖွားခါနီး ရက်စေ့ လစေ့ကြီး ဖြစ်နေတော့ အခေါ်တို့လည်း အခေါ်တို့ အလုပ်တွေနဲ့ မအားလပ်ကြဘူး၊ ဒါကြောင့် ငါ့တူမကြီး မိဘရပ်ထံသာပြန်ပြီး မီးဖွားပါတော့"

တစ်နေ့တွင် လယ်ရှင်စာရင်းကိုင်တို့က နွယ်နွယ်ထားအား စာနာစိတ်ကင်းမဲ့စွာဖြင့် ၎င်းတို့ထံတွင် မနေဖို့ရန် ပြောထားကြသည်။ ဒီတော့ နွယ်နွယ်ထားတွင် အခက်ကြုံရတော့သလို့ သူမတွင်လည်း ကိုယ်ဝန်ရက်စေ့၊ လစေ့ကြီးနှင့်ပင် ဖြစ်သည်။

ဆိုရလျှင် နွယ်နွယ်တစ်ယောက် မနက်ဖြန် သူမ မိဘရပ်ထံ ပြန်ရမည့်နေ့ပင် ဖြစ်သည်။ ထိုညက သူမ တစ်ညလုံး အိပ်မပျော်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ည ၁၂း၀၀ နာရီခန့်ချိန်တွင် တဲအပြင်ဘက်မှ ထူးဆန်းသော အသံ တစ်ခုကို ကြားလိုက်ရလေ၏။

"ထား ... ထားကို ကိုယ်လာခေါ်တာ၊ ထား ဘာမှ စိတ်အားမငယ်နဲ့ ဟုတ်လား၊ ထားသွားချင်တဲ့ အရပ်ရောက်အောင် အစ်ကို လိုက်ပို့ပေးမယ်"

သူမ အိပ်ရာပေါ်မှ ကပျာကယာ ကျုံးထပြီး တဲအပြင်ဘက်သို့ ထွက်ကြည့်လိုက်သည့်အခါ တဲရှေ့လယ်ကန်သင်ရိုးပေါ်တွင် သူမ၏ လင်ယောကျ်ား မောင်ညီပုကို တွေ့လိုက်ရလေတော့သည်။

"ဟင် ... အစ်ကို ... အစ်ကိုပါလား"

သူမနှုတ်မှ အံ့သြစွာ ရေရွတ်မိလိုက်ရင်း ဖျတ်ခနဲ အသိဝင် သွားသည်။ သူမ လင်ယောကျ်ား မောင်ညီပု ဆုံးပါးသည်မှာ တစ်လပင် မပြည့်သေး။ သူမအား လာရောက်ခြောက်လှန့်နေသလား။ သို့သော် 'မိမိကိုယ်ဝန်ရှိနေသည့်အချိန်မှာ လင်ယောကျ်ား ဆုံးပါးသွားခဲ့လျှင် ကျန်ရှိခဲ့သော ကိုယ်ဝန်အတွက် ထိုလင်ယောကျ်ားသည် မိမိဇနီး မီးဖွား မပြီးမချင်း လိုက်၍ စောင့်ရှောက်ရတယ်' ဟု လူကြီး သူမ ပြောစကား တို့ကို ပြန်အမှတ်ရလိုက်သဖြင့် သူမ၏ လင်ယောကျ်ား မောင်ညီပုသည် ထိုကဲ့သို့ပင် ဖြစ်လေမည်လားဟု တွေးထင်မိလိုက်သည်။

"လာလေ ... ထား၊ ဘာစဉ်းစားနေတာလဲ၊ ဘာလဲ အစ်ကို့ ကို ကြောက်နေတာလား။ အစ်ကို့ကို မကြောက်ပါနဲ့ ထားရယ်"

"အစ်ကိုဟာ လူ့ဘဝကတည်းက ထားကို အသက်နဲ့ထပ်တူ ချစ်ခဲ့သူပါ၊ အခုလည်း ထား ဒုက္ခတွေအတွက် အစ်ကို ဝင်ခံရမယ် ဆိုတော့ ထား မသွားပါရစေနဲ့တော့ အစ်ကိုရယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ငိုယိုပြီး လင်တော်မောင်အဖြစ်အား မကြည့်ရက်လို၍ တောင်းပန်လိုက်လေ၏။

"ဟာ မဟုတ်တာအဲ ထားရယ်၊ ဒီဒဏ်တွေကို အစ်ကို ခံနိုင်ပါတယ်၊ ပြီးတော့ ထား ဗိုက်ထဲက ရင်သွေးလေးကို ရှေးရှေးရှုရှု မွေးနိုင်ဖို့အတွက် ဟိုဘက်အရပ်ဟာ အကောင်းဆုံးပါပဲ ထား။ ဒီမှာဆိုရင် ထား ဒုက္ခရောက်လိမ့်မယ်၊ လာပါ ထားရယ်၊ အစ်ကို့စကား နားထောင်ပါနော်"

ဒီတော့မှ သူမသည် လင်တော်မောင်၏ စကားကိုနာခံရန် ဆုံးဖြတ်လိုက်တော့၏။

"အစ်ကို့ ပခုံးပေါ်ကို တက်ပါလား၊ ထားမှာ ကိုယ်ဝန်ကြီးနဲ့ ရွှံ့တွေ ရေတွေထဲမှာ သွားလို့မဖြစ်ဘူး၊ လာ လာ အစ်ကို့ ပခုံးပေါ်ကို အသာလေးထိန်းတက်"

"ဖြစ်ပါ့မလား အစ်ကိုရယ်၊ ဘုန်းတွေဘာတွေ နိမ့်နေပါဦးမယ်"

"အစ်ကို ဘုန်းမနိမ့်ပါဘူး ထားရဲ့၊ ထားရဲ့ဗိုက်ထဲမှာရှိတဲ့ ရင်သွေးလေးက တစ်ချိန်မှာ ရဟန်းလောင်းတစ်ပါး ဖြစ်လိမ့်မယ်ထား။ ဒါကြောင့် အစ်ကို ဘုန်းမနိမ့်ဘူးလို့ ပြောနိုင်တာ"

သူမသည် ယခုအချိန်၌ အံ့ဩမှုတွေ၊ ထူးဆန်းမှုတွေ ဆက်တိုက်ဆိုသလို ကြုံတွေ့နေရပြီး ပြန်ပြောလျှင် အဓိပ်ပါယ် အထွေးကို ဟုပင် ဆိုကြပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် သူမကတော့ တစ်ဘဝရှင်သွား သော သူမ၏ လင်တော်မောင်နှင့် ပြန်ဆုံစည်းနေရသည်အတွက် ပျော်နေသည်။ ဝမ်းသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကို မြဲမြဲကိုင်ထားနော်၊ ချောင်းဟိုဘက်ကမ်းကို ဖြတ်ကူးရတော့မယ်"

မကြာမီမှာပင် ချောင်းတစ်ဖက်ကမ်းသို့ ရောက်ရှိသွားလေတော့၏။ သို့ရာတွင် တစ်ဖက်မှ အရန်သင့် စောင့်နေကြသော မောင်ညီပုကဲ့သို့ ဝိညာဉ်လောကသားတွေကို ရင်ဆိုင်လိုက်ရသည်။

ထိုသူများသည် သူမ၏ လင်တော်မောင်က စောင်းပန်းအသနားခံပြီး ဖြတ်သန်းခွင့်တောင်းသည်ကို လုံးဝခွင့်မပြု။ ၎င်းတို့ကို တိုက်ခိုက်၍ နိုင်မှသာ သွားလာခွင့်ပြုမည်ဟု အတင်းအကျပ်ဆိုကြ၏။

အချိန်ကြာကြာ မစောင့်ဆိုင်းနိုင်တော့သော မောင်ညီပုသည် သူမအား မြေကမူလေးတစ်ခုပေါ်တွင် အသာတင်ထားခဲ့ပြီး ၎င်းတို့နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လေသည်။ ၎င်းတို့အားလုံး အတုံးအရုံးရှုံးပြီး မောင်ညီပုမှာ ကျောဘက်တွင်သာ ဒဏ်ရာရရှိခဲ့သည်။

"အချိန်သိပ်မရှိတော့ဘူး ထား၊ နောက်နှစ်ဖွဲ့နဲ့ တိုက်ခိုက်ပြီးရင် ထားနေရမယ့် နှင်းဆမ်းရွာကို ရောက်ပြီ၊ လာ . လာ . အစ်ကို့ ပခုံးပေါ်ကို မြန်မြန်တက်"

သို့ဖြင့် သူမတို့ ခရီးဆက်ခဲ့ကြပြီး သူမ၏ လင်တော်မောင် ပြောသလိုပင် နောက်ထပ်နှစ်ဖွဲ့နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီးနောက် နှင်းဆမ်းရွာခြေသို့ ရောက်ရှိခဲ့လေတော့၏။

သူမ၏ လင်တော်မောင်သည်လည်း သူမအား ရေထဲ ရှုံ့ထဲ၌ တစ်လမ်းလုံး ထမ်းလာခဲ့ရ၍ မောပန်းဟိုက်ထိုးနေသလို လမ်းမှ အပိုင်စားရထားသော ဝိညာဉ်လောကသားအဖွဲ့များနှင့်လည်း တိုက်ခိုက်ခဲ့ရ၍ အတော်လေး နုံးချည့်ပင်ပန်းနေရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထား ့အောက်ကနေပဲ ဆင်းလျှောက်သွားပါရစေတော့ အစ်ကို၊ အစ်ကို့ကို ထား မကြည့်ရက်တော့ဘူး"

"ရှေ့ လယ်တစ်ကွက်ကျော်ရင် ထားရဲ့ဦးလေး ဦးဘဆန်းတဲကို ရောက်ပြီ၊ အစ်ကို ထမ်းနိုင်ပါသေးတယ်"

သူမသည် လင်တော်မောင်အဖြစ်ကို ကြည့်ရင်း စိတ်မထိန်းနိုင်၊ မျက်ရည်များကျလာပြီး တသိမ့်သိမ့် ငိုနေရှာတော့၏။

"ထား ့ဘာဖြစ်လို့ ငိုရတာလဲ ထားရယ်၊ ထား အဲဒီလိုကြီး ငိုနေရင် အစ်ကို ဘယ်တော့မှ စိတ်ဖြောင့်မှာ မဟုတ်ဘူး"

"ထား ့ထားလေ အစ်ကို့အဖြစ်ကို လုံးဝမကြည့်ရက်တော့လို့ပါ"

ဒီတော့မှ လင်တော်မောင် မောင်ညီပုသည် ရင်း၏ ဖနီးအားရင်ခွင်မှာ တယုတယ ထွေးပွေ့ရင်း ရှိုက်ကြီးတငင် ငိုလေတော့၏။

"အစ်ကိုတို့ဘဝတွေဟာ တော်တော်ဆိုးတာပဲ ထားရယ်၊ ဘဝအဆက်ဆက်က ဆုတောင်းမကောင်းခဲ့ကြလို့ အခုလို တစ်ဘဝစီခြားပြီး ပူလောင်ငိုကြွေးကြရတယ်၊ ဒါပေမဲ့ အစ်ကို့ဆန္ဒပြည့်ဝသွားတဲ့အတွက် အစ်ကို ဝမ်းသာတယ်၊ ကျေနပ်တယ် ထား"

ပြောပြီး သူမအား တယုတယ မျက်ရည်သုတ်သင်ပေးလိုက်လေသည်။

"ကဲ ့အရဏ်တက်တော့မယ် ထား၊ ထား တဲထဲကို သွ[illegible] ပါတော့၊ အစ်ကို ဒီကနေ စောင့်ကြည့်နေမယ်၊ ထား မီးဖွားမပြီး[illegible] ဒီကနေ အစ်ကိုဘယ်မှ ထွက်ခွာမသွားဘူး၊ ထားမီးဖွားပြီတဲ့အ[illegible] အစ်ကို ခရီးဆက်ရလိမ့်မယ်"

www.burmeseclassic.com



စကားအဆုံးမှာ သူမ၏ လင်တော်မောင်သည် သူမအား တရှိုက်မက်မက်ကြည့်ရင်း မျက်ရည်များ တသွင်သွင်ကျလာလေ၏။ သူမသည်လည်း ရှိုက်ကြီးတငင် ငိုကြွေးလျက် လင်တော်မောင်အား စိတ်မချသလို ပုံစံဖြင့် နောက်ဆံတငင်ငင် ရှိနေတော့သည်။

"ထား သွားပြီ အစ်ကိုရေ"

သူမက လက်ပြနှုတ်ဆက်လိုက်ပြီး တဲရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်သွားလေ၏။

ဆယ်ရက်ခန့်အကြာတွင် သူမ မီးဖွားလေတော့၏။ သူမ၏ လင်တော်မောင်ပြောသလို အမှန်တကယ်ပင် သားယောကျ်ားလေးအား အပြစ်အနာဆာမဲ့ မွေးဖွားခဲ့ခြင်း ဖြစ်လေသည်။

မွေးဖွားပြီးနောက် တစ်နေ့သည့်တွင် သူမ၏ လင်တော်မောင်အား တဲခေါင်းရင်းဘက် ကန်ပေါင်ပေါ်မှာ မျက်ရည်အဝဲသားနှင့် လက်ပြနှုတ်ဆက်နေသည်ကို တဲပြတင်းပေါက်မှ လှမ်းတွေ့ရလေ၏။ သူမသည်လည်း လင်တော်မောင် ဒီနေ့သည်အပြီးတိုင် ဒီကနေ ထွက်ခွာသွားရတော့မည်ကို ပြေးသတိရပြီး ဝမ်းနည်း ကြေကွဲဆို့နင့်စွာဖြင့် ငိုကြွေးမိလိုက်တော့၏။

"ထားရဲ့ ဒုက္ခတွေကနေ လွတ်ငြိမ်းသွားပါတော့ အစ်ကိုရယ်"

ထိုညမှာပင် လင်တော်မောင်သည် နောက်ဆုံးအိပ်မက်တစ်ခု ကို ပေးခဲ့လေ၏။ ထိုအိပ်မက်ထဲတွင် လင်တော်မောင်သည် သူမ မွေးဖွားပြီးဖြစ်သည့်အတွက် ရင်းဘက်မှ တာဝန်ကျေပြီဖြစ်ကြောင်း၊ သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com



မခွဲမခွာနေချင်ပါသော်လည်း ဘဝအခြေအနေ မပေး၍ ခွဲရတော့ ကြောင်း၊ သားလေးကိုလည်း သာသနာ့ရဟန်းဘဝဖြင့် [illegible]ကြောင်း၊ သူမနှင့် မခွဲမခွာနေချင်ပါသော်လည်း ဘဝအခြေအနေ မပေး၍ ခွဲ ရတော့ကြောင်း၊ နောင် အရိမေတ္တေယျ ဘုရားပွင့်လတ္တံ့သောအချိန်မှာ ၎င်းနှင့် သူမတို့ လူ့ဘောင်လူ့လောကကို ရောက်ရှိပြီး သာသနာတော် အကျိုးကို ပြုရပါလိုကြောင်း ဆုတောင်းခဲ့သည်ဟု အိပ်မက်ပေးခဲ့ခြင်း ပင်ဖြစ်လေ၏။

ထိုအချိန်ကတည်းကစ၍ သူမသည်လည်း လင်တော်မောင် အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်များ အကြိမ်ကြိမ် ပြုလုပ်ပေးပြီး ထူးဆန်းအံ့ဩစရာကောင်းသော ၎င်းတို့ဖြစ်ရပ်များကိုလည်း ရွာထဲရှိ ကလေးတစ်သိုက်တို့အား ဇာတ်သုတဖြစ်ဖွယ် ပြောပြလျက်ရှိ၏။

ယခုဆိုလျှင် သူမသည် အသက်(၅၀)ကျော် ဒေါ်နွယ်နွယ်ထား အဖြစ်သို့ပင် တိုင်ခဲ့လေပြီ။

၎င်းတို့၏ သားလှရတနာလေးသည်လည်း ယခုအချိန်၌ ဖေယျာသုခမ္မဝတီကျောင်းတိုက်တွင် ရဟန်းဘဝဖြင့် သာသနာ့အကျိုး များ ထမ်းရွက်ရင်း ကျောင်းထိုင်လျက် ရှိလေ၏။

ဝန်ခံချက်။ ။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်က အဖြစ် အပျက်ကို မိတ်ဆွေတစ်ဦး၏ ပြောပြချက်အတိုင်း ရေးဖွဲ့ပါသည်။

ဂန္ဓာရုလောကမဂ္ဂဇင်း၊ မေလ၊ ၂၀၀၄



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## (၂)

နှစ္စသုန္ဒရီ . . . နှစ္စသုန္ဒရီ . . . .

ဆိပ်မက်ထဲမှာမြင်တွေ့ခဲ့ရသည့်အတိုင်း

ကြီးမားရှည်လျားလှသော ကျောက်ခေါင်းကြီးတစ်ခုနှင့်အတူ

တစ်တောင်ကျော်ကျော်ခန့်ရှိပါးပင်ကလေးကိုမြင်တွေ့လိုက်ရ၏

ပို၍ထူးခြားအံ့သြစရာကောင်းသည်က ထိုကျောက်ခေါင်း

အနီး၌ ကျောက်လိုဏ်ဂူအတွင်းမှ နံ့သာဆယ်ပါးဖြင့် ပြုလုပ်

ထားသောမင်းသမီးရုပ်ထုအား ရရှိသဖြင့် . . . .

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ကဖြစ်သည်။

ထိုအချိန်က ကျွန်ုပ်သည် ဆေးဆရာလေးပေါက်စဘဝဖြင့် မြန်မာပြည်အနှံ့အပြားရှိ မြို့ရွာများသို့ ခြေဆန့်နေသူဖြစ်သည်။ ထိုသို့ ခြေဆန့်သွားလာနေရင်းဖြင့် ရမည်းသင်းအရှေ့ဘက်ရှိ ကျီစုရွာလေးသို့ မမျှော်လင့်ဘဲ ရောက်ရှိသွားခဲ့၏။

ထိုကျီစုရွာတွင် ကျွန်ုပ်၏မိတ်ဆွေကြီး ကိုမြင့်စိုးရှိသည်။ ကျွန်ုပ်နှင့် ကိုမြင့်စိုး လွန်ခဲ့သော ကာလတစ်ခုက ရန်ကုန်မှာ ဆုံတွေ့ရင်းနှီးခဲ့ကြပြီး ထိုစဉ်က ကိုမြင့်စိုးသည် ကျွန်ုပ်နေထိုင်ရာ ရန်ကုန်မြို့ ပါးတာန်းလမ်းရှိ နေအိမ်နှင့် တစ်ခန်းကျော်မှာနေထိုင်ရင်း အလွတ်စုံထောက် အလုပ်ကို လုပ်ကိုင်ခဲ့သူဖြစ်သည်။

၎င်းဖခင် ဆုံးပါးသွားပြီး နောက်ပိုင်း ၎င်း၏ဇာတိဖြစ်သော ရမည်းသင်းမြို့နယ်၊ ကျီစုရွာလေးသို့ အပြီးတိုင်ပြန်သွားကာ စုံထောက်အလုပ်အား စွန့်လွှတ်ပြီး ၎င်း၏မိခင်နှင့်သာ နေထိုင်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကတည်းက ၎င်းနှင့်ကျွန်ုပ် တစ်နှစ်ကျော်လောက် မတွေ့တော့ပဲရှိရာမှ ၎င်းသည် ကျွန်ုပ်ထံသို့ ထကူးတက စာရေးကာ အလည်ခေါ်သဖြင့် ကျွန်ုပ် ယခုလို မမျှော်လင့်ဘဲ ရောက်ရှိခဲ့ခြင်းဖြစ်၏။

"မတွေ့တာကြာတော့ ကိုဟိတ်ဇာ်းဇော် အသားရေ မည်းသွားသလိုပဲနော်၊ ဒါနဲ့ ကိုဟိတ်ဇာ်းဇော် အရင်လိုပဲ ဆေးဆရာအလုပ်ကို လုပ်တုန်းပဲလား"

ခရီးရောက်မဆိုက် မိတ်ဆွေကြီးကိုစိုးမြင့်က ခရီးဦးကြိုပြုရင်းမေးလာသည်။ ကျွန်ုပ်က ရယ်ရယ်မောမောနှင့်ပင်

"ကျွန်တော့်အတွက် ဒီကမ္ဘာပေါ်မှာ ဆေးဆရာအလုပ်ကလွဲပြီး ဘာများလုပ်စရာရှိသေးလို့လဲ မိတ်ဆွေကြီးရဲ့၊ ကျွန်တော် အသက်ရှင်နေတာက ဆေးဆရာအလုပ် လုပ်ဖို့ပဲဗျ"

ကျွန်ုပ်၏စကားကို မိတ်ဆွေကြီး ကိုမြင့်စိုးက နားထောင်ရင်း ပြုံးလိုက်၏။ ပြီးမှ ကျွန်ုပ်အား ရွှင်ပျစွာ ကြည့်လိုက်ရင်း

"ဒါဆို အဆင့်သင့်လိုက်လေဗျာ၊ ကျွန်ုပ်တို့ရွာက လူနာတွေလည်း ဆေးကုရင်း ကျွန်တော်တို့နယ်က ဒီတောင်တွေထဲမှာလည်း ရှာပါး ဆေးပင်၊ ဆေးမြစ်တွေရှာရင်း အပဲ ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးဆိုသလိုပေါ့ဗျာ၊ ကျွန်တော်တို့ရွာကနေ အရှေ့ဘက်တောင်တွေကိုဖြတ်ပြီး နှစ်ရက်ခရီးကြာရင် ရှမ်းပြည်နယ်ထဲကိုရောက်ပြီပြီးတော့ ဒီနယ်ဟာ ဟိုတုန်းကတည်းက ထူးဆန်းတဲ့အဖြစ်အပျက်တွေ အများဆုံးရှိခဲ့တဲ့ နေရာဗျ။ ဒါကြောင့် ထူးဆန်းတဲ့ အဖြစ်အပျက်တွေဆိုရင် ကိုဟိတ်ဇာ်းဇော်က စိတ်ဝင်စားတတ်လို့ စာရေးပြီးအလည်ခေါ်လိုက်ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com


ဟု ပြောလာသဖြင့် ကျွန်ုပ်လွန်စွာမှ စိတ်ဝင်စားလျက်ရှိသွားပေ၏။ မိတ်ဆွေကြီး ကိုမြင့်စိုး မှတ်ချက်ပြုလိုက်သလို ကျွန်ုပ်သည် ငယ်စဉ်ကတည်းက မညီသည့်ထူးဆန်းအဖြစ်အပျက်မျိုးကိုမဆို လွန်စွာမှ စိတ်ဝင်စားကာ စိတ်ဝင်စားစရာကောင်းသော ထိုအဖြစ်အပျက်တွေများထဲမှာ အကျိုးသက်ရောက်မှုတွေ ကျွန်ုပ်ရရှိခဲ့တာ အကြိမ်ကြိမ်ပင်။

ယခုလည်း ကျွန်ုပ်အတွက် အကျိုးတစ်စုံတစ်ရာရရှိနိုင်မှာ သေချာပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိတ်ဆွေကြီး ကိုမြင့်စိုးအား ထိုထူးဆန်းအဖြစ်အပျက်များရှိသောနေရာသို့ လိုက်လံပို့ဆောင်ပေးရန် တောင်းဆိုလိုက်သည်။ မိတ်ဆွေကြီး ကိုမြင့်စိုးက

"စိတ်ချ ကိုဟိဏ်းဖော်၊ ခင်ဗျားသွားချင်တဲ့နေရာတိုင်းကို မညည်းမညူ လိုက်ပို့ပေးမယ်ဗျာ၊ အဲ စိတ်ဝင်စားစရာချည့်ပဲ ကောင်းလွန်းလို့ ပြီးတော့မှ ရန်ကုန် မောင်ကြီးမပြန်နိုင်ဖြစ်နေလိမ့်မယ်"

ဟုပြောပြီး ရယ်လေ၏။

ထို့နောက် မိတ်ဆွေကြီး ကိုမြင့်စိုးတို့သားအမိမှ ညှော်ခံကျွေးမွေးသော တောဝက်သားဟင်း၊ မျှစ်နှပ်၊ ဆူးပုတ်ရွက်အချဉ်သောက်ဟင်းနှင့် အညာငရုပ်သီးထောင်းစပ်စပ်ကို မြိန်ရှက်စွာ စားသောက်ပြီးနောက် အိပ်စက်အနားယူခဲ့လေ၏။

သို့ရာတွင် ကျွန်ုပ်တော်တော်နှင့် အိပ်မပျော်ဘဲရှိသောကြောင့် အိမ်အပေါ်ထပ်မှ ဆင်းသက်ကာ ခြံဝင်းထဲသို့ ခြေလှမ်း လမ်းလျှောက်နေလိုက်သည်။

'လပြည့်ရက် ဖြစ်သောကြောင့် အဝါရောင်တောက်တောက်ဆင်မြန်းထားသော လမင်းသည်လည်း လောကဓာတ်ကြီးတစ်ခုလုံးအား


www.burmeseclassic.com

www.burmeseclassic.com



အသင်ချောင် ကမ္ဘ လာတွေ မြုလွှမ်းထားလေ၏။

လေအေးကလည်း တဖြူးဖြူးလေး တိုက်ခတ်နေသည်။ တစ်ခါ တစ်ရံ အဝေးဆီမှ တောခွေးအူသံနှင့် သားကောင်တချို့၏အော်သံများကို စိတ်ချောက်ချားဖွယ် ကြားရလေသည်။

ထို့နောက် ကျွန်ုပ်သည် လမ်းလျှောက်နေရာမှ အနည်းငယ် မောလာသဖြင့် အိမ်ခေါင်းရင်းခြံထောင့်ရှိ ဝါးကွပ်ပျစ်စင်လေးပေါ်သို့ ခြေပစ်လက်ပစ် ကျောခင်းလှဲချလိုက်တော့, ကောင်းကင်က လမင်းကို တအဲ ငေးကြည့်မိလိုက်လေ၏။

သို့ဖြင့် ကျွန်ုပ်သည် အိမ်ပေါ်သို့ ပြန်လည်မတက်ရောက်တော့ဘဲ ထိုဝါးကွပ်ပျစ်လေးပေါ်မှာပင် စိတ်လက်ပေါ့ပါးစွာ အိပ်စက်လိုက်ရန်အတွက် စဉ်းစားမိသဖြင့် မျက်လုံးကို အသာမှေးမှိတ်လိုက်လေတော့၏။

ကျွန်ုပ် မှေးခနဲ အိပ်ပျော်သွားစဉ်၌ လွန်စွာမှထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

ထိုအိပ်မက်ထဲတွင် အင်မတန်မှ ချောမောလှပပြီး ရှေးကျလွန်းသည့် အဝတ်အစားများကို ဝတ်ဆင်ထားသော မင်းသမီးတစ်ပါးသည် ကျွန်ုပ်၏ ညာဘက်ပခုံးအားပုတ်နှိုးပြီး တစ်နေရာသို့ ခေါ်ဆောင်နေ၏။

ကျွန်ုပ် အိပ်ရာမှ ပြူးပြူးပျာပျာနှင့်ထလာပြီး မင်းသမီးအား အံ့သြမှင်တက်စွာ ငေးမောကြည့်ရှုနေစဉ်မှာပင် မင်းသမီးသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား

"ဘာကြောင့် ကြည့်နေတာလဲ မောင်တော်၊ နန္ဒသုန္ဒရီလေး မောင်တော် မမှတ်မိတော့ဘူးလား၊ တစ်ချိန်တုန်းက ဟောဒီ ရွှေမြို့တော်ကြီးမှာ မောင်တော်နဲ့ နန္ဒသုန္ဒရီတို့ဟာ သိပ်ချစ်ကြတဲ့ချစ်သူတွေဆိုတာ အားလုံးသိကြသလို အချစ်ကို တန်ဖိုးထားပြီး သစ္စာရှိတဲ့နေရာမှာလည်း ဟောဒီ ရွှေမြို့တော်ကြီးတစ်ခုလုံးက မောင်တော်နဲ့ နန္ဒသုန္ဒရီတို့ကို စံပြ မှတ်တမ်းတင်ခဲ့ကြတဲ့အထိပဲ၊ မောင်တော် သေသေချာချာ ပြန်စဉ်းစား ကြည့်ပါဦး"

မင်းသမီးပြောသော စကားတွေကို ကျွန်ုပ်နားရှုပ်သွားကြားနေ ရသည်။ မည်သို့မျှ မမှတ်မိပါ။ ကျွန်ုပ်နှင့် သူမဟာ တစ်ချိန်တုန်းက သိပ်ချစ်ကြသည့်ချစ်သူတွေတဲ့။ ပြီးတော့ သစ္စာရှိသည့်နေရာမှာလည်း လူအားလုံးက စံပြမှတ်တမ်းတင်ခဲ့ကြရသတဲ့။ နောက်ပြီး ဒီနေရာဟာ လည်း ရွှေမြို့တော်ကြီးဆိုပါလား။

ကျွန်ုပ်အသိတွေ ချာချာလည်ကာ မည်သို့မျှ နားမလည်နိုင်။ အံ့သြစိတ်၊ မယုံကြည်နိုင်စိတ်တွေက ကျွန်ုပ်တစ်ကိုယ်လုံးကို တစ်စတစ် ဖုံးလွှမ်းနေတော့သည်။

"ဝမ်းနည်းလိုက်တာ မောင်တော်ရယ်၊ အတိတ်ကာလ ဖြစ်ရပ် သမျှတွေကို မောင်တော့်ရဲ့ မှတ်ဉာဏ်မှာ နည်းနည်းလေးမှ မရှိတော့ဘူး နန္ဒသုန္ဒရီ သိပ်ကိုဝမ်းနည်းမိတာပဲ မောင်တော်၊ ဘဝတွေ တစ်ခြား ခြားခဲ့တဲ့ အခြေအနေကြောင့် မောင်တော် အခုလို နန္ဒသုန္ဒရီကို မသိ တော့ဘူးဆိုတာ နားလည်လိုက်ပါပြီ၊ ဒါပေမဲ့ နန္ဒသုန္ဒရီ သိစေ တယ်ဆိုရင် ခေတ္တခဏလောက် နန္ဒသုန္ဒရီနဲ့ လိုက်ခဲ့ပေါ့လို့ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com


ရပ်ခံပါတယ် မောင်တော်''

ပြောပြီး မင်းသမီးက ရှိုက်ကြီးတငင်နှင့် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးတော့၏။

ကျွန်ုပ်သည် မည်သို့လုပ်ရမှန်းမသိဘဲရှိနေချိန်မှာ အသိတစ်ခု ၏ ခေါင်းထဲသို့ ရုတ်တရက် စင်ရောက်လာသဖြင့် လွန်စွာမှဝမ်းနည်း ကြေကွဲနေသော မင်းသမီးအတွက် နှစ်သိမ့်ရန်စကားကို ရှာဖွေလိုက်ရ သည်။

"နန္ဒသုန္ဒရီ''

ကျွန်ုပ်၏မဝံ့မရဲ ခေါ်လိုက်သံကြောင့် မင်းသမီးသည် ရှိုက်ကြီး တငင်ငိုကြွေးနေရာမှ ကျွန်ုပ်အား ဝမ်းသာစွာလှည့်ကြည့်လာသည်။

"ဟို ဟို ကျွန်တော် အဲ မောင်တော် နန္ဒသုန္ဒရီနဲ့ လိုက်ခဲ့ပါ့မယ်''

"ဝမ်းသာလိုက်တာ မောင်တော်ရယ်''

မင်းသမီးသည် ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်အား ပန်းမှသိုင်းဖက် လိုက်၏။ ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံး ကျဉ်စက်နှင့် တို့ခံလိုက်ရသလိုဖြစ် သွားကာ မည်သို့လုပ်ရမှန်းမသိဘဲ ကျောက်ဆစ်ရုပ်ကဲ့သို့ တောင့်တောင့် ကြီးဖြစ်သွားတော့သည်။

နဂိုကတည်းက ကျွန်ုပ်သည် လူတစ်ဖက်သား စိတ်ထိခိုက် ခုက္ခရောက်ရခြင်းများကို မြင်ရက်လိုသူမဟုတ်။ အမြဲတမ်းကူညီပေး လိုသော ခေါင်းထဲရှိခဲ့သူဖြစ်သည်။

ယခုလည်း ကျွန်ုပ်သည် မင်းသမီးပြောသည့် အတိတ်က ဖြစ်ရပ်များကို မှတ်မိသွား၍မဟုတ်၊ ကျွန်ုပ်ရှေ့မှောက်၌ မင်းသမီးကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com


နေခြင်းကို မကြည့်ရက်၍ နှစ်သိမ့်အားပေးလိုက်ခြင်းသာ။

သို့သော် မင်းသမီးသည် ကျွန်ုပ်အား သူမ ပြောသည့် အတိတ်ဆိုသည်များကို မှတ်မိသွားပြီဟု တစ်ထစ်ချ ယုံကြည်သွားလျှင် တော့ ရှေ့ဆက်ရန် ကျွန်ုပ်အတွက် ခက်ရချေတော့မည်။

ကျွန်ုပ် မင်းသမီးအား မည်သို့နားလည်အောင် ရှင်းပြရလေ မည်နည်း။ ကျွန်ုပ်တွေးရင်းမှပင် လွန်စွာမှ စိတ်မကောင်းဖြစ်ကာ အခက် ကြုံရလေပြီ။

"ဒါဆိုရင် သွားကြစို့မောင်တော်၊ အချိန်သိပ်မရှိတော့ဘူး"

မင်းသမီးသည် ကျွန်ုပ်အား သိုင်းဖက်ထားရာမှလွှတ်ကာ မျက်ရည်များကိုလွှတ်ကာ မျက်ရည်များကိုသုတ်သည်။ ပြီးတော့ ကျွန်ုပ်အား အကဲခတ်သလိုကြည့်လိုက်ရင်း

"အို မောင်တော် မျက်နှာလည်း မကောင်းပါလား။ ဘာကြောင့်လဲ မောင်တော် နန္ဒသုန္ဒရီကို ပြောပါဦး။ ဘာလဲ နန္ဒ သုန္ဒရီကြောင့် စိတ်ညစ်သွားတာလာဟင်၊ ပြောပါဦး မောင်တော်"

မင်းသမီးက ကျွန်ုပ် မျက်နှာအား သူမဘက်သို့လှည့်စေပြီး အဆက်မပြတ်မေးနေတော့သည်။ ကျွန်ုပ် မည်သို့ပြောရမည်နည်း။ အဖြစ် အမှန်အတိုင်း ဖွင့်ပြောလိုက်ရလေမလား။ ကျွန်ုပ် ခက်ခဲစွာဖြင့် သက်ပြင်း ချလိုက်မိတော့သည်။

"ပြောပါဦး မောင်တော်ရဲ့၊ နန္ဒသုန္ဒရီကြောင့် မောင်တော် စိတ်ညစ်သွားတာလားလို့"

ကျွန်ုပ် မင်းသမီးကို စိတ်မကောင်းစွာကြည့်လိုက်ရင်း

"မ မဟုတ်ပါဘူး နန္ဒသုန္ဒရီ၊ မောင် မောင်တော်

www.burmeseclassic.com



ကိုယ်မောင်တော် အပြစ်တင်ပြီး စိတ်မကောင်း ဖြစ်နေတာပါ''

ထိုကဲ့သို့ ကျွန်ုပ်နှုတ်မှ အလွယ်တကူထွက်သွားနိုင်ခြင်းအတွက် ကျွန်ုပ်ကိုယ်ကျွန်ုပ်လည်း လွန်စွာမှအံ့ဩသွားရသည်။ ကျွန်ုပ်သည် မင်းသမီးအား မကြည့်ရဲ၍ ဟန်ဆောင်နေပြရခြင်းကြောင့်ပင်ဖြစ်သည်။

''ဟင်း ဘာဖြစ်လို့ ဒီလိုအပြစ်တင်ရတာလဲ မောင်တော်ရယ်''

ဒီတော့မှ ကျွန်ုပ် အဖြေရပိုကျပ်သွားတော့သည်။ သို့သော်လည်း ကျွန်ုပ် စကားစကို အပြေးအလွှား စဉ်းစားပြီးဖြေလိုက်သည်။

''ဒီလိုပါ နန္ဒသုန္ဒရီ၊ မောင်တော်နဲ့ နန္ဒသုန္ဒရီဘဝချင်း အခုလို ခြားနေကြလို့ပါ''

ကျွန်ုပ်၏ အဖြေက အင်မတန်မှ ချောမွေ့သွားလိမ့်မည်ထင်၏။

''ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့တော့ မောင်တော်ရယ်၊ အခု မောင်တော်နဲ့ နန္ဒသုန္ဒရီတို့ ပြန်ဆုံကြပြီပဲ မဟုတ်လား၊ ဒါပေမဲ့ အရင်လို တစ်ယောက်နဲ့တစ်ယောက် ဘဝချင်းတူပြီး ပေါင်းစပ်နိုင်ဖို့ အတွက်က မောင်တော်ကူညီမှပဲ ဖြစ်လိမ့်မယ်''

မင်းသမီး၏စကားကြောင့် ကျွန်ုပ် ဟန်ဆောင်ထိန်းနေရာမှ အနည်းငယ် ထိတ်လန့်သွားမိ၏။ သေချာပါပြီ။ မင်းသမီးသည် ကျွန်ုပ် အား သူမနှင့်ဟိုးတစ်ချိန်က ချစ်သူဖြစ်ခဲ့ဖူးသည်များကို ပြန်သတိရသွား ပြီး အထင်နှင့် ယုံကြည်သွားပုံ။ ဒီသို့ဆိုလျှင် ကျွန်ုပ်အတွက် ရှေ့ဆက်ဖို့ အကြီးအကျယ်ကို ချောင်ပိတ်ခံရပေတော့မည်။

''မောင် မောင်တော်က ဘယ်လို ကူညီရမှာလဲ နန္ဒသုန္ဒရီ''

ကျွန်ုပ်၏ ထစ်ထစ်ငေါ့ငေါ့အမေးကို မင်းသမီးက ဖြေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း...

"မောင်တော် နန္ဒသုန္ဒရီနဲ့ ခေတ္တလိုက်ခဲ့ပါ၊ ဟိုရောက်ရင် ဘာတွေ လုပ်ရမယ်ဆိုတာ နန္ဒသုန္ဒရီ ပြောပါ့မယ် မောင်တော်"

ထို့နောက် ကျွန်ုပ်သည် မင်းသမီး ခေါ်ဆောင်ရာနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားရင်း တောင်ခြေတစ်ခုအနီးသို့ ရောက်ရှိလာခဲ့၏။

တောင်ခြေသို့ ရောက်လေလျှင် မင်းသမီးသည် ကျွန်ုပ်ဘက်သို့ ပြုံးရွှင်စွာလှည့်လိုက်ကာ

"ဟိုရှေ့က ရေတံခွန်ကို ကျော်ပြီး တစ်ဖက်က တောင်ကုန်းလေးထိပ်ပေါ် တက်ပြီးရင် ရောက်ပြီ မောင်တော်"

ကျွန်ုပ် မင်းသမီးနောက်ပါးမှ တစ်လျှောက်လုံး လိုက်ခဲ့ရသော နေရာများသည် ကျွန်ုပ်တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူး မတွေ့ဖူးသော လွင်ပြင်များ၊ ပန်းခင်းများ၊ တောင်ကုန်းများ၊ စမ်းချောင်းများတို့ဖြစ်နေကြ၏။

ထူးဆန်းသော ကမ္ဘာငယ်လေးတစ်ခုထဲသို့ ရောက်ရှိနေသလို ခံစားရသည်။ ရင်ထဲမှာလည်း တစ်စုံတစ်ရာ ထူးခြားပြီး ပေါ့ပါး လန်းဆန်းနေသည်။

သို့ဖြင့် ကျွန်ုပ်နှင့် မင်းသမီး ရေတံခွန်ကိုကျော်လွန် လွတ်မြောက်သွားပြီး တောင်ကုန်းလေးအထက်သို့ ကျောက်လှေကား အတိုင်း တရွေ့ရွေ့တက်ရောက်လာခဲ့၏။

ထိုအချိန်မှာပင် လေတဟူးဟူးတိုက်ခတ်ကာ ညဘက်ချမ်းအေးလှသည်လည်း ညဘက်ကဲ့သို့ မထင်ရလောက်အောင် လင်းထိန်နေတော့၏



www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။

ထိုစဉ်မှာ ကျွန်ုပ်၏ အကြည့်တစ်ခုသည် တောင်ကုန်းထိပ် လွင်ပြင်အစပ်ရှိ ကျောက်လိုဏ်ဂူဘေးမှ ရှည်မျှောမျှော အရာဝတ္ထုတစ်ခု ဆီသို့ ရောက်သွားကာ လွန်စွာမှ အံ့ဩမှင်သက်သွားရပြန်၏။

"လာ မောင်တော်၊ ဒီနေရာဟာ တစ်ချိန်က မောင်တော်နဲ့ နန္ဒသုန္ဒရီတို့ သစ္စာဆိုခဲ့ကြတဲ့နေရာပဲ"

မင်းသမီး၏စကားကြောင့် ကျွန်ုပ်အတွက် မထိတ်လန့်သော် လည်း ကြက်သီးထဖြန်းဖြန်းတော့ ထသွားသည်။

ခုနက ရှည်မျှောမျှောအရာဝတ္ထုဆီသို့ ရောက်ရှိသွားသည့်အခါ မှပင် စနစ်တကျ သေသပ်စွာပြုလုပ်ထားသော ကျောက်အခေါင်းကြီး တစ်ခုဖြစ်နေမှန်း သေချာစွာသိလိုက်ရသလို ပို၍ ကျွန်ုပ်အတွက် ထူးဆန်း အံ့ဩစရာကောင်းလောက်အောင် မြင်တွေ့ရသောအချက်မှာ ကျောက် အခေါင်းသည် ပိတ်ချက်မဟုတ်ဘဲ အဖုံးအား အခေါင်းနှုတ်ခမ်း တစ်ဖက်ပေါ် တင်ထောင်ကာ လှပ်ထားခြင်းကြောင့်ဖြစ်၏။

ထို့အတူ ထိုကျောက်အခေါင်း၏ခြေရင်းတွင် တစ်တောင်ကျော် ကျော်ခန့် ဝါးပင်လေးတစ်ပင်ကိုလည်း အံ့ဩစွာ တွေ့ရှိရပြန်သည်။ ထိုဝါးပင်လေးသည် အမင်သေးသလောက် အရွက်များမှာ အပင်နှင့် မလိုက်အောင် အုံခဲပြွတ်သိပ်ကာ စိမ်းစိုနေကြခြင်းကြောင့်ဖြစ်၏။

"ဘယ်လိုလဲမောင်တော်၊ ဒါတွေကိုကြည့်ပြီး မောင်တော် အံ့ဩနေတာလား၊ ဒီကျောက်ခေါင်းကြီးဟာ တစ်ချိန် နန္ဒသုန္ဒရီသေဆုံး ကျတဲ့အခါ ထည့်ဖို့လုပ်ထားတာလေ"

"အလို မြတ်စွာဘုရား"

www.burmeseclassic.com



ကျွန်ုပ်၏ ထိတ်လန့်ရေရွတ်သံကား လည်မျိုဝမှာပင် ပျောက်ဆုံးသွားကြ၏။ ကျွန်ုပ် တအံ့တသြရှိနေခြင်းကို မင်းသမီးက

"ဒီကျောက်အခေါင်းကြီးဟာ မောင်တော်မရှိတော့တဲ့ နောက်ပိုင်းမှ ရှိလာတာဆိုတော့ မောင်တော် အံ့သြနေမှာ အမှန်ပဲ၊ အဲဒီကျောက်အခေါင်းဘေးက ဖါးပင်ကလေးကတော့ နန္ဒသုန္ဒရီရဲ့ သစ္စာတရားနဲ့ စိုက်ပျိုးစီရင်ခဲ့တာပါ"

ကျွန်ုပ်အတွက် ကြားနေရသော စကားတွေနှင့် ကြုံတွေ့ရသော အဖြစ်အပျက်တွေက လောကမှာ တကယ်မှ ရှိလေမလားဟု တောင် သံသယဝင်နေမိ၏။

"မောင်တော် မှတ်မိဦးမှာပေါ့၊ တစ်ချိန်က ဒီတောင်ကုန်းရဲ့ အောက်မှာ အင်မတန်မှ စည်ကားတဲ့ ရွှေမြို့တော်ကြီး တစ်ခုရှိတယ်လေ၊ အရင်က ဒီတောင်ကုန်းကလေးပေါ် နန္ဒသုန္ဒရီ အမြဲလာလေ့ရှိတယ်၊ မောင်တော်နဲ့ သုန္ဒရီတို့ စတင်ဆုံစည်းပြီး ချစ်သူဖြစ်ခဲ့ကြတာလည်း ဒီတောင်ကုန်းကလေးပေါ်မှာပါ"

"အဲဒီတုန်းက မောင်တော်ဟာ ဒီရွှေမြို့တော်ကြီးနဲ့ မနီးမဝေး ရွာကလေးတစ်ရွာက စောင်းလုလင်ငယ်လေးတစ်ဦး၊ ဒီတောင်ကုန်းပေါ်မှာ အမြဲတမ်းလာပြီး စောင်းတီး သီချင်းဆိုလေ့ရှိရှိတယ်၊ အဲဒီမှာ မောင်တော်နဲ့ နန္ဒသုန္ဒရီတို့ ဆုံစည်းပြီး ချစ်သူတွေဖြစ်ခဲ့ကြတာလေ၊ အဲဒီနေ့ကလေးကို မောင်တော်မှတ်မိမှာပါ၊ တစ်ယောက်နဲ့ တစ်ယောက် မခွဲမခွာဖို့ သစ္စာတွေပြုခဲ့ကြတယ်"

ပြောနေရင်း မင်းသမီးအသံတွေက ဝမ်းနည်းကြေကွဲသံတွေ စွက်လာကြ၏။ မျက်ရည်များကလည်း ပါးပြင်ပေါ် စီးကျလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် မကြည့်ရက်တော့တဲ့ အကြည့်လွှဲလိုက်မိ၏။

မင်းသမီးအတွက် စိတ်မကောင်းစရာအဖြစ်အပျက်တွေ မှန်သော်လည်း စိတ်ဝင်စားစရာတော့ လွန်စွာမှ ကောင်းလွန်းနေ၏။

"ဒါပေမဲ့ မောင်တော်နဲ့ သုန္ဒရီ ချစ်သူတွေဖြစ်နေကြောင်း နန္ဒသုန္ဒရီရဲ့ ခမည်းတော်တို့ သိသွားကြတော့ မောင်တော်နဲ့ လုံးဝ သဘောမတူဘူး၊ အမျိုးမျိုးခွဲကြတယ်၊ ဒါပေမဲ့ မောင်တော်နဲ့ သုန္ဒရီ တို့ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတဲ့ ချစ်သူတွေဆိုတော့ ဘယ်လိုမှ ခွဲလို့မရခဲ့ကြဘူး၊ ဟော်ဒီ ရွှေမြို့တော်ကြီးတစ်ခုလုံးမှာလည်း မောင်တော်နဲ့ နန္ဒသုန္ဒရီ တို့ရဲ့ ချစ်သူနှစ်ဦးအကြောင်းဟာ အုံးအုံး ကျွက်ကျွက်နဲ့ ပျံ့နှံ့ပြီး လူအားလုံးက သိပ်သနားခဲ့ကြတယ်၊ အချစ်ကို တန်ဖိုးထားတဲ့ ချစ်သူနှစ်ဦးအဖြစ် စံပြ မှတ်တမ်းတင်ခဲ့ကြတယ်"

"အဲဒီတုန်းက မောင်တော်ဟာ စောင်းလုလင် အနုပညာသမား တစ်ယောက်ဖြစ်ပေမယ့် သိပ်ကို ယောက်ျားပီသခဲ့တာ၊ နောက်ဆုံးတော့ မောင်တော့်ကို ရဲမက်တွေနဲ့ ဖမ်းဆီးပြီး အကျဉ်းစံဘဝနဲ့ ထားခဲ့တယ်၊ အဲဒီမှာ နန္ဒသုန္ဒရီဟာ မောင်တော့်အတွက် ခမည်းတော်ထံမှာ ရင် နာနာ ကတိပေးပြီး မောင်တော့်ကို လွှတ်ပေးဖို့ မောင်တော်နဲ့ ဘယ် တော့မှ အဆက်အသွယ် မပြုပါဘူးဆိုတဲ့ ကတိပေါ့"

မင်းသမီးအသံက ပိုရှိုက် တုန်ယင်အက်ကွဲလာ၏။ ကျွန်ုပ် နားထောင်နေရင်းမှပင် ရင်ထဲမှ ဆို့နင့်ကာ မျက်ရည်များ ဝဲလာတော့ သည်။

အဲဒီကတည်းက မောင်တော်ဟာ နယ်နှင်ဒဏ် ပေးခံရပြီး သတင်းအစအနကို လုံးဝ မရတော့ဘူး၊ ဒါပေမဲ့ နန္ဒသုန္ဒရီဟာ မောင်တော့်



www.burmeseclassic.com

www.burmeseclassic.com



သတင်းကို စုံစမ်းဖို့ မောင်တော်နဲ့ ဘယ်လိုမှ မခွဲနိုင်လို့ နန်းတော်ထဲက နိုးအထွက်မှာ ဖခမည်းတော်တို့ သိသွားပြီး နန္ဒသုန္ဒရီကို သေဒဏ်ပေးပြီး ကွပ်မျက်ခဲ့ကြတယ်''

''နန္ဒသုန္ဒရီအတွက် ကံကောင်းချင်တော့ အမတ်ကြီးတစ်ပါးက ဖခမည်းတော်ထံမှာ ဓားသနားခံဝင်ပြီး လျှောက်ထားပေးခဲ့တယ်။ အဲဒီမှာ ဖခမည်းတော်ဟာ နန္ဒသုန္ဒရီကို သေဒဏ် ချက်ချင်းမပေးဘဲ အခွင့်အရေးတစ်ခု တောင်းဆိုဖို့ ပေးခဲ့ပြန်တယ်''

''ဒါနဲ့ နန္ဒသုန္ဒရီဟာ မောင်တော် တစ်နေ့ပြန်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ တစ်နေ့ ဒီစေအင်ကုန်းလေးမှာပဲ ပြန်ဆုံစည်းရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ နန္ဒသုန္ဒရီအတွက် သေမိန့်ကျလို့ အရှင်လတ်လတ် ထည့်ပြီး ပိတ်လှောင်မယ့် ပဟာဒီကျောက်အခေါင်းဘေးမှာ ဝါးပင်လေးတစ်ပင်စိုက်ပြီး သစ္စာပြုခဲ့တယ်၊ မောင်တော်နဲ့ ပြန်လည် မှဆုံစည်းရမချင်း ပဟာဒီ ဝါးပင်လေးဟာ မကြီးထွားပါစေနဲ့လို့''

''အဲဒီလို သစ္စာပြုပြီးတော့ ဖခမည်းတော်ပေးတဲ့ နောက်ဆုံးအခွင့်အရေးကို တောင်းဆိုခဲ့တယ်၊ ဝါးပင်က နှိုးဖြာပြီး ကျောက်အခေါင်းကို ချည်လို့ရတဲ့ တစ်နေ့မှာ နန္ဒသုန္ဒရီကို သေမိန့်ပေးပါလို့လေ၊ ဒီလိုနဲ့ နန္ဒသုန္ဒရီရဲ့ မောင်တော့်အပေါ် ထားတဲ့ ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားတာကြီးမားတော့ ဘဝတွေ ကာလတွေ ကြာမြင့်နေတဲ့အချိန်အထိ ဝါးပင်လေးဟာ ဒီအနေက ဒီအနေပဲ ရှိခဲ့တယ်''

''အခုတော့ မောင်တော်နဲ့ ပြန်လည် ဆုံစည်းပြီဆိုတော့ နန္ဒသုန္ဒရီရဲ့ ဆန္ဒတွေ ပြည့်ဝသွားပါပြီ၊ ဒါပေမဲ့ ဘဝခြင်း မတူဘဲ ပြန်

www.burmeseclassic.com



လည်ဆုံစည်းရတဲ့အတွက် ဘဝပေါင်းများစွာ နှစ်ပေါင်းများစွာက နန္ဒသုန္ဒရီရဲ့ သစ္စာနိုင်မာမှုတွေကို လွယ်လွယ်နဲ့ ကျော်လွှားလို့ မရနိုင်ပါဘူး''

''ဒါကြောင့် မောင်တော်နဲ့ ဘဝချင်းတူ ပြန်လည်ဆုံစည်းနိုင်အောင် ဝါးပင်လေးအမြန်ဆုံး ကြီးထွားသွားအောင် မောင်တော်ကိုယ်တိုင် ကူညီပေးမှ ဖြစ်မှာလို့ပြောပြီး မောင်တော့်ကို ဒီအထိခေါ်လာခဲ့တာ''

မင်းသမီး၏စကားအဆုံးမှာ ကျွန်ုပ် အစအဆုံး နားလည်သဘောပေါက်သွားပြီး ကျွန်ုပ်သည် တစ်ချိန်က သူမ၏ချစ်သူဖြစ်ခဲ့ဖူးသောအတိတ်ကို လုံးဝ မမှတ်မိသေးကြောင်း မည်သို့မျှ မပြောရက်တော့ပေ။

လွန်စွာမှ သနားစရာ၊ ရင်နင့်ကြေကွဲစရာ အဖြစ်အပျက်တွေကို ကြုံတွေ့ခဲ့ရသော မင်းသမီးပြောပြနေစဉ်အတွင်း ကျွန်ုပ်သည် မည်သို့မှန်း မသိအောင် ရင်တွင်းအထိ ကူးစက်ထိခိုက်မိခဲ့၏။ မျက်ရည်တို့ပင် ကျခဲ့ရ၏။

ထို့ကြောင့် ကျွန်ုပ်သည် စိတ်ဒုန်းဒုန်းချ ဆုံးဖြတ်ထားပြီးဖြစ်သောကြောင့် .

''ဝမ်းမနည်းပါနဲ့တော့ နန္ဒသုန္ဒရီရယ် . မောင်တော်တို့ အမြန်ဆုံးပြန်လည် ဆုံစည်းကြရဖို့အတွက် မောင်တော် အစွမ်းကုန်ဆောင်ရွက်မယ်၊ ဘယ်လို ကူညီဆောင်ရွက်ရမယ်ဆိုတာ မောင်တော့်ကို ပြောပါ''

ကျွန်ုပ်၏စကားအဆုံးမှာ မင်းသမီးသည် လွန်စွာမှ ရွှင်ပျဝမ်းသာသွားပြီး ကျောက်လိုဏ်ဂူအတွင်းသို့ ခေတ္တ ဝင်ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာသည့်အခါ မင်းသမီးလက်ထဲတွင် လွန်စွာမှ ရွှေးကြိုင်ပြီး လက်ရာမြောက်လှသော မင်းသမီးနှင့် ချစ်စွတ်တူ ပုံတူရုပ်လေးကို အံ့ဩစွာ တွေ့ရလေ၏။

"ဒီအရုပ်လေးဟာ နံ့သာဆယ်ပါးနဲ့ ထုလုပ်ထားတဲ့ နန္ဒသုန္ဒရီရဲ့ ပုံတူရုပ်လေးပါ မောင်တော်၊ အဲဒီရုပ်ပုံလေးကို တွဲ့တောမြို့နယ် အတွင်းက ဆံတော်ရှင် ဆုတောင်းပြည့် ဓနုဖ်စေတီတော်မြတ်ကြီးရဲ့ စနေထောင့်မှာ စနေနေ့ မနက် ၁၀ နာရီတိတိ ဝင်္ကသုတ်ရွတ်ပြီး နန္ဒသုန္ဒရီအတွက် လှူဒါန်းပေးဖို့ပါပဲ မောင်တော်"

ကျွန်ုပ်သည် နန္ဒသုန္ဒရီ၏ မေတ္တာကြီးမားမှုနှင့် သစ္စာတရားတို့ကို လွန်စွာမှ အံ့ဩမိသလို စိတ်မကောင်းခြင်းများစွာလည်း ဖြစ်ရသည်။

သို့သော် နန္ဒသုန္ဒရီနှင့် ကျွန်ုပ် ဘဝတစ်ခုမှာ အမှန်တကယ် ချစ်သူဖြစ်ခဲ့ဖူးပါ၏လော။ ထိုဘဝသည် မည်သည့်အချိန်၊ မည်သည့်ကာလချိုးဖြစ်နိုင်မည်နည်း။ ယခု နန္ဒသုန္ဒရီသည် လူလော၊ နတ်လော၊ ဘုမ္မိရအနွယ်ဝင်လားဆိုသည်ကိုလည်း ကျွန်ုပ် ကောင်းစွာ ခွဲခြားမရနိုင်ပါလေ။

သို့တိုင် နန္ဒသုန္ဒရီသည် ကျွန်ုပ်အား သူမ၏ချစ်သူ စောင်းလုလင်ဖြစ်ကြောင်း တပ်အပ်သေချာ ပြောနေခြင်းကား စဉ်းစားအံ့ဩစရာတော့ကောင်း၏။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်သည် နန္ဒသုန္ဒရီနှင့် တစ်ချိန်က ချစ်သူဖြစ်ခဲ့ဖူးသည်ဖြစ်စေ၊ မဖြစ်ခဲ့ဖူးသည်ဖြစ်စေ ကျွန်ုပ် သူမ၏ဆန္ဒအတိုင်းတော့ မြန်စွာ ဆောင်ရွက်ပေးရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ နန္ဒသုန္ဒရီ၊ မောင်တော်တို့နှစ်ယောက် အမြန်ဆုံး ဆုံစည်းဖို့အတွက် ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်"

ကျွန်ုပ်၏စကားအဆုံး၌ မင်းသမီးသည် ဝမ်းသာစွာမျက်ရည်များ ကျလာရင်း ကျွန်ုပ်၏ ရင်ခွင်ထဲသို့ မျက်နှာအပ်လိုက်သေ၏။

"နန္ဒသုန္ဒရီ ကျေနပ်ဝမ်းသာပါပြီ မောင်တော်ရယ်၊ ဘဝတွေ တစ်ခုမှာ မောင်တော်နဲ့ အမြန်ဆုံး ပြန်ဆုံစည်းဖို့အတွက် နန္ဒသုန္ဒရီ အမြဲ စောင့်မျှော်နေမှာပါ မောင်တော်"

ကျွန်ုပ်သည် ပထမအကြိမ်ကကဲ့သို့ စိတ်လှုပ်ရှားမှုများ မဖြစ် တော့၊ လတ်တလော မင်းသမီးရင်ထဲမှ တောက်လောင်နေသော ပရိဒေဝ ဒေါသကမီးများ တဒင်္ဂ ပြေပျောက်မှုပေးနိုင်မည် ဆိုလျှင်ပဲ ကျေနပ် ဝမ်းမြောက်ရလေ၏။

"ဘူ.ပူ.ဖူ.ဘော်"

ရုတ်တရက် အဝေးဆီမှ ထွက်ပေါ်လာသော ထူးဆန်းသည့် အသံများကြောင့် မင်းသမီးသည် ကျွန်ုပ်ရင်ခွင်ထဲမှ အသာခွာလိုက်ရင်း ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

"ဟော မောင်တော်၊ အဲဒီအသံဟာ နန္ဒသုန္ဒရီကို မတွေ့လို့ ခရုသင်းမှုတ် အချက်ပေးပြီး ခေါ်နေတဲ့ အသံပဲ မောင်တော်၊ နန္ဒသုန္ဒရီ အမြန်သွားမှ ဖြစ်လိမ့်မယ်၊ နှုတ်ဆက်ပါတယ် မောင်တော်၊ အမြန်ဆုံး ဆုံစည်းနိုင်ဖို့ နန္ဒသုန္ဒရီ စောင့်မျှော်နေပါရစေ မောင်တော်ရယ်၊ မောင် တော့်ကို ပြန်လိုက်မပို့နိုင်တော့တဲ့အတွက် နန္ဒသုန္ဒရီကို ခွင့်လွှတ်ပါ"

ပြောပြီး မင်းသမီးသည် ကျွန်ုပ်၏ ရင်ခွင်ထဲသို့ ခေတ္တမှီရောက် ကာ သူမ၏ ပုံတူရုပ်ကလေးကို ပေးအပ်လေ၏။ ထို့နောက် မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်ုပ်အား ချစ်ရည်လည်ရွှန်းသော အကြည့်များဖြင့် ကြည့်ကာ မျက်ရည်များ အဆက်မပြတ် စီးကျလာလေသည်။

နောက်ဆုံး ကျွန်ုပ်အား လက်ပြနှုတ်ဆက်ရင်းဖြင့် တဖြည်းဖြည်း ဝေး၍ဝေး၍ ပျောက်ကွယ်သွားလေတော့၏။

ထိုအချိန်မှပင် ကျွန်ုပ်သည် ပါးပြင်ပေါ်မှ ပူနွေးနွေး အထိအတွေ့တစ်ခုနှင့်အတူ ခန္ဓာကိုယ်အနှံ့ ရှိသမျှ အင်အားတို့အား စုစည်းလိုက်ရင်း

"နန္ဒသုန္ဒရီ . နန္ဒသုန္ဒရီ . . ."

"ကိုဟိတ်ကျားဖော် . ကိုဟိတ်ကျားဖော်"

မိတ်ဆွေကြီး ကိုမြင့်စိုးက ကျွန်ုပ်အား ခေါ်ပြီးလှုပ်နှိုးလိုက်သဖြင့် ကျွန်ုပ် အိပ်ရာမှ လန့်နိုးသွားရ၏။

"ခင်ဗျား ကယောင်ကတမ်းနဲ့ အိပ်မက်တွေမက်ပြီး နာမည်တစ်ခုကို ခေါ်လိုက်သလိုပဲ"

မိတ်ဆွေကြီး ကိုမြင့်စိုးက မေးလာသည်။ ကျွန်ုပ် အိပ်မက်ထဲမှ ကြုံးအော်လိုက်သည့်အသံက မည်မျှ ကျယ်လောင်သွားသည်လည်း မသိ။ ယခုတိုင် ကျွန်ုပ်၏ လည်မျိုတစ်လျှောက်လုံး ထုံအစ်အစ် ဖြစ်နေဆဲရှိသည်။

"အေးဗျာ . ကျွန်တော် တစ်ညလုံး ဒီအပြင်မှာအိပ်ပြီး အိပ်မက်တွေ မက်ရင်း နာမည်တစ်ခုကို ခေါ်မိလိုက်တာ မှန်ပဲဗျ သူ့နာမည်က နန္ဒသုန္ဒရီ တဲ့ဗျာ"

www.burmeseclassic.com



"တင် ..."

ကျွန်ုပ်စကားကြောင့် မိတ်ဆွေ ကိုမြင့်စိုးသည် အလွန်အံ့ဩသွားပုံရသလို ကျွန်ုပ်ကိုလည်း အထူးအဆန်းသဖွယ် ကြည့်နေလေ၏။ ပြီးမှ ...

"တုတ်တယ်ဗျ၊ သူကာ ဒီနယ်က မင်းသမီးတစ်ပါးပဲ" ဟု ဆိုသောအခါ ထို့နောက် ကျွန်ုပ်သည် အိပ်မက်ထဲမှာ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို အစအဆုံး ရှင်းပြလိုက်လေရာ ...

ကျွန်ုပ်စကားအဆုံးတွင် မိတ်ဆွေကြီး ကိုမြင့်စိုးသည် လွန်စွာမှ အံ့ဩနေသော အမူအရာဖြင့် ...

"တိုက်ပဲ တိုက်ဆိုင်လွန်းလှချည်လား ကိုဟိုဏ်းဇော်ရယ်၊ ခင်ဗျားအိပ်မက်ထဲက အဖြစ်အပျက်အားလုံးဟာ ဒီနယ်မှာ တကယ်ရှိခဲ့တဲ့ အဖြစ်အပျက်ပဲဗျ၊ နန္ဒသူန္ဒရီဆိုတဲ့ မင်းသမီးလေးဟာ ဒီရွာရဲ့ အရှေ့ဘက် တောင်ခြေမှာ ရှိတဲ့ ကျောက်အခေါင်းတစ်ခုနဲ့ ဝါးပင်လေးကို အစွဲပြုပြီး ကျောက်မင်းသမီးရယ်လို့ပဲ ခေါ်ခဲ့ကြတယ်၊ ခင်ဗျား ဒီလိုအိပ်မက်မျိုးကို ထူးထူးဆန်းဆန်း မက်တယ်ဆိုတာဟာ အိပ်မက်ထဲမှာ မင်းသမီး ပြောသွားသလို ခင်ဗျားနဲ့ သူဟာ တကယ်ပဲ ချစ်သူတွေ ဖြစ်ခဲ့မလား၊ အိပ်မက်ဆိုပေမယ့် ... အခု ကိုဟိုဏ်းဇော် ပြောခဲ့တာတွေအားလုံး အပြင်မှာ တကယ်ရှိခဲ့တာဆိုတော့ တစ်ထပ်တည်း၊ တစ်ပုံစံတည်းကျပြီး ထူးဆန်း အံ့ဩစရာကောင်းနေတာတော့ အမှန်ပဲဗျ"

မိတ်ဆွေကြီး ကိုမြင့်စိုးစကားအဆုံးတွင် ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိ၏။ ထို့ကြောင့် ကျွန်ုပ်သည် ...

"ကျွန်တော် အဲဒီအရာတွေ ရှိတဲ့နေရာကို သွားချင်တယ်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကြီး လိုက်ပို့လို့ဖြစ်မလား''

ဟု ပြောလိုက်သည့်အခါတွင် မိတ်ဆွေကြီး ကိုမြင့်စိုးသည် တက်တက်ကြွကြွဖြင့်ပင် ဆိုလာလေ၏။

''ကောင်းပြီလေ ဒီနေ့ပဲ ကျွန်တော်လိုက်ပို့ပါ့မယ်''

ထို့နောက် ကျွန်ုပ်နှင့် မိတ်ဆွေကြီး ကိုမြင့်စိုးသည် နံနက်စာ စားပြီးချိန်၌ ဇာတိနေရာသို့ သွားရောက်ခဲ့ကြ၏။

ရောက်သွားသည့်အခါ

ကျွန်ုပ်အိပ်မက်ထဲမှာ မြင်တွေ့ခဲ့ရသည့်အတိုင်း ကြီးမား ရှည်လျားလှသော ကျောက်အခေါင်းကြီးတစ်ခုနှင့်အတူ တစ်တောင် ကျော်ကျော်ခန့်ရှိ ဝါးပင်လေးကိုပါ မြင်တွေ့လိုက်ရ၏။

ပို၍ ထူးခြားအံ့ဩစရာကောင်းသည်က ထိုကျောက်အခေါင်း အနီးရှိ ကျောက်လိုဏ်ဂူအတွင်းမှ နံ့သာဆယ်ပါးဖြင့် ပြုလုပ်ထားသော မင်းသမီးရုပ်တုအား ရရှိခဲ့သဖြင့် ကျွန်ုပ်ပြန်ရာ ရန်ကုန်မြေသို့ တစ်ပါတည်း ယူဆောင်လာပြီးနောက် မင်းသမီး ဆန္ဒအတိုင်း တွံတေး မြို့နယ်အတွင်းရှိ ဆံတော်ရှင် ဆုတောင်းပြည့် ခနုတ်စေတီတော်မြတ် ကြီး၌ သွားရောက်လှူဒါန်းပေးလိုက်လေတော့သည်။

ဩဂုတ်လ သမဂ္ဂဇင်း၊ ဇန်နဝါရီ ၂၀၀၇



www.burmeseclassic.com

www.burmeseclassic.com

# ယောက္ခမပြစ်မှား

# ခွေးဖြစ်သွားသူ



www.burmeseclassic.com

www.burmeseclassic.com

(၃)

သူတော်ကောင်း ယောက္ခမ (အခဲမ)ကို
မြင်မှားမိ၍ လောလောလတ်လတ်
စွဲမြင်သွားသော . . .
မြစ်ဝကျွန်းပေါ် ရွာလေးမှ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



"သမီး ‸သမီး ရှိမေ ‸အမေ့ ဗိုက်ဆာလွန်းလို့ မုန့်ဟင်းခါးလေး နည်းနည်းလောက် အမေ့ကို ဝယ်ကျွေးပါလားကွယ်၊ အမေ တောင်းပန်ပါတယ်"

အသက်(၇၀)ကျော် မျက်မမြင်အဘွားအို ဒေါ်မိုက ချွေးမ ဖြစ်သူအား တောင်းပန်ခယပြီး ခြေသလုံးဖက်မတတ် ပြောလေသည်။ သို့သော် ချွေးမဖြစ်သူ ရှိမေက တုံ့ဏှိဘာဝေ မကျေမနပ် မျက်စောင်း ချိုက ကြက်သားဟင်းနှင့် ထမင်း စားလက်စကို ဆက်စားလေသည်။

"သမီး ရှိမေရယ် ‸အမေ တောင်းပန်ပါတယ်၊ အမေ့ရင် တွေ တလှပ်လှပ်ဖြစ်ပြီး ဆာလွန်းလို့ပါ"

အဘွားအို ဒေါ်မိုက ဆာလောင်မှုကို မြိုသိပ်မရနိုင်ဘဲ ချွေးမဖြစ်သူအား ဒုတိယအကြောက် တောင်းပန် အသနားခံလိုက်ပြန်သည်။ ဒီတစ်ခါတော့ ချွေးမဖြစ်သူ ရှိမေတစ်ယောက် ထမင်းပန်းကန်ကို ဂုန်းခနဲ ပစ်ချပြီး ၎င်း၏ ခြေသလုံးအား ဖက်တွယ်လာသော ယောက္ခမဖြစ်သူ အဘွားအို ဒေါ်မို၏ ပိန်လှီလှီ လက်အစုံကို ဖြုတ်ယူကာ တွန်းထုတ်ပစ် လိုက်သည်။

www.burmeseclassic.com



ထွန်းလဲ့လိုက်သည့် အရှိန်ကြောင့် အဘွားအို ဒေါ်မိုဘစ်ယောက် ကြမ်းပြင်ပေါ် အထိန်းအကွပ်မဲ့ လဲကျသွားရှာ၏။ လဲကျနေသော ဒေါ်မိုအား ရီမေသည် ဒေါသမျက်ဝန်းဖြင့် ကြည့်လျက်က

"တော် စားချင်ရင် တော့်ယောက်ျား လာမှ ဝယ်ခိုင်း။ ကျုပ်မှာ ပိုက်ဆံမရှိဘူး"

ချွေးမဖြစ်သူ ရီမေ၏စကားကို မမျှော်လင့် မထင်မှတ်ဘဲ ကြားလိုက်ရသော အဘွားအို ဒေါ်မိုသည် စိတ်မကောင်းလွန်းစွာဖြစ် လျက် ကြားရသော စကားက နားနှစ်ဖက်လုံး သံရည်ပူနှင့် လောင်းခံ လိုက်ရသလိုဖြစ်သွားတော့သည်။

ချွေးမဖြစ်သူ ရီမေပြောလိုက်သော 'တော့် ယောက်ျား' ဆိုသည် မှာ အဘွားအို ဒေါ်မို၏ တစ်ဦးတည်းသောသား မောင်ညိုဝင်းကို ရည်ညွှန်းပြီး ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် အဘွားအို ဒေါ်မို သည် သားအဖိချင်း ပြန်ပေးစားလိုက်သည့် မိန်းမမိုက် ချွေးမအပေါ် စိတ်မကောင်းဖြစ်သွားရခြင်းပင်။

သို့သော် အဘွားအို ဒေါ်မိုသည် ချက်ချင်း စိတ်ကို ပြောင်း လဲကာ ချွေးမခမျာ အပြစ်ရသွားမည့်အတွက် စိုးရိမ်ပြီး ခွင့်လွှတ်သည်းခံ လိုက်လေသည်။ မေတ္တာ၊ စေတနာမပျက် ထားလိုက်သည်။

ပြီးတော့ အဘွားအို ဒေါ်မိုကိုယ်တိုင်ကလည်း မျက်မမြင် ဒုက္ခိတကြီးမို့ ချွေးမတို့ထံ၌ပင် ခိုကပ်နေထိုင် စားသောက်နေရသည် မဟုတ်လား။ နေ့စဉ် ပင်ပင်ပန်းပန်းနှင့် မိသားစုအတွက် ရှန်းကန်ရှာဖွေ နေရသော ၎င်း၏သား မောင်ညိုဝင်းကိုလည်း စိတ်ဆင်းရဲမှာ စိုးရိမ် သည်။ ၎င်း၏ မိခင်အို ဒုက္ခိတကြီးအား မယားဖြစ်သူက ညှင်းပြင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ ဂရုစိုက်မှာပဲဟု တွက်ဆထားသူ။ ထိုကဲ့သို့ ယုံကြည်စိတ်ချရအောင်လည်း မောင်ညိုဝင်း အလုပ်မှ ပြန်ရောက်လာသည့် ဆိုလျှင်ဖြင့် သူမခေါ် ယောက္ခမ အဘွားအို ဒေါ်မိုကို ဘယ်လို ပြုစုပေးကြောင်း၊ ဘယ်လို အစားအစာတွေ ကျွေးကြောင်း စသဖြင့် မာယာပရိယာယ်ဆင်၍ ချွဲနွဲ့ အယုံအကြည်သွင်းတတ်သူဖြစ်သည်။ မောင်ညိုဝင်းခမျာမှာတော့ နောက်ကွယ်မှာ ဖြစ်ပျက်နေသည့် ပြဿနာတွေကိုတော့ လုံးလုံး သိရှာသူမဟုတ်။

ယခုလည်း အဘွားအို ဒေါ်မိုတစ်ယောက် တစ်မနက်လုံး ဘာအစာမှ မစားမသောက်ရသေးဘဲ နေမွန်းတည့်ချိန်ကျော်လွန်လာသောအခါ ဆာလောင်မှုဝေဒနာ မခံစားနိုင်လွန်း၍ ထင်ပါသည်။ ချွေးမထံ ခယတောင်းပန်ပြီး ၎င်း၏ဝမ်းလေးအား ဖြည့်ဆည်းလိုသော်လည်း ယခုကဲ့သို့ မကြားဝံ့ မနာသာ တုံ့ပြန်ခံလိုက်ရခြင်းဖြစ်သည်။

သို့သော် အဘွားအို ဒေါ်မိုသည် ချွေးမလေးကိုယ်တိုင် ကြက်သားဟင်းဖြင့် ချက်ပြုတ်စားသောက်နေသည်ကို သိပါသည်။ သိသော်လည်း မသိသလိုနေကာ ထမင်းမတောင်းစားရဲခဲ့။ ထို့ကြောင့်လည်း ၎င်းအတွက် ဝန်ထုတ်ဝန်ပိုး သိပ်မရှိလှသော မုန့်ဟင်းခါးတစ်ပွဲဖိုး တောင်းစားသော်လည်း ချွေးမလေးက ရက်ရက်စက်စက် ပြောဆိုတုံ့ပြန်ခြင်းကို ခံလိုက်ရသည်။

အဘွားအို ဒေါ်မိုသည် မျက်ရည်သာ တွင်တွင်ကျရင်း ဘုရားစင်ရှေ့သို့ သွားရောက်ကာ တရားအာရုံပြု ပုတီးစိပ်နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ,တော်မျိုးဆိုချင်တဲ့ မုန့်ဟင်းခါး တော့်လင်လာရင် မဟာတ်က. ဟုတ်က ပြန်တိုင်လို့ကတော့ အသိပဲ"

ကြားလိုက်ရသည့် ခွေးမဖြစ်သူ ရီမေ၏ စကားများကြောင့် အဘွားအို ဒေါ်မှီသည် လက်ထဲမှ စိပ်ပုတီးပင် လွတ်ကျသွားလေသည်။

"ဒီလို မပြောပါနဲ့ သမီး ရီမေရယ်၊ ငါ့သမီးလေး အပြစ်ကြီး ဒုက္ခရောက်မှာ အမေ စိုးရိမ်မိတယ်၊ ဘုရား ,ဘုရား၊ ငါ့သမီးလေး အပြစ်ကြီး မထိုက်ပါစေနဲ့ ဘုရား"

အဘွားအို ဒေါ်မှီက ချွေးမပင်ဖြစ်လင့်ကစား ကိုယ့်သမီး အရင်းတစ်ယောက်နှယ် သဘောထားကာ စိုးရိမ်ထိတ်လန့်ပြီး ဆုတောင်း လိုက်ခြင်းဖြစ်သည်။ သို့သော် ဒါကို ချွေးမဖြစ်သူ ရီမေက မကျေ မနပ်ဖြစ်သွားပြီး

"အမလေးတော် ,တော့်လို ကျေးဇူးခံ ကျေးဇူးစား မရှိတဲ့ ဒုက္ခိတအိုကြီးကို ပြောတာနဲ့ အပြစ်ကြီးမယ်ဆိုရင် ကြီးစမ်းပါစေတော်၊ ရီမေတို့က ဆယ်ခါပြန်တောင် ခံရဲသေးတယ်"

ချွေးမဖြစ်သူက ပြောပြီး သူမကိုယ်တိုင် မစင်တွေနှင့် ရောပြီး ထည့်ထားသည့် မုန့်ဟင်းခါးပန်းကန်ကို ကြည့်ရင်း ကျေနပ်စွာ ထွက် သွားလေတော့သည်။

ထိုသို့ သူမလုပ်လိုက်ရခြင်းမှာလည်း နောင် ဒီလို ဒုက္ခိတ အဘွားကြီး မတောင်းဆိုရဲတော့လောက်အောင် အထူးသဖြင့် မုန့်ဟင်း ခါးဆိုလျှင် လှည့်ပင်မကြည့်ဝံ့တော့လောက်အောင် ပညာပေးလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ရီမေသည် ယောကျ်ားမဖြစ်သူ ဒေါ်မိုတစ်ယောက် မျက်စိမမြင်ရ၍ သူမ မစင်နှင့် ရောထည့်ထားသော မုန့်ဟင်းခါးအား စားမည့် အထင်နှင့် ကျေနပ်စွာ ချောင်းကြည့်နေစဉ်မှာပင် အဘွားအို ဒေါ်မိုသည် မုန့်ဟင်းခါးပန်းကန်အား ငှင်းထိုယ်တိုင် မစားသေးဘဲ ဘုရားဆွမ်းတော် ကပ်လှူလိုက်လေသည်။

ထိုအချင်းအရာကို အစအဆုံးမြင်တွေ့လိုက်ရသော ရီမေမျာ မျက်လုံးပြူး ပါးစပ်အဟောင်းသားနှင့်ဖြစ်ကာ ကြောင်ငေးနေမိသည်။ ထို့နောက် အဘွားအိုဒေါ်မိုသည် ဆွမ်းတော်ကပ်လှူပြီးမှ မုန့်ဟင်းခါးအား ငှင်းစားမည်အပြုတွင်ရီမေသည် သူမ၏ခေါင်းတစ်ခုလုံး တစ်စုံတစ်ရာ ပြောင်းလဲသွားသလို ထင်ရကာ မစင်နံ့ကို ရသောကြောင့် လုံးဝ စိတ် မထိန်းနိုင်ဘဲ အဘွားအို ဒေါ်မိုရှိရာသို့ တစ်ဟုန်ထိုးသွားပြီး လက်ထဲမှ မုန့်ဟင်းခါးပန်းကန်အား အတင်းလုယူလျက် တိရိစ္ဆာန်တစ်ကောင်လို လေးဖက်ထောက် စားနေလေတော့၏။

ဝုန်းဝုန်းဒိုင်းဒိုင်း ဆူဆူညံညံအသံများကြား၍ လူများ ရောက် ရှိလာကြသောအခါ လူစင်စစ်ကနေ ခွေးခေါင်းနှင့် လူခန္ဓာကိုယ်ဖြစ်နေ သော ရီမေအား အံ့သြစွာ တွေ့ကြရလေ၏။

မျက်မမြင် အဘွားအို ဒေါ်မိုကတော့ ငှင်းစားမည့် မုန့်ဟင်း ခါးထဲတွင် မစင်များ ထည့်ပေးလိုက်ခြင်းကြောင့် ချွေးမဖြစ်သူခမျာ ကြီးစွာသော ကံကြီးထိုက်၍ ခွေးတစ်ပိုင်း လူတစ်ပိုင်း ဖြစ်နေသည်ကို လုံးဝ မသိရှာပေ။

သို့သော် ရီမေကတော့ သူမ၏အမှားကို အမှားမှန်းသိလျက် အဘွားအို ဒေါ်မိုခြေရင်းတွင် လေးဖက်ထောက်လျက် "အု . အု . အ



www.burmeseclassic.com

www.burmeseclassic.com



အ ..''ခွေးအူသံများဖြင့် ပြန်တောင်းပန်နေပုံရသည်။

အားလုံးက ရီမေ၏အဖြစ်မှန်ကို သိသွားကြသောအခါ လွန်စွာမှ စိတ်မကောင်းဖြစ်သွားကြသည်။ ထို့ဖြင့် အဘွားအို ဒေါ်မိုလည်း အကြောင်းစုံကို သိရပြီး ခွေးမဖြစ်သူအတွက် ယူကျုံးမရဖြစ်ကာ ခွင့်လွှတ်စကား အကြိမ်ကြိမ် ဆိုသော်လည်း လွန်စွာမှ နောက်ကျ ခဲ့ရှေ့ပြီ။

ဆိုရသော် လူသာနေသော်လည်း အပြစ်က မနေဟူ၍ပင် ဖြစ်သည်။ ချက်ချင်းလက်ငင်း အကျိုးပေးပုံက အတော့်ကို ကြောက် စရာကောင်းပြီး အတော့်ကိုလည်း အံ့သြစရာပင်။ များသောအားဖြင့် ထိုကဲ့သို့ အဖြစ်မျိုးများသည် ဘုရားဟော ဇာတ်တော်များတွင်သာ ရှိခဲ့သည်။

သို့သော် ယခု ရီမေ၏ အဖြစ်သည်လည်း ပုံပြင်တစ်ပုဒ်၊ ဒဏ္ဍာရီတစ်ခု မဟုတ်ပါ။ တကယ့်အဖြစ်အပျက် တစ်ခုပင်။

လောကတွင် ယောကျ်ားမပင် ဖြစ်လင့်ကစား မိဘနှင့် တစ်တန်းတည်းရှိသော အသက်အရွယ်(ဝါ) သူတော်ကောင်း မေတ္တာ စေတနာနှင့် မြင့်မြတ်စိတ်ရှိသူအား ပြစ်မှားမိသော ရီမေ၏ အဖြစ်က အင်မတန်မှ ကြောက်စရာကောင်းလောက်အောင် သင်ခန်းစာယူဖွယ် ပင် ဖြစ်တော့သတည်း။

ဝန်ခံချက်။ ။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ရှိ ရွာလေးတစ်ရွာမှ ဖြစ်ရပ်မှန်ကို စာရှုသူများ ဗဟုသုတဖြစ်စေရန် အမည်၊ နေရပ်လွှဲပြီး ရေးဖွဲ့ထားခြင်း ဖြစ်ပါကြောင်း ။

ဩကာသမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေခင်း၌ ကျွန်ုပ်သည် စာပေရေးဖော်ရေးဖက် မိတ်ဆွေ စာရေးဆရာ ကော့မှူးမြင့်ဟိဏ်းနှင့် ကိုဟန်မြင့်တို့ နေထိုင်ရာ ရွှေစက်မြေ ရွာကလေးသို့ ရောက်ရှိသွားလေ၏။ ထုံးစံအတိုင်း ကျွန်ုပ်တို့သည် ရောက်တတ်ရာရာ စကားစမြည် ပြောဆိုနေကြရင်း ညနေစောင်းအချိန်သို့ တဖြည်းဖြည်း ချဉ်းကပ် ရောက်ရှိသွားကြရာ . . .

ထို့နောက် မိတ်ဆွေ စာရေးဆရာ ကော့မှူးမြင့်ဟိဏ်း အိမ်မှာပင် ထမင်းစားသောက်ကြပြီး ခေတ္တ အနားယူနေစဉ် ကျွန်ုပ်စိတ်ထဲ၌ တစ်စုံတစ်ရာ လိုအပ်နေသလိုမျိုး ခံစားရ၍ အိမ်အပြင်သို့ ရုတ်ချည်း ထွက်လာခဲ့လေ၏။

မိနစ်အနည်းငယ်အကြာ၌ မိတ်ဆွေ ကိုမြင့်ဟိဏ်းနှင့် ကိုဟန်မြင့်တို့သည် ကျွန်ုပ်နောက်သို့ ခပ်သုတ်သုတ် လိုက်လာကြပြီးလျှင် . . .

"ကိုဟိဏ်းဇော် ခင်ဗျား ဘယ်လိုဖြစ်သွားတာတုန်းဗျ။ ကျွန်တော်တို့ကို ဘာမပြော ညာမပြောနဲ့ တစ်ယောက်တည်း ထွက်လာရ



www.burmeseclassic.com

www.burmeseclassic.com



သလား ...''

အံ့ဩပြာန်ဖြင့် ကိုမြင့်ဟိတ်ဆ်းက မေးလာခြင်းဖြစ်သည်။ ရုတ်တရက် ကျွန်ုပ်တွင် မည်သည့် အဖြေမျှ မပေးနိုင်ဘဲ ၎င်းတို့နှစ်ယောက်ကိုသာ ထူးထူးဆန်းဆန်း ငေးကြည့်လျက်ရှိ၏။ ဆက်လက်၍ ကိုမြင့်ဟိတ်ဆ်းက အံ့ဩပြာန်ဖြင့်

"ကိုဟိတ်ဆ်းဖော် ခင်ဗျား ဘယ်လို ဖြစ်နေတာလဲဗျ၊ ကျွန်တော်တို့ မေးတာကိုလည်း ဖြေပါဦး။ ပြီးတော့လည်း ကျွန်တော်တို့ကို မမြင်ဖူးတဲ့အတိုင်း ထူးထူးဆန်းဆန်း ကြည့်နေလိုက်တာ ."

ဒီတော့မှ ကျွန်ုပ်ကိုယ်ကျွန်ုပ် သတိထားမိသွား၏။ ကျွန်ုပ်စိတ်တွေ လျှပ်တစ်ပြက်အတွင်း ဘယ်လိုများ ဖြစ်သွားပါလိမ့်၊ နောက်ကျိုရှုပ်ထွေးလျက် အုံခဲခဲကြီး ဖြစ်နေသလို တစ်နေရာရာသို့လည်း သွားချင်စိတ် ဖြစ်ပေါ်နေမိ၏။

"ဟို . ဘာမှမဖြစ်ပါဘူးဗျာ၊ ကျွန်တော် တစ်နေရာရာကို သွားချင်စိတ်ဖြစ်နေတာနဲ့ စိတ်ကူးပြီး ထွက်လာမိတာ"

"မသိပါဘူးဗျာ၊ ထမင်းစားပြီး ဘာမပြော၊ ညာမပြောနဲ့ ကိုဟိတ်ဆ်းဖော်ထွက်သွားတော့ ကျွန်တော်တို့နှစ်ယောက် အံ့ဩပြီးလိုက်လာမိတာ"

ကိုဟာန်မြင့်က ကျွန်ုပ်အားခြေဆုံးခေါင်းဆုံးကြည့်ရင်း ဝင်ပြော၏။

"ခင်ဗျားတို့နှစ်ယောက် ကျွန်တော်နဲ့ လိုက်ခဲ့ကြပါဗျာ"

ရုတ်တရက် ကျွန်ုပ်စကားကြောင့် သူတို့နှစ်ယောက်သား နားမလည်ဟာန်ဖြင့် အံ့ဩသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သွားချင်လို့လဲ"

မိတ်ဆွေ ကိုမြင့်ဟိတ်ဆေး၏အမေးကို ချက်ချင်း ကျွန်ုပ် မဖြေသေးဘဲ စဉ်းစားဟန်ပြု၏။ ပြီးမှ

"ရွာအနောက်မှ သုသာန်ကို သွားကြည့်ချင်လို့ပါ"

"ဗျာ ဘယ်လို ရွာအနောက်က သုသာန်ကို သွားကြည့်ချင်လို့ ဟုတ်လား"

ကျွန်ုပ်စကားအတိုင်း ကိုဟန်မြင့်က တအံ့တဩ မေးလေ၏။ ခေါင်းညိတ် အဖြေပေးလိုက်သောအခါ ကိုဟန်မြင့်ကပဲ မျက်မှောင်ကြုတ်လျက် ဆက်မေးလာသည်။

"ကိုဟိတ်ဆေးဖော် ခင်ဗျား ဘာသွားကြည့်ချင်တာလဲ၊ ခင်ဗျား တစ်ညနေလုံး ထူးထူးဆန်းဆန်းတွေချည်းပဲဗျာ"

အမှန်တကယ် ဒီတစ်ညနေလုံး ကျွန်ုပ်ကိုယ် ကျွန်ုပ်လည်း ဘာမှန်းမသိအောင်ပင် အံ့ဩစရာကောင်းလောက်အောင် ပြောင်းလဲနေမှန်း မသိအောင်ပင် ပြောင်းလဲနေမှန်း သိရ၏။ သို့ရာတွင် ကျွန်ုပ် အဖြေအမှန်ဆုံး ပေးနိုင်သည်က ရွာအနောက်က သုသာန်ဆီသို့ သွားချင်စိတ်ပေါ်နေခြင်း ဖြစ်သည်။

"ကြည့်ဖို့ ပြောတာ စကားအဖြစ်ပါဗျာ၊ ဟိုရောက်ရင် ခင်ဗျားတို့အကောင်အထည် သိလိမ့်မယ်"

ကျွန်ုပ်အဖြေကြောင့် ၎င်းတို့နှစ်ယောက်သား ပို၍ပင် အံ့ဩသွားကြပြန်လေ၏။

"ဒါဆိုလည်း ခင်ဗျား ဆန္ဒအတိုင်း လိုက်ခဲ့ကြတာပေါ့ဗျာ"

ကိုမြင့်ဟိတ်ဆေး၏ စကားအဆုံးမှာ သုံးယောက်သား ရွာအနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သုသာန်ဆီသို့ ထွက်ခဲ့ကြလေတော့၏။

၇

"ကဲ ကိုဟီကျားဖော်၊ ခင်ဗျား အကောင်အထည်နဲ့ဖော် သိရမယ်လို့ ပြောတာ ဘာတွေလဲ၊ ကျွန်တော်တို့ သိချင်လှပြီ"

ရွာအနောက် သုသာန်ဆီသို့ ရောက်ပြီး မိနစ်ပိုင်း အတန်ကြာသည်အထိ ကျွန်ုပ်ဘက်မှ ကျွန်ုပ်ခုနက ပြောထားခဲ့သည့် စကားအတိုင်း အကောင်အထည် သိရလိမ့်မယ်ဆိုသောကိစ္စ သာ်မှ ခစ်စုံကြစ်ရာ မထူးဆန်းသေးသဖြင့် ကိုဟန်မြင့်မှ စိတ်မရှည်ဘဲ မေးလာရလေသည်။

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ဒီသုသာန်ကြီး အုတ်ဂူတွေပေါ်မှာ ထိုင်ပြီး ကဗျာစပ်ကြည့်ရင် ကောင်းမလားလို့"

"ဟာ သေလိုက်ပါတော့ ကိုဟီကျားဖော်ရယ်၊ အဲဒါကြီးကတည်းက ဒီကိစ္စပါလို့ဆိုလည်း ပြီးတာပဲ၊ အခုတော့ ကျွန်တော်တို့ နှစ်ယောက် စိုးရိမ်အံ့သြစရာဖြစ်အောင် ပရိယာယ်တွေ လုပ်ရသလားဗျ"

ကိုမြင့်ဟီကျားက မကျေမနပ်ဖြင့် ပြောလာခြင်းဖြစ်၏။ ကိုဟန်မြင့်မှာလည်း ကျွန်ုပ်အဖြေကြောင့် စိတ်ညစ်သွားဟန် ခေါင်းတချင်းချင်း ကုတ်လျှက်ရှိလေ၏။

ထို့နောက် ကျွန်ုပ်တို့ သုံးယောက်သား ပျံ့နှံ့ရှိသော အုတ်ဂူနစ်လုံးပေါ်တွင် ဖိုခနောက် ထိုင်ကြကာ စိတ်ပိုင်းဆိုင်ရာတို့၏ မိနစ်ပိုင်းအတွင်း စက္ကန့်ပိုင်းအတွင်း ပြောင်းလဲလည်းဖြစ်နိုင်သော ထူးဆန်းအံ့သြစရာကောင်းလောက်အောင် အတက်အကျ ခံနိုင်မြင့် စီးဆင်းလည်ပတ်ပုံတို့ကို မိမိတို့ အသီးသီး သိရှိထားခဲ့သော

www.burmeseclassic.com



အမျိုးမျိုး အမြင်အမျိုးမျိုးမှ ဆွေးနွေးဖြစ်ကြလေ၏။

သို့ဖြင့် ကျွန်ုပ်တို့ သုံးယောက်သား မည်မျှအထိ ဆွေးနွေးဖြစ်ကြလေသည်မသိချေ။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မှောင်ရိပ်သန်း၍ ရွာခြေသို့ သဲသဲကွဲကွဲ လှမ်းမမြင်ရတော့မှ စကားစများ ဖြတ်ကာ ဖြစ်ခဲ့ကြလေ၏။

ဒုတိယမြောက် အကြိမ်တွင် သုံးရက်ခြားပြီး မိတ်ဆွေ ကိုမြင့်ဟိတ်နှင့် ကိုဟန်မြင့်တို့ နေထိုင်ရာ ရွှေစက်မြေရွာလေးရှိ ရွာအနောက်ဘက် သုသာန်သို့ ရောက်ဖြစ်ပြီး ပထမအကြိမ်ကဲ့သို့ပင် ဆွေးနွေးဖြစ်ကြ၏။

နောက်ထပ် နှစ်ရက်ခြားပြီး တတိယမြောက် ရွာအနောက်ဘက် သုသာန်သို့ ရောက်ရှိသွားသော နေ့မှာတော့ ယခင် ပထမ၊ ဒုတိယ အခေါက်တွေကလို ကျွန်ုပ်နေထိုင်ရာ ဓနတ်ရွာဘက်ကမ်းခြေသို့ ထုံးစံအတိုင်း မပြန်ဖြစ်တော့ဘဲ မိတ်ဆွေ ကိုမြင့်ဟိတ်၏ အိမ်မှာပင် သုံးယောက်သား စုဝေးလျက် အိပ်ဖြစ်ကြလေသည်။

မအိပ်ခင် ည ၇ နာရီကျော်ကျော်တွင် ကိုမြင့်ဟိတ်၏ အိမ်မှာပဲ ကဗျာစုရေးကြသည်။ ထိုညမှာတော့ ထူးထူးခြားခြားလေး မိမိတို့ သုံးယောက်စလုံး တဝါးဝါး သမ်းဝေလျက် စာရေးရင်း ရှိနေကြသည်။

ထို့နောက် ည ၁၁ နာရီခန့်မှာတော့ စာရေးခြင်းကို ဖြတ်ကာ အိပ်စက်ကြရန်အတွက် ဆုံးဖြတ်လိုက်ကြတော့သည်။

ယခင်ရက် ညတွေကတော့ ထိုကဲ့သို့မဟုတ်။ ညဉ့်နက်လွန်အထိ စာရေးဖြစ်ကြတာ များသည်။ တစ်ခါတစ်ရံ မိုးလင်း၍ လင်းမှန်း



www.burmeseclassic.com

www.burmeseclassic.com



ပင် မသိလိုက်ဘဲ မိုးလင်းပေါက် ရေးဖြစ်ကြသည်။ (မှတ်ချက်။ ■ ထို ညတွေမှာ ကျွန်ုပ်အိမ်တွင် ညစဉ် စာစုရေးကြခြင်းဖြစ်၏။)

အားလုံးအသီးသီး အိပ်ရာကိုယ်စီ ဝင်သွားကြချိန်၌ ကျွန်ုပ်တစ်ယောက်တည်းသာ အိပ်ရာမဝင်သေးဘဲ (၄၅)ရက် အဓိဋ္ဌာန် ပုတီး ဝင်ထားသဖြင့် ဘုရားဝတ်ပြု ဆုတောင်းမေတ္တာပို့သပြီး ပုတီး ကိုးပတ် စိပ်နေလေ၏။

သို့ဖြင့် သုံးပတ်မြောက် ရောက်ခါနီးအချိန်တွင် ကျွန်ုပ်၏ ဘယ်ဘက်ပခုံးသို့ တစ်စုံတစ်ခုက ဝင်တိုက်သဖြင့် လက်ထဲမှ ပုတီးကုံး လွတ်ကျသွားရသည်။

"ဖောက်"

"ဖွမ်း"

"ဂျလောက် ့ဂျလောက် ့ဂျလောက်"

ကျွန်ုပ်အသိတွင် ရုတ်တရက် တင်းခနဲဖြစ်လျက် ခန္ဓာကိုယ် သွေးကြောတစ်လျှောက်လုံး ပြောင်းပြန်လှည့်ပတ်သွားသည့်ပမာ ထင်ရသလို ကျွန်ုပ်နောက်ပါးမှ တစ်စုံတစ်ရာကို လှည့်ကြည့်လိုက်သောအခါ မိတ်ဆွေ ကိုမြင့်ဟိဏ်းအား မမျှော်လင့်ဘဲ အံ့ဩစွာ တွေ့လိုက်ရသည်။

"ဆောရီးပဲ ကိုဟိဏ်းဖော်၊ ကျွန်တော် ခြေထောက်ခေါက်ပြီး လဲမလို ဖြစ်သွားတာ ခင်ဗျား ပခုံးစွန်းကို ဝင်တိုက်မိသွားတယ်"

သင်ဖြူးဖျာချပ်ပေါ်သို့ လွင့်ကျသွားသော ကြိုးပြတ်ပြီး ဖွာလန် ကျဲနေသော ပုတီးကုံး အပြတ်လေးကို စိတ်မကောင်းစွာ ကြည့်ရင်း ကိုမြင့်ဟိဏ်းမှ ကျွန်ုပ်အား တောင်းပန်လေသည်။

ပြောရရလျှင် ကျွန်ုပ်ဘဝသက်တမ်း တစ်လျှောက်တွင် ဝိုင်ညာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ထူးဆန်းမှု အရှိဆုံးညဟု ဆိုလျှင်ရနိုင်သလို သွေးပျက်စရာကောင်းလောက်အောင် ကြုံရသောညဟု ဆိုလျှင်လည်း ရနိုင်ပါသည်။

"ရပါတယ်ဗျာ၊ တိုက်ဆိုင်လို့ ဖြစ်တာပဲ၊ စိတ်ထဲမထားပါနဲ့၊ ဒါပေမဲ့ ကျွန်တော့်စိတ်တွေ တစ်ခုခု ပြောင်းလဲသွားသလို ခံစားရတယ်။ ပြီးတော့လည်း တစ်ခုခုအတွက် ကြိုတင်နိမိတ်ဖတ်သလား မဆိုနိုင်ဘူး၊ ကျွန်တော် တစ်စုံတစ်ရာကို စိုးရိမ်သွားမိသလိုပဲ"

ကျွန်ုပ်က ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ရင်း လေသံရှေ့နောက် မညီမသဖြစ်သွားတာ သတိထားမိလိုက်သည်။

"ကျွန်တော် အပေါ့ထသွားတာပါ၊ ခင်ဗျားကို မတွေ့လို့တော့ မဟုတ်ဘူး၊ ခင်ဗျား ပုပ်ဒီးအလုပ်ကို အနှောင့်အယှက်ဖြစ်မှာ စိုးတာနဲ့ ခြေဖော့ပြီး နင်းလာတာ၊ အဲနားနားရောက်မှ ခြေထောက်ခေါက်သွားရတယ်"

ကိုမြင့်ဟိဏ်းက စိတ်မကောင်းစွာ ရှင်းပြ၏။ ပြီးတော့ ၎င်းကိုယ်ရင်းလည်း ပေါ့လျော့ ညံ့ဖျင်းကြောင်း အကြိမ်ကြိမ် အပြစ်တင်လေသည်။ ကျွန်ုပ်က တိုက်ဆိုင်၍ ဖြစ်ရကြောင်း အထပ်ထပ် နားလည်စွာပြောမှပင် ၎င်းမှာ စိတ်သက်သာရာ ရသွားလေ၏။

ထို့နောက် ကျွန်ုပ်စိတ်ထဲတွင် ၎င်းကိစ္စအား စိတ်ထဲမထားဘဲ တိုက်ဆိုင်သော တိုက်ဆိုင်မှုတစ်ခုသာ ဖြစ်ပါစေဟု ဆုတောင်းရင်း အိပ်ရာဝင်ခဲ့လေတော့၏။

ညဥ့်အလွန် နာရီပြန် တစ်ချက်တီး အချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ‌ ဒေါက် ‌ ဒေါက်"

"မောင်ဟိဏ်းဇော် ‌ မောင်ဟိဏ်းဇော်"

"ဒေါက် ဒေါက်"

"ဟေ့ ‌ မောင်ဟိဏ်းဇော် မောင်ဟိဏ်းဇော်"

အိမ်အပြင်မှာ တံခါးခေါက်ပြီး အဆက်မပြတ် ခေါ်နေသဖြင့် ကျွန်ုပ်အိပ်ရာမှ လန့်နိုးသွား၏။ ကျွန်ုပ်ကဲ့သို့ပင် မိတ်ဆွေ ကိုမြင့်ဟိဏ်း ကိုဟန်မြင့်နှင့် အိမ်သားအားလုံး နိုးလာကြတော့၏။

"အိမ်အပြင်က ကိုဟိဏ်းဇော်ကို ခေါ်နေသော ဘယ်သူလဲ မသိဘူး"

ကိုမြင့်ဟိဏ်းမှ အိပ်မှုန်စုံမွှား ပြောလျက် တံခါးပေါက်ဆီသို့ ထသွားလိုက်လေ၏။ ပြီးလျှင်အတွင်းမှ တံခါးချက်ကို ဖွင့်ပေးလိုက်သည့်အခါ ကျွန်ုပ်နှင့် အိမ်နီးချင်း ဦးအေးကြိုင်နှင့် ဦးကုလားတို့ ဖြစ်နေကြ၏။

ညကြီးအချိန်မတော် ၎င်းတို့ရောက်လာကြသည့်အတွက် ရုတ်တရက်တော့ ကျွန်ုပ် အံ့သြသွား၏။ ပြောရလျှင်ကား ၎င်းတို့သည် ဒီရွှေစက်မြေရွာလေးသို့ နီးလျက်နှင့် အရောက်အပေါက်နည်းသူများ ဖြစ်သောကြောင့်ပင်။

"မောင်ဟိဏ်းဇော် ရှိတယ်၊ မဟုတ်လား"

တံခါးဝတွင် ရပ်လျက် ဦးအေးကြိုင်မှ မေးလာလေသည်။

"ရှိတယ် ဦး၊ အိမ်ပေါ်တက်ပါဦး၊ ညကြီးအချိန်မတော် ဘာတို့များရှိလို့လဲ"

"မောင်ဟိဏ်းဇော်ကို ခဏခေါ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဟိဏ်းနှင့် ဦးအေးကြိုင်တို့ အပြန်အလှန် စကားအဆုံးတွင် ကျွန်ုပ် ၎င်းတို့အပါးသို့ ရောက်ရှိသွား၏။

"ညကြီး အချိန်မတော်၊ ဘာအရေးတကြီး ဖြစ်လာလို့လဲ ဦးအေးကြိုင်"

ကျွန်ုပ်က စိုးရိမ်စွာ မေးလိုက်ခြင်းဖြစ်သည်။

"ဟို ... ဟို"

ဦးအေးကြိုင်က စကားထစ်ငေါ့ဖြစ်ကာ ဦးကုလားထံသို့ ကြည့်လိုက်၏။ ဦးအေးကြိုင်နှင့် ဦးကုလားတို့ မျက်နှာပေါ်တွင်လည်း ချွေးသီးချွေးပေါက်များကျလျက် အလွန် စိတ်လှုပ်ရှားနေပုံ ရှိကြ၏။

"ဦးတို့ ဘာအရေးတကြီး ဖြစ်လာသလဲ၊ မြန်မြန်ပြောကြပါ"

ကျွန်ုပ်က ပို၍ စိုးရိမ်စွာ မေးလိုက်ပြန်၏။

"ဟို ... ဟို ... မောင်ဟိဏ်းဖော်အဖေ ဆုံးသွားလို့"

"ဗျာ"

ဦးအေးကြိုင်၏ စကားအဆုံးတွင် ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံး လေထဲသို့ မြောက်တက်သွားသလို ထင်ရကာ အံ့ဩမယုံကြည်လောက်အောင်လည်း ဖြစ်သွားရ၏။

"ဟာ မဖြစ်နိုင်တာဗျာ၊ ကျွန်တော်ညနေက ဒီကိုလာတော့ အဖေ ကျန်းကျန်းမာမာကြီး ရှိနေတာ"

ကယောင်ကတမ်းဖြင့် ကျွန်ုပ်သည် တအံ့တဩရှိနေဆဲ ... ကျွန်ုပ် ရွာမှ ထွက်လာသောအချိန်တွင်၊ ကျွန်ုပ်အထက်မှာ ဆိုခဲ့သည့် အတိုင်း အဖေသည် ကျန်းကျန်းမာမာနှင့် ရှိရှုံမက လမ်းမှာ အဖေနှင့် ဆုံ၍ စကားတောင် ရပ်ပြောခဲ့သေးသည်။ ယခု ဘယ်လို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လုံးဝ မယုံကြည်နိုင်တော့ပါ။

"ဟုတ်ပါတယ်၊ မောင်ဟိဏ်းဇော်ရဲ့အဖေ တစ်နေ့လုံး အကောင်းပကာတိကြီးပါ၊ ဒါပေမဲ့ ည ၁၂ နာရီလောက်မှာ ရုတ်တရက် ဦးနှောက်ကြောပြတ်ပြီး ဆုံးသွားခဲ့တာ"

"အလို ဘုရား ဘုရား"

ကျွန်ုပ် အသိအာရုံများ ဖြာဝေလျက် ကမြောင်းကပြန် ဖြစ်သွားမိတော့သည်။

အဖြေတွင် နဂိုက သွေးတိုး နှလုံးရောဂါ အခံရှိနေပါသည်။ သို့သော် ရုတ်တရက်ကြီးဆိုတော့ မည်သူမျှ မယုံကြည်နိုင်သည့် ကိစ္စမျိုး မဟုတ်ပါ၊ အခုတော့ ။

ချက်ချင်းဆိုသလို ကျွန်ုပ်အသိ အာရုံရိပ်ထဲသို့ ရုပ်ရှင်အနေး ပြကွက်တစ်ခုအား ပြန်ကြည့်နေရသလို တစ်ခုချင်း တစ်ခုချင်း တစ်လွှာချင်း တစ်လွှာချင်း မြင်ကွင်းတို့က တဖျတ်ဖျတ် .

ထိုအရာတို့ကား ကျွန်ုပ်သည် ပြီးခဲ့သော ရက်ပိုင်းအတွင်းက ရွှေစက်ခြေရွာရှိ ရွာအနောက်ဘက် သုသာန်သို့ အလွန်သွားချင်စိတ် ဖြစ်ပေါ်နေမှုများ။ စိတ်လေးလံပြီး တစ်စုံတစ်ရာအတွက် ကြိုတင် စိုးရိမ် ကြောင့်ကြနေခြင်းများ။ ပြီးတော့ ရွာအနောက်ဘက် သုသာန်သို့ သုံးကြိမ်တိတိ မိတ်ဆွေ ကိုမြင့်ဟိဏ်း၊ ကိုဟန်မြင့်တို့နှင့် အတူရောက်ရှိ သွားပုံ၊ သုသာန်သို့ သုံးကြိမ်မြောက်ရောက်ရှိပြီး သုံးကြိမ်မြောက်သော ညမှာပင် အစိဋ္ဌာန်ပုတီး လက်မှ လွတ်ကျသွားပုံတို့ကို ပြန်မြင်ယောင် စဉ်းစားနေမိခြင်း ဖြစ်၏။

ထိုအရာတို့သည် ထူးခြားဆန်းကြယ်သော ဆက်စပ်မှုတစ်ရပ်

www.burmeseclassic.com



ဟု ဆိုရပါမည်လား။ သို့တည်းမဟုတ် ကြိုတင်ရှေ့ပြေးနိမိတ်ပုံလားဟု ကျွန်ုပ်ကိုယ် ကျွန်ုပ် ဝေခွဲပိုင်းခြားမရအောင် ရှိနေပါတော့သတည်း။

ဝန်ခံချက်။ ။ စာရေးသူတို့ မိသားစု ဖြစ်ရပ်မှန်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

ဖွန့်ပန်းမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com



# ရွှေပင်းအဘွားနှင့်
# ရုပနာလမင်း

www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

ဦးဖိုးဒင် သက်ပြင်းရှည်ကြီးကို ခက်ခဲပင်ပန်းစွာ ချလိုက်မိသည်။

အခုတလော ဦးဖိုးဒင်တစ်ယောက် အကျပ်အတည်းပေါင်းများစွာနှင့် ရင်ဆိုင်နေရ၏။

မအိပ်နိုင်၊ မစားနိုင်ဖြစ်ကာ သောကတွေ နေ့စဉ်နှင့်အမျှ ဒီရေကဲ့သို့ တိုးပွားဖိစီးလာကြသည်။

အဘယ်ကြောင့်ဆိုသော် ဦးဖိုးဒင်သည် ဘဝတစ်လျှောက်လုံး ကံမကောင်း အကြောင်းမလှခဲ့ရှာပါ။

ကျောထောက်နောက်ခံ သားသမီးတစ်ဦးတစ်ယောက်မျှပင် မထွန်းကားဘဲ ယခု အသက်ငါးဆယ်ကျော်သည့်တိုင် ဇနီးသည် ဒေါ်ခင်မွေးနှင့်သာ လင်ကိုယ်မယား နှစ်ဦးတည်း ဝမ်းတစ်ထွာအတွက် ရုန်းကန် ကျော့ဖြတ်နေကြရသည်။

ဝါးခြံပိုင်ရှင်တစ်ဦးထံတွင် နေ့စားဖြင့် ဝါးအငှားခုတ်သည်။

ထိုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်မှာ ကြာပြီး ကာလအတော်ကြာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်နုစဉ်က လုပ်ငန်းကို အားသွန်ခွန်စိုက်ကြိုးစား ပြီးလုပ်ကိုင်နိုင်ခဲ့၏။

ဒီတော့ ယင်းနေ့စဉ်လုပ်အားခနှင့် လင်မယားနှစ်ယောက် စားဝတ်နေရေးအတွက် အပိုအလျှံမရှိသော်လည်း ပြေလည်ရှိသာ။

ယခုတော့ ဦးဖိုးဒင် အသက်ကထောက်လာပြီ ဖြစ်သောကြောင့် ယခင်ကလို ကာယအားကိုးဖြင့် ဘဝကို မရပ်တည်နိုင်တော့။

"မခင်မွေး။ အခုတစ်လော ငါ့ရဲ့ကျန်းမာရေး အခြေအနေ မကောင်းတော့ဘူးကွာ၊ အရင်လို စိတ်သွားတိုင်းလည်း ကိုယ်မပါတော့ ဘူး"

"ကိုဖိုးဒင်ရယ်၊ ရှင် နားနားနေနေလုပ်မှ ဖြစ်တော့မယ်၊ ဘဝတစ်လျှောက်လုံး မရှိအတူ၊ ရှိအတူ ရပ်တည်လာခဲ့ကြတာမဲ့ အခုလည်း ရှင့်ကျန်းမာရေးက အဓိကကျတယ်၊ ကျန်တာဖြစ်သလို ရင်ဆိုင်ကြာပေါ့"

ဇနီးသည် ဒေါ်ခင်မွေးက အားပေးစကားဆိုလာခြင်းအတွက် ဦးဖိုးဒင် အနည်းငယ်တော့ စိတ်သက်သာရာရသွားသည်။

သို့သော် လက်ရှိ အခြေအနေက ဘဝဆန္ဒများကို အကောင် အထည်ဖော်ခွင့်မပေး။

ငယ်စဉ်က အလွန်ပင်ပန်းခဲ့သော ဒဏ်တွေကြောင့် အသက် ကြီးမှ သိသိသာသာ ဖိစီးပြလာခြင်းကို ခံရသည်။

ကျန်းမာရေး တရှောင်ရှောင်ဖြစ်လာသည့်အခါ အလုပ်သွား ရက်ကလည်း မမှန်တော့။

ထိုအခြေအနေကြောင့် လက်ရှိစားဝတ်နေရေးနှင့် ဝင်ငွေ



www.burmeseclassic.com

www.burmeseclassic.com



ဆေးဖိုးဝါးခအတွက် အကြွေး နေ့ပြန်တိုးနှင့် ယူရသည်။

"မခင်ယုံရယ်၊ ကျွန်တော့်ကိုကူညီပါဦး။ ကျွန်တော် ကျန်းမာရေးမကောင်းလို့ ဆေးဖိုးဝါးခအတွက် အခက်အခဲ ဖြစ်နေတယ်၊ အဲဒါ ငွေအတိုးနဲ့ နည်းနည်းလောက် ချေးထားချင်လို့ပါ"

ရွာထဲ၌ နေ့ပြန်တိုးပေးစားသော ဒေါ်ခင်ယုံထံ၌ ဦးဖိုးဒင် အသနားခံ ငွေချေးခဲ့သည်။

"ကောင်းပြီလေ၊ ဒါပေမဲ့ တစ်လပြည့်တာနဲ့ အတိုးရော အရင်းပါ ပြန်ဆပ်ရမယ်နော်"

"စိတ်ချပါ၊ မခင်ယုံရယ်၊ ကျွန်တော် ကတိပေးပါတယ်"

တစ်ကြိမ်မက မပြေလည်တိုင်း ၎င်း၏ အခက်အခဲများ ဖြေရှင်းရန်အတွက် အကြိမ်များလာသည်။

ဒီတော့ နေ့ပြန်တိုး အကြွေးများကလည်း တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီးတစ်ရက် တိုးပွားကာ လည်ပင်းမြှုပ်လာသည်။

ယခုလည်း ဦးဖိုးဒင် သောကဖိစီးရင်း မအိပ်နိုင်၊ မစားနိုင်ဖြစ်လာရသည့်မှာလည်း လွန်ခဲ့သော ရက်သတ္တတစ်ပတ်ခန့်က အကြွေးရှင် ဒေါ်ခင်ယုံ ၎င်းအိမ်သို့ ဒေါနှင့်မောနှင့်လာကာ အကြွေးတောင်းသည်။

"မခင်ယုံရယ်၊ ကျွန်တော်လည်း အရင်လို ကျန်းမာရေးမကောင်းလို့တော့ အလုပ်ပျက်ရက်တွေ များပြီး ငွေအခက်အခဲ ဖြစ်နေလို့ပါ၊ လောလောဆယ် သည်းခံပေးပါလို့ မေတ္တာရပ်ခံပါရစေ"

ဦးဖိုးဒင်က အကြွေးရှင် ဒေါ်ခင်ယုံအား ခြေသလုံးဖက်၍ တောင်းပန်မတတ်ပြောသည်။

ဒါကို ဒေါ်ခင်ယုံက လုံးဝလက်မခံ၊ ရန်တွေ့ပြောဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တို့ ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ၊ သူများအကြွေး ယူတုန်းကတော့ အဲဒီလို အခက်အခဲမျိုးတွေ စဉ်းစားကြပါလား။ အခုမှ ဘာဖြစ်သလေး၊ ညာဖြစ်သလေးနဲ့ တော်တော့်ကို လျှာလှည့်နိုင်လွန်းတဲ့ ဟာတွေ၊ ငွေ့နှစ်ရာပတ်ပြည့်လို့မှ မပေးနိုင်ရင် အမှုဖွင့်တိုင်ကြားပြီး အရေးယူမယ်၊

ပြီးတော့ တော်တို့ ခြံနဲ့အိမ်ကိုပါ သိမ်းမယ်၊ ဒါပဲ ကျုပ် ပြန်မယ်"

ဒေါ်ခင်ယုံသည် ထိုကဲ့သို့ ရန်တွေ့ကြိမ်းဝါးပြောဆိုကာ ခြံထဲမှ ဒေါ်နှင့်မောနှင့် ပြန်လှည့်ထွက်ခွာသွားလေတော့၏။

"ဟွန်း ..."

ထွက်ခွာသွားသော ဒေါ်ခင်ယုံ၏ ကျောပြင်အား ငေးကြည့်ရင်း ဦးဖိုးဒင် သက်ပြင်းရှည်ကြီးကို ပူလောင်စွာ ချလိုက်မိသလို ရင်ထဲမှာလည်း ပြောင်းဆန်အောင် ထိထိခိုက်ခိုက် ဖြစ်သွားရတော့သည်။

ဦးဖိုးဒင် မည်သို့ လုပ်ရမလဲ၊ လတ်တလော မည်သည့်နည်းနှင့်မျှ ဖြေရှင်းနိုင်ရန် လမ်းစမမြင်ချေ။

"ကိုဖိုးဒင်၊ ရှင်တစ်ယောက်တည်း ဒီဒုက္ခတွေကို ဘာကြောင့် ရင်စီးခံနေရတာလဲ"

ထိုအဖြစ်အပျက်၊ ထိုမြင်ကွင်းကို အိမ်အတွင်းမှ ဇနီးဖြစ်သူ ဒေါ်ခင်မွေး မြင်တွေ့ရစဉ်အခါ ခင်ပွန်းသည် ဦးဖိုးဒင်အား ကြည့်လျက် စိတ်မကောင်းဖြစ်ကာ မျက်ရည်များ ကျလာလေသည်။

"ကျွန်မလည်း ရှင့်ဇနီးပါ၊ တစ်မိုးအောက်တည်းမှာ အတူနေပြီး မရှိအတူ၊ ရှိအတူဘဝမျိုးနဲ့ အဲဒီဒုက္ခတွေကို ကျွန်မကိုလည်း မျှဝေပေး နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖနီးသည့် ဒေါ်ခင်မွှေး ထိုကဲ့သို့ကြိတ်ပြီး မျက်ရည်ကျခဲ့ရသည်ကို ဦးဖိုးဒင်ကတော့ မသိရှာချေ။

အိမ်ရှေ့ ဧည့်ခန်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စိတ်သောက ဖိစီးကာ ဂနာမငြိမ် ဖြစ်နေရလေ၏။

ထို့ကြောင့် ဦးဖိုးဒင်သည် ရက်သတ္တတစ်ပတ်အတွင်း၊ သိသိသာသာကြီး ချောင်ကျသွားကာ မအိပ်နိုင်၊ မစားနိုင် ရောဂါတွေ ညစဉ်ကြုံတွေ့ ခံစားနေရခြင်းပင် ဖြစ်ပေတော့သည်။

ယခုလည်း ဦးဖိုးဒင်တစ်ယောက် ထုံးစံအတိုင်း ညအိပ်ရာမဝင်ခင် ရတနာသုံးပါးအား အာရုံပြုကာ ရှိခိုးပူဇော်သည်။ မပျက်မကွက် ဝတ်ရွတ်များအတိုင်း ပြုလုပ်ခဲ့သည်။

ပြီးမှ အိပ်ရာဝင်ခဲ့သည်။

သို့ရာတွင် အိပ်၍ကား မရ၊ အိပ်ရာပေါ် ဘယ်ညာလူးလိမ့်ရင်း သက်ပြင်းမှုတွေကို အကြိမ်ကြိမ်ချနေရသည်။

အကြွေးရှင် ဒေါ်ခင်ယုံ သတ်မှတ်ထားသော ရက်ကလည်း မကြာခင်ပြည့်တော့မည်မို့ ဦးဖိုးဒင်ယခုကဲ့သို့ ကြံရာမရဖြစ်ကာ စိတ်သောက ဗျာပါဒ မီးလောင်ကျွမ်းနေခြင်းပင်။

ဇနီးသည် ဒေါ်ခင်မွှေးကတော့ ဘေးနားတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေလျက်ရှိသည်။

ထို့နောက် ဦးဖိုးဒင်သည် အိပ်ရာပေါ်မှ ထကာ အိမ်အပြင်သို့ ထွက်လိုက်သည်။

အိမ်ရှေ့ခြံဝင်းထဲရှိ ကညင်ပင်ကြီးအောက်မှ ကွပ်ပျစ်လေးပေါ်သို့ ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လကလည်း အလွန်ထိန်ထိန်သာ လင်းလက်နေသဖြင့် လောကဓာတ်တစ်ခုလုံး အင်မတန်မှ ကြည်လင်ထွန်းပနေ၏။

သို့သော် ဦးဖိုးဒင်သည် ''ထိုအလှ၊ ထိုခံစားမှုများကို ရင်ထဲမသွင်းနိုင်။ ဆန့်ကျင်ဘက်ဖြစ်သော သက်ပြင်းအပူများနှင့်သာ ညအလှများကို ဖျက်ဆီးပစ်နေရလေ၏။

ထို့နောက် အိပ်ရာထဲမှာသာ ပြန်လှဲအိပ်လိုက်၏။

ပထမတော့ အိပ်မရ။ ညဦးအတော်နက်လေမှ ညစဉ်အိပ်ရေးပျက်ထားသည့် ဒဏ်တွေကြောင့် စိတ်လွတ်ကိုယ်လွတ် မှေးခနဲအိပ်ပျော်သွားပုံရသည်။

''အဘ ဖိုးဒင် ... အဘဖိုးဒင်''

ထိုစဉ်မှာ ဦးဖိုးဒင်နားဘေးသို့ကပ်ကာ တစ်စုံတစ်ဦးက လာခေါ်နေသည်။

''အဘ ဖိုးဒင်ထပါဦး၊ အဘဖိုးဒင်ကို ကျွန်တော်လာခေါ်တာ''

ဦးဖိုးဒင် အိပ်ပျော်နေရာမှ ခေါ်သံကြောင့် လန့်နိုးသွားသည်။ ကြည့်လိုက်တော့ ဦးဖိုးဒင် အလွန်အံ့ဩကာ မျက်လုံးပြူး ထိတ်လန့်သွားရလေ၏။

''ဟင် ... မြွေကြီး ... မြွေကြီး''

ဦးဖိုးဒင် ရုတ်တရက် အိပ်ရာပေါ်မှ လူးလဲကုန်းထလိုက်ပြီး အထိတ်တလန့်နှင့် လက်ညှိုးတထိုးထိုး ဖြစ်နေလေတော့သည်။

''မကြောက်ပါနဲ့ အဘဖိုးဒင်ရယ်၊ အဘတို့ကို ဒုက္ခပေးဖို့ လာတာမဟုတ်ပါဘူး။ ကူညီပေးမလို့ပါ''

မြွေကြီးက လူလို စကားပြောနေ၍ ဦးဖိုးဒင် ပိုပြီး အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်နိုင်အောင် ဖြစ်သွားရ၏။

ထိုအချိန်မှာ မြွေကြီးက သဘောပေါက် နားလည်ဟန်ဖြင့် ဆက်ပြောလေသည်။

"ကျွန်တော် အခုလို လူတွေအတိုင်း စကားပြောနိုင်တာလည်း အံ့သြစရာ မဟုတ်ပါဘူး၊ ဘဝတစ်ခုက ကုသိုလ်ကောင်းမှု ဒါနအကျိုးဆက်တစ်ခုကြောင့် အခုလို လူတွေအတိုင်း စကားပြောနေနိုင်ခဲ့တာပါ"

ဒီတော့မှ ဦးဖိုးဒင်သည် အံ့သြစိတ်၊ ကြောက်စိတ်များ အနည်းငယ်ပြေကာ ရောမမြွေကြီးဘေးသို့ အသာတိုးကပ်သွားသည်။

သို့သော် သိပ်ယုံကြည်လို့ မရသေး။

"အသက်ကို မှန်မှန်ရှူပြီး စိတ်ကို ငြိမ်အောင်ထားနေပါ အဘဦးဖိုးဒင်၊ ကျွန်တော် အဘဆီလာချင်နေတာ၊ ကူညီချင်နေတာကြာပါပြီ၊ ဒါပေမဲ့ အချိန်အခါမကျသေးတော့ ကျွန်တော် ဘယ်လိုမှ လာမရခဲ့ဘူး။

အခု အဘတို့မှာ ရှိနေတဲ့အခက်အခဲတွေ ပြေလည်သွားအောင် ကျွန်တော် ကူညီပေးဖို့ လာခဲ့တာပါ၊ အဘတစ်ယောက်တည်း ကျွန်တော်နဲ့ လိုက်ခဲ့ပေတော့"

ရောမမြွေကြီးစကားအဆုံးမှာ ဦးဖိုးဒင် ကြက်သီးမွေးညင်းထသွားပြန်သည်။

လိုက်သွားရကောင်းနိုးနိုး၊ မလိုက်ရကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ်နေပြန်၏။

"ကျွန်တော်နဲ့ လိုက်ခဲ့ပါ အဘဦးဖိုးဒင်ရယ်၊ ကျွန်တော်ကို ဘာမှကြောက်စရာမလိုပါဘူး၊ လာ . လာ . အဘ၊ အချိန်သိပ်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ မိုးလင်းသွားရင် အဘတို့ကို ကျွန်တော် မကူညီနိုင်ဖြစ်သွားလိမ့်မယ်"

ဒီတော့မှ ဦးဖိုးဒင်သည် ချက်ချင်းဆုံးဖြတ်ချက်ချကာ မြွေကြီး ခေါ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့လေတော့၏။

မြွေကြီး ခေါ်ဆောင်ရာနောက်သို့ ဦးဖိုးဒင်လိုက်ပါလာရင်း ခွေးများပြန်လာသည်။ ကျွန်းမာရေး ချို့တဲ့ထားသည့် ခဏ်တွေကြောင့် မောပန်းလာသည်။

"လာ အဘဦးဖိုးဒင်၊ ကျွန်တော့် ကျောပေါ်ကို တက်ပြီးလိုက်ခဲ့ပါ"

မြွေကြီးသည် ဦးဖိုးဒင်၏ အခြေအနေကို ရိပ်မိသွားသဖြင့် ဦးဖိုးဒင်အား ကျောပေါ်သို့ တင်ကာခေါ်ဆောင်သွား၏။

တောင်ကုန်းတစ်နေရာသို့ရောက်သောအခါ မြွေကြီးသည် ဦးဖိုးဒင်အား ကျောပေါ်မှ အသာချကာ ပြောလိုက်သည်။

"အဘ ဦးဖိုးဒင်၊ ဒီစေတီလေးကို သိတယ် မဟုတ်လား"

ဦးဖိုးဒင် အတန်ကြာ စဉ်းစားလိုက်သည်။ ပြီးမှ မြွေကြီး၏ အမေးကိုလည်း ဖြေကြားလိုက်သည်။

"သိတော့ သိပါတယ်ကွယ်၊ ဒါပေမဲ့ ဒီစေတီလေးဟာ ဘယ်အချိန် ဘယ်ကာလတည်းက တည်ရှိပြီး ဘယ်သူတည်ခဲ့တယ်ဆိုတာတော့ တိတိကျကျ မပြောနိုင်ကြဘူး"

တောင်ကုန်းလေးပေါ်မှ စေတီလေးကို ကြည့်ရင်း ဦးဖိုးဒင် ဆက်ပြောလာသည်။

"အဲ လူတချို့ ပြောဖူးတာတော့ ဟိုတုန်းက ဒီနယ်ကို စစ်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ခုလူနဲ့ ရောက်လာကြတဲ့ ကုန်သည် လင်မယားနှစ်ဦးနဲ့ သူတို့သားလေး ဒီတောင်ကုန်းလေးမှာ ရက်လအတန်ကြာ နားခိုအောင်းခဲ့တယ်တဲ့'

ဦးဖိုးခင်က မောသွားဟန်ဖြင့် ခေတ္တရပ်ကာ အသက်မှန်မှန် ရှူသွင်းလိုက်သည်။ ပြီးမှ ဆက်ပြောသည်။

"အဲဒီမှာပဲ သူတို့သားလေးဟာ တစ်လမ်းလုံး စစ်ဘေးနဲ့ ဒုက္ခရောက်ခဲ့ရတဲ့ ဒဏ်တွေကြောင့် အပြင်းဖျားပြီး သေဆုံးသွားခဲ့ရ ရှာတယ်တဲ့။

"ပြီးတော့ သေဆုံးသွားတဲ့ သူတို့သားလေးအတွက် ယူကျုံးမရ ဖြစ်ပြီး သွားလေသူ သူတို့သားလေး ဘဝကူးကောင်းဖို့ သူတို့မှာပါလာ တဲ့ ပစ္စည်းတချို့တစ်ဝက်ကို ထုခွဲပြီး ဒီရွာသူရွာသားတွေ အကူအညီ နဲ့ပဲ ဟောဒီ တောင်ကုန်းလေးပေါ်မှာ ဒီစေတီလေး တည်ခဲ့တယ်လို့ ဆိုကြတယ်"

"အဲ နောက်ဆုံးတော့ ရင်နင့်စရာကောင်းလောက်အောင် အဲဒီ ကုန်သည်လင်မယားလည်း ကျန်းမာရေးချို့တဲ့ပြီး ဒီစေတီလေးဘေးမှာ ကွယ်လွန်သွားကြတယ်လို့လည်း သိရဖြန်တယ်"

"အဘဖိုးခင် ပြောတာတွေဟာ အကုန်လုံး အမှန်တွေချည်း ပါပဲ၊ မြောရရင်တော့ မယုံကြည်နိုင်စရာပါပဲ အဘဦးဖိုးခင်ရယ်"

မြေကြီးက ထူးဆန်းစွာ ဆိုလိုက်သဖြင့် ဦးဖိုးခင် တအံ့တသြ ဖြစ်သွားမိလေ၏။

"တစ်ချိန်က အပြင်းဖျားပြီး သေဆုံးသွားတဲ့ ကုန်သည် လင်မယားရဲ့သားဟာ ကျွန်တော်ဖြစ်နေခဲ့သလို အဲဒီကုန်သည်လင်မယား ဟာ ဘယ်သူဖြစ်မယ် ထင်သလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီး၏ အမေးကို ဦးဖိုးဒင်က စိတ်ဝင်စားရှိရင်း ခေါင်းယမ်းဖြေလိုက်သည်။

မြွေကြီးခင်ဗျာ ဦးဖိုးဒင်အား ကြည့်နေရင်းမှ မျက်ရည်များ တသွင်သွင် စီးကျလာရင်း . ။

"အဲ . အဲဒီသူတွေဟာ အဘ ဦးဖိုးဒင်တို့ အခု လက်ရှိ ဇနီးမောင်နှံပါပဲ"

"ဟင်"

မြွေကြီး၏ စကားအဆုံးမှာ ဦးဖိုးဒင် အလွန်အမင်းပင် မအံ့သြသွားကာ မထင်မှတ် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရ၏။

"ကဲပါ အဘဦးဖိုးဒင်ရယ်၊ ဒါတွေကို နောက်မှ ပြောကြတာပေါ့။ အခု အရေးကြီးတာက ယခင် ဘဝဟောင်းက မိဘတော်စပ်ခဲ့တဲ့ အဘတို့ ဇနီးမောင်နှံရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ဖို့ပါ"

"ကဲ ကဲ အဘဦးဖိုးဒင်၊ အချိန်သိပ်မရှိတော့ဘူး။ ဟိုစေတီလေးဘေး ညောင်ပင်ကြီးအောက်က ကျောက်တုံးတွေကို ဖယ်ကြည့်လိုက်ပါ"

မြွေကြီးပြောသလိုပင် ဦးဖိုးဒင်သည် အံ့သြမယုံကြည်နိုင်ရှိနေသော်လည်း ညောင်ပင်ကြီးအောက်မှ ကျောက်တုံးတွေကို ဖယ်ကြည့်လိုက်သည်။

မြွေကြီးပြောသလိုပင် ဦးဖိုးဒင်သည် အံ့သြမယုံကြည်နိုင်ရှိနေသော်လည်း ညောင်ပင်ကြီးအောက်မှ ကျောက်တုံးတွေကို တစ်တုံးချင်းသယ် ထုတ်ရွှေ့လိုက်သည့်အခါ ဦးဖိုးဒင် အင်မတန်မှ အံ့သြသွားရပြန်၏။

"ဟင် . ရွှေ . ရွှေဒင်္ဂါးပြားတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဒီရွှေဒင်္ဂါးပြားတွေဟာ ဘဝဖောင်းက အဘတို့ ဖနီးမောင်နဲ့ သိမ်းဆည်းထားခဲ့တဲ့ပစ္စည်းတွေပါ"

"လူ့ဘဝ ပြန်ရောက်ရှိလာတဲ့အခါ အဘတို့ ဖနီးမောင်နဲ့ကို ပြန်အပ်ဖို့အတွက် ကျွန်တော်ဆန္ဒပြည့်ဝသွားပါပြီ၊ ကျွန်တော်ဟာ မိဘတွေအပေါ် စွဲလမ်းစိတ်နဲ့ သေဆုံးသွားတာဆိုတော့ မြွေကြီးဘဝနဲ့ ပဲ ဒီစေတီလေးမှာ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရတယ်"

ဝမ်းနည်းသံစွက်နေသော မြွေကြီး၏ စကားတို့ကို နားထောင်ရင်း ဦးဖိုးဒင် စိတ်ထိခိုက်လာရသည်။

"ပြီးတော့ အဘတို့ ဖနီးမောင်နှံနဲ့ ဟိုးယခင်ဘဝဟောင်းက ကျွန်တော်တို့ သားအမိ သားအဖသုံးယောက် ဒီနေ့ ဒီအချိန်၊ တစ်ထပ် တည်းကျ ဆုံစည်းရမယ့်အချိန်ကို စောင့်နေခဲ့ရတာ ၊

ကျွန်တော်လည်း မကြာခင်အချိန်မှာ လူ့ဘဝ၊ လူ့လောက ထဲကို ရောက်ရှိတော့မှာပါ၊

ဒီစေတီလေးမှာပဲ ကျွန်တော်အတွက် ရည်စူးပြီး အဘတို့ ကုသိုလ်ကောင်းမှုပြု အမျှအတန်းပေးရင်တော့ ကျွန်တော် ဘဝကူးမြန် မှာပါ"

မြွေကြီးသည် ဦးဖိုးဒင်အား အစအဆုံး ဝမ်းနည်းကြေကွဲစွာ နှင့် ရှင်းပြလေသည်။

"စိတ်ချ စိတ်ချပါ သားရယ်၊ အဘတို့ ဖနီးမောင်နှံ သားကို ကုသိုလ်ပြု အမျှအတန်း ပေးဝေပါ့မယ်ကွယ်"

ဦးဖိုးဒင်သည် စိတ်မထိန်းနိုင်တော့ဘဲ မြွေကြီးအား သားဟု ခေါ်လိုက်မိသလို ယခင်ဘဝဟောင်းမှ သားအဖြစ် တော်စပ်ခဲ့ဖူးသည့်



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးအား ကြည့်ရင်း မျက်ရည်များပင်ရစ်ဝဲလာလေတော့၏။

"ဝမ်းသာလိုက်တာ အဘရယ်၊ အဘ သားရယ်လို့ ခေါ်လိုက်တဲ့အတွက်၊ အသိအမှတ်ပြုလိုက်တဲ့အတွက် ကျေးဇူးတင်လှပါတယ်၊ ဒီရွှေဒင်္ဂါးပြားတွေကို အဘတို့ လိုအပ်သလိုသာ သုံးစွဲနိုင်ကြပါတယ်၊

ကဲ မိုးလင်းတော့မယ် အဘ၊ အဘလည်း အိမ်ပြန်ပါ၊ ကျွန်တော် လိုက်ပို့ပေးမယ်"

မြွေကြီးပြောသည့်အတိုင်း ဦးဖိုးဒင်ဘည် မည်သည့်စကားမျှပင် မပြောတော့၊ တစ်သဝေမတိမ်း လုပ်ဆောင်နေရ၏။

ထို့နောက် မြွေကြီးသည် ဦးဖိုးဒင်အား လာရာလမ်းအတိုင်း ပြန်လည်ပို့ဆောင်ပေးပြီး တောထဲသို့ဝင်ရောက်ကာ ပျောက်ကွယ်သွားလေတော့သည်။

ဦးဖိုးဒင် ရင်းကြုံတွေ့ မြင်မက်လိုက်ရသည့် အိပ်မက်အကြောင်းအား ဇနီးကို ရှင်းပြလိုက်သောအခါတွင် ဇနီးဖြစ်သူ ဒေါ်ခင်မွေးကလည်း။

"တိုက်ဆိုင်လိုက်တာ ကိုဖိုးဒင်ရယ်၊ ကျွန်မလည်း အိမ်မက်ထဲမှာ မြွေကြီးတစ်ကောင် ကျွန်မတို့နဲ့ အတူလာနေပါရစေဆိုပြီး အိပ်မက်မက်တယ်"

"ဟင် ဟုတ်လား၊ တကယ့်ကို ထူးဆန်းတာပဲကွ၊ ဒါပေမဲ့ ငါတို့ဘဝပေါင်းက သားတော်စပ်ခဲ့တဲ့ အဲဒီမြွေကြီးကိုတော့ သနားမိတယ်ကွာ"

"သူ့အတွက် ကျွန်မတို့ ကုသိုလ်ကောင်းမှုပြုပေးကြတာပေါ့ရှင့်"

ထို့နောက်တွင် ဦးဖိုးဒင်တို့ ဇနီးမောင်နှံ တစ်ညတည်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ ထူးထူးဆန်းဆန်း ကြုံတွေ့လိုက်ရသော အဖြစ်အပျက်များသည် တစ်ရွာလုံး ဟိုးလေးတကျော်ကျော်ဖြစ်ကာ လူဝင်လူထွက်များပြား လာခဲ့၏။

ဦးဖိုးဒင်တို့ ဇနီးမောင်နှံသည် ထိုရွာတွင် အကြွေးများကျေလည်သွားသည့်အပြင် ချမ်းချမ်းသာသာဖြင့် နေထိုင်နိုင်ခဲ့လေတော့သည်။

သို့ဖြင့် ဦးဖိုးဒင်တို့ ဇနီးမောင်နှံမှာ အိပ်မက်ထဲမှ ကောင်းကျိုးပြုခဲ့သော မြွေကြီးအတွက်ရည်စူးကာ စောင်ကုန်းပေါ်ရှိစေတီလေးကို အသစ်ပြုပြင်မွမ်းမံသည်။ အမျှအတန်း ပေး၍ သာဓုခေါ်စေသည်။

တစ်နှစ်ကျော်ကျော်တွင် ဦးဖိုးဒင်၏ ဇနီးဖြစ်သူ ဒေါ်ခင်မွေးတစ်သက်လုံး သားသမီးမရရှိခဲ့တဲ့ ယခုအသက်လေးဆယ်ကျော် ငါးဆယ်နားနီးမှဖင် သားယောကျ်ားလေးတစ်ဦး ထူးခြားစွာ မွေးဖွားခဲ့လေ၏။

ထိုကလေးသည် အိပ်မက်ထဲမှ လူဝင်စား မြွေကြီးဟု ဇနီးမောင်နှံ နှစ်ယောက်လုံး အယုံအကြည်ရှိကြသလို၊ ဆင်းရဲခြင်းမှ လွတ်မြောက်ပြီး ဘဝဟောင်းက သားဖြစ်သူနှင့်လည်း ဒီဘဝ၌ ပြန်ဆုံဆည်းရခြင်းမှာ ဘဝတစ်လျှောက်လုံး လေးလေးနက်နက် ဦးထိပ်ပိုးခဲ့သော ရတနာသုံးပါး၏ လက်တွေ့ဂုဏ်ကျေးဇူးဖြစ်ကြောင်း ဦးဖိုးဒင် သိလိုက်လေတော့သတည်း။

ရတနာတံခွန်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်ပြန်ဘုရားကြီးကြောင့် မြန်မာပြည်တွင် ဖလွန်မြို့ကို လွန်စွာမှ လူသိများလှ၏။ ထို့အတူ ဖလွန်မြေသည် ကျွန်ုပ်နှင့် သိပ်စိမ်းလှသည်တော့ မဟုတ်၊ မြန်မာ့ပြည် စစ်အတွင်းကာလက ဖက်ဆစ်များကို တိုက်ထုတ်ရင်း ထိုအရပ်၊ ထိုဒေသသို့ ကျွန်ုပ် အပါအဝင် ရဲဘော်ရဲဘက် သွေးသောက်များဖြစ်ကြသော မိတ်ဆွေကြီး ကပ္ပိယသီလ၊ ကပ္ပိယ ကံကောင်းတို့နှင့်အတူ နှစ်ကြိမ်မျှ ရောက်ရှိခဲ့ဖူးသော အရပ်ဒေသတစ်ခု ဖြစ်သည်။

သို့သော် ထိုစဉ်ကတော့ ယခုသုံးကြိမ်မြောက် ရောက်ရှိရသော ရည်ရွယ်ချက်နှင့်မတူ။ ကျွန်ုပ်သည် စစ်ကြီးပြီးကတည်းက မြန်မာပြည် အထက်အောက်မကျန် ဂန္ဓ ၁ရီခရီး လှည့်လည်ခြင်း၌သာ မွေ့လျော်ခဲ့သူ ဖြစ်သဖြင့် ယခုလည်း ပုပ္ပား၊ စစ်ကိုင်း၊ မကွေးမှတစ်ဆင့် ဖလွန်မြေသို့ ရောက်ရှိလာခြင်းဖြစ်၏။

ကျွန်ုပ်ရောက်ရှိနေသော အရပ်သည် ဖလွန်မြို့နယ်အတွင်းရှိ ရွာကြီးတစ်ရွာမှာ ဘုန်းကြီးကျောင်းတစ်ကျောင်း။ ထိုကျောင်း၌ ရှေးဟောင်းစေတီတော်ကြီးတစ်ဆူရှိသဖြင့် ထိုစေတီကြီးတွင် ရက်သတ္တ တစ်ပတ်ကြာ အဓိဋ္ဌာန်ဝင်ကာ ကျွန်ုပ် တည်းခိုနေခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်ဘုရား တပည့်တော် ဒီကျောင်းမှာ တည်းခို ပြီး စေတီကြီးမှာ ခုနစ်ရက် အဓိဋ္ဌာန်စခန်းဝင်ချင်လို့ ခွင့်ပြုတော်မူပါ ဘုရား"

ဟု ကျောင်းထိုင်ဆရာတော်ထံ၌ ကျွန်ုပ် လျှောက်ထားခွင့် တောင်းခဲ့ခြင်းကြောင့် ဆရာတော်က ကြည်ကြည်ဖြူဖြူပင် လက်ခံ ခွင့်ပြု၏။ ထို့ကြောင့် ကျွန်ုပ် အဓိဋ္ဌာန်ဝင်သော သုံးရက်မြောက်ည သန်းခေါင်ယံတွင် လွန်စွာမှ ထူးဆန်းသောအဖြစ်ကို အံ့သြစွာကြုံရတော့ ၏။

ထိုညက ကျွန်ုပ်သည် ထုံးစံအတိုင်း အဓိဋ္ဌာန်ပြုခြင်းကိစ္စများ ပြီးမြောက်၍ စေတီကြီးနှင့်မနီးမဝေးရှိ အတော်ကလေး အိုးမင်းယိုယွင်း နေသော ဇရပ်တစ်ဆောင်ပေါ်သို့ တက်ရောက်ကာ အနားယူအိပ်စက် နေခြင်းဖြစ်သည်။

သို့ဖြင့် မှေးခနဲ အိပ်ပျော်သွားပြီး မကြာမီမှာပင် အိပ်မက်ထဲ၌ ထိုအဖြစ်ကို ကျွန်ုပ် ကြုံရခြင်းဖြစ်တော့သည်။

"ကပ္ပိယကြီးရှင့် ကျွန်မကို ကူညီပါ၊ ကျွန်မ တောင်းပန်ပါ တယ်၊ ကပ္ပိယကြီး ကူညီပေးမှ ကျွန်မ ချမ်းသာရတော့မှာပါ"

အထက်ပါကဲ့သို့သော မိန်းမပျိုလေး တစ်ဦး၏အသံကို ကျွန်ုပ် အိပ်စက်ရာ ဇရပ်ခေါင်းရင်း၌ အဆက်မပြတ် ကြားလိုက်ရချေ၏။ ရုတ်တရက်ဆိုသလို ကျွန်ုပ် အိပ်ရာမှ လန့်နိုးလာပြီး အသံလာရာသို့ ရှုးစိုက်လိုက်သည့်အခါ အသံက ပီပီသသဖြင့် ပို၍ကျယ်လောင်လာတော့ သည်။ အိပ်မက်ထဲကအတိုင်း အပြင်မှာလည်း တကယ်ကြားနေသေးသည်။

"ကျွန်မ တောင်းပန်ပါတယ် ကပ္ပိယကြီးရယ်၊ ကျွန်မကို ကူညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ၊ ကျွန်မ မကြာခင် ဒုက္ခရောက်ရပါတော့မယ်"

မိန်းမပျိုလေးအသံက သနားစဖွယ် ငိုသံစွက်နေသည်။ ကျွန်ုပ် မည်သို့မှစဉ်းစားမနေတော့ဘဲ အိပ်ရာပေါ်မှထရပ်လိုက်ပြီးနောက် ဇရပ် ခေါင်းရင်းရှိ ပြတင်းချပ်ကို 'ဝုန်း' ခနဲ ဖွင့်လိုက်လေသည်။

မည်သည့်အရိပ်အယောင်သော်မျှမတွေ့။ ညကလည်း လပြည့် ညဖြစ်နေသဖြင့် ပတ်ဝန်းကျင် အရာဝတ္ထုအားလုံးတို့ကို သဲကွဲစွာမြင်ရ သော်ငြား လူနှင့်တူတာဆို၍ ဘာမျှမရှိ။ အတော်ကလေး ထူးဆန်းစရာ ပါပေ့။

"ကယ်ပါ့ယကြီး ကျွန်မကို ကူညီပေးပါရှင်၊ ကျွန်မ ဒုက္ခကို ကယ်တင်ပေးပါဦး၊ ကျွန်မ တောင်းပန်ပါတယ်ရှင်"

အသံလာရာသို့ ကျွန်ုပ် အသေအချာ စူးစိုက်လိုက်သောအခါ ကျွန်ုပ်အိပ်စက်တည်းခိုရာဇရပ်နှင့် မလှမ်းမကမ်းရှိ သရက်ပင်ကြီးတစ်ပင် အောက်မှ ထွက်ပေါ်လာသော အသံပင်ဖြစ်သည်။

ကျွန်ုပ်ရောက်ရှိပြီး နှစ်ရက်မြောက်နေ့တွင် ထိုသရက်ပင်ကြီး အား ရွာသားတစ်စုဖြင့် ခုတ်လှဲနေကြခြင်းရှိ၏။ ဆိုရလျှင်. သရက်ပင် ကြီးသည် သက်တမ်းရင့် အပင်ကြီးဖြစ်နေသည့်အပြင် ထိုအပင်ကြီး၏ ကိုင်းတက်များမှာ ကျောင်းခေါင်မိုးပေါ် အုပ်မိုးလျက်ရှိနေပြီး လေတိုက်၍ ကြွေကျသော သစ်ရွက်တို့ကြောင့် မိုးရာသီတွင် ကျောင်းခေါင်မိုးသွပ်ပြား များ ပျက်စီးနိုင်သည်ဟု ယူဆဖွယ်ရှိ၍ ထိုကဲ့သို့ ရွာသားတစ်စုဖြင့် ခုတ်လှဲနေခြင်းဖြစ်ကြောင်း ကျွန်ုပ် သိထားလေ၏။

ယခု ထိုသရက်ပင်ကြီး အောက်မှလာသော မိန်းမပျိုတစ်ဦး ၏အသံ။ နေရာမလွဲနိုင်။ ပြီးပေ ... ထိုမိန်းမပျိုလေးကား ဘယ်သူနည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကပ္ပိယဖြစ်ကြောင်းကိုလည်း ဤအရပ်၌ မည်သူ့မျှ အသိမပေး ထားပါဘဲနှင့် မည်သို့ကြောင့် သိနေရသနည်း။ အံ့ဩစရာကောင်းနေ တာတော့ သေချာသည်။

"နေစမ်းပါဦး ၊ မိန်းကလေး၊ မင်းက ဘယ်သူလဲ၊ ငါ့ကို ဘာကြောင့်သိနေရသလဲ၊ ပြီးတော့ မင်းမှာ ဘယ်လိုဒုက္ခအန္တရာယ်တွေ ကြုံနေရလို့ အကူအညီတောင်းတာလဲ"

လူရိပ်လူယောင် မမြင်ရသော်လည်း ကျွန်ုပ်က အသံပြုရာ၌ မေခွန်းပေါင်းများစွာကို မေးလိုက်မိသည်။ ထိုအခါ မိန်းမဖျိုလေးက ငိုသံစွက်၍ အောက်ပါအတိုင်း ရှင်းပြလာလေတော့သည်။

"ဟုတ်ကဲ့ ၊ ကျွန်မ အစအဆုံး ရှင်းပြပါ့မယ် ကပ္ပိယကြီး ရှင့်၊ တကယ်တော့ ကျွန်မဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ကျိန်စာ သင့်ခံထားရတဲ့ ဗိဿာဉ်လောကသားတစ်ဦးပါ၊ ဘာကြောင့် ၊ ကျွန်မ ဒီလို ကျိန်စာသင့်ခဲ့ရသလဲဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်က ဥပုသ်နေ့တစ်နေ့ပေါ့၊ အခု ပြည်တော်ပြန်ဘုရားကြီး မနီးမဝေးမှာ ဘုရား ဖူးရောက်လာတဲ့ စားဖားကြီးတစ်ကောင်ကို တွေ့ခဲ့ရတယ်၊

အဲဒီဖားကြီးကို အရှင်ဖမ်းပြီး သစ်ခေါင်းတစ်ခုထဲမှာ ပိတ်ဆို့ ထားမိခဲ့တယ်၊ ဒီတုန်းက ကျွန်မဟာ ကလေးအရွယ်ဆိုတော့ ရှေ့ဖြစ်လာ မယ့်ဆိုးကျိုးတွေကို ဘာမှမစဉ်းစားမိခဲ့ဘူး။

ဒါနဲ့ သစ်ခေါင်းထဲမှာ အရှင်ဖမ်းထည့် ပိတ်ဆို့ထားတဲ့ အဲဒီ ဖားကြီးကို သတိရပြီး ကစားဖို့ထုတ်ကြည့်တဲ့အခါ လုံးဝအသက်မရှိတော့ ဘူး၊ အဲဒီညမှာပဲ ကျွန်မ အပြင်းဖျားပြီး အိပ်မက်မက်တာတာပဲ၊ အိပ်မက်ထဲမှာ ကျွန်မ အရှင်ဖမ်းပြီး သစ်ခေါင်းထဲမှာ ပိတ်သတ်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် သွားခဲ့တဲ့ အဲဒီဖားကြီးဟာ ကျွန်မကို မကျေမနပ်နဲ့ ကိုနိုစာဟိုက် တော့တာပဲရှင်၊ သူ့ကို အခုလို ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့အတွက် ကျွန်မလည်း အခုလိုဘဝမျိုးနဲ့ သစ်ခေါင်းထဲမှာ မကြာခင် ပြန်ခံစားရ လိမ့်မယ်လို့ ကျိန်စာတိုက်ပြီး အိပ်မက်ထဲကနေ ပျောက်ကွယ်သွားတယ်၊

ဒီလိုနဲ့ ကျွန်မလည်း မကြာခင်မှာ ဘယ်သမားတော်၊ ဘယ် ဆေးဝါးမှ မတိုးဘဲ အစားအသောက် စားမရ၊ အသက်ရှူမဝဖြစ်ပြီး သေဆုံးခဲ့ပါတော့တယ်၊ အဲဒီလို သေဆုံးတဲ့အခါမှာပဲ ကျိန်စာတိုက်ခဲ့တဲ့ အတိုင်း အခုလိုဝိညာဉ်ဘဝမျိုးနဲ့ ကျွန်မ နှစ်ပေါင်းများစွာ ခံစားနေရတာ ပဲရှင်၊ မကြာခင် ကျွန်မဒုက္ခ အကြီးအကျယ်ရောက်ရတော့မယ့်အတွက် ကပ္ပိယကြီးဆီမှာ အသနားခံပြီး အခုလိုအကူအညီ တောင်းရခြင်းဖြစ် ပါတယ်၊ ပြီးတော့ ကပ္ပိယကြီးကို ဘာကြောင့် ကျွန်မ သိရသလဲဆိုရင် ဒီရောက်ကတည်းက ကပ္ပိယကြီးဟာ သုံးဆယ့်တစ်ဘုံ ဝေနေယျများ အတွက် မေတ္တာပို့လွှတ်နေတော့ အဲဒီမေတ္တာဓာတ်ကြောင့် ကျွန်မ အခုလို သိရှိပြီး အကူအညီတောင်းနိုင်ခွင့်ရခဲ့တာပါ"

ဟု မိန်းမပျိုလေးသည် သူမ၏ ယခုကဲ့သို့ ခံစားရောက်ရှိ နေသော ဘဝဖြစ်စဉ်နှင့် တကွ ကျွန်ုပ်ကို ကြိုသိရခြင်း အကြောင်းပါ အပြည့်အစုံရှင်းပြလာသောကြောင့် ကျွန်ုပ် ဖာတ်ရေလည် သဘော ပေါက်သွားတော့သည်။

သို့သော်လည်း ကျွန်ုပ် ယခုကြုံတွေ့နေရသည့် အဖြစ်အပျက် များအနက် လူမမြင်၊ အသံသာကြားနေခြင်းအတွက် များစွာ အံ့သြနေမိ သည်မှာ ငြင်းဆို၍မရ၊ အင်မတန်မှ ထူးဆန်းလှပေသည်။

ထို့ကြောင့် အနှိမိန်းမပျိုလေးသည် မည်သည့်နေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါသနည်း။ ထိုမေခွန်းက ပို၍စိတ်ဝင်စားစရာ ဖြစ်နေပြန်တော့၏။

"ကောင်းပြီ မိန်းကလေး၊ ဒါပေမဲ့ မင်းကို ငါဘယ်လိုကူညီပေးရမလဲ၊ ပြီးတော့ မင်းဘယ်မှာရှိနေသလဲ"

ဟု ကျွန်ုပ်က စိတ်ဝင်တစားမေးလိုက်သည့်အခါ မိန်းမပျိုလေးက နဂိုအတိုင်းသာ အသံပေးမြီး ရှင်းပြလာတော့သည်။

"ကျေးဇူးကြီးလှပါတယ် ကပ္ပိယကြီးရှင့်၊ ကျွန်မဟာ အခုချိန်မှာ ရုပ်သဏ္ဍာန် ပြလို့မရနိုင်ပါဘူး၊ အသံနဲ့သာ ဆက်သွယ်လို့ရပါတယ်၊ ကျွန်မ ရှိနေတဲ့နေရာက ကပ္ပိယကြီးအခုမြင်နေတဲ့ သရက်ပင်ကြီးထဲမှာပါ၊ အခု အဲဒီသရက်ပင်ကြီးကို ကျောင်းခေါင်မိုးနဲ့မလွတ်ဘဲ သစ်ရွက်ကြွေတာ ပျက်စီးမှာစိုးလို့ဆိုပြီး ရွာသားတစ်စု ခုတ်လှဲနေကြတာ တစ်ဝက်ကျော်ကျော်ရောက်နေပါပြီ၊ သူတို့ ခုတ်လှဲကြတဲ့ ခုတ်ရာတည့်တည့်မှာ ကျွန်မ ရှိနေပါတယ်၊ ရှေ့ဆက်ပြီး သူတို့ သစ်ပင်လဲတဲ့အထိ ခုတ်လှဲကြတာနဲ့ ကျွန်မ ဦးခေါင်းလည်း ပြတ်သွားမှာပါ၊ ဒါကြောင့် ကျွန်မ မကြာခင်သေရတော့မှာမို့ ရွာသားများကို တားမြစ်ပေးဖို့ ကပ္ပိယကြီးထံမှာ အသနားခံ အကူအညီတောင်းရခြင်း ဖြစ်ပါတယ်၊ ကပ္ပိယကြီး ကူညီပေးပါနော်"

သည်တော့မှ မိန်းမပျိုလေး ရှင်းပြလာမှုနှင့်အတူ လက်ရှိလူသားများ ခုတ်လှဲလက်စရှိဆဲ သရက်ပင်ကြီး အခြေအနေတို့အား သတိပြုမိလေတော့သည်။

လွန်ခဲ့သောနေ့က ရွာသားများ ထိုသရက်ပင်ကြီးအား ဆက်လက်ခုတ်လှဲကြရာတွင် တစ်ဝက်သာ ခရီးရောက်ခဲ့ကြ၏။ နောက်နေ့မှ ဆက်လှဲကြမည်ဟု ပြောကြ၍ ကျွန်ုပ် ထိုကဲ့သို့သိရှိရခြင်းဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးတော့ ထိုသရက်ပင်ကြီးကို မြေပြင်မှ နှစ်တောင်မှ္ခ ခွာပြီး ခုတ်လှဲနေကြခြင်းကိုလည်း ကျွန်ုပ် မြင်တွေ့ရလေသည်။

"မင်းကို ငါကူညီပါ့မယ် မိန်းကလေး၊ အခု ခုတ်လှဲစနေရာကနေ အပေါ်တစ်တောင် ထပ်ပြီးတိုးလိုက်ရင် အန္တရာယ်က မင်းလွတ်ပြီ မဟုတ်လား"

ဟုမေးလိုက်လေ၏။ ထိုအခါ မိန်းမပျိုလေးက ဝမ်းသာစွာဖြင့် –

BURMESE CLASSIC

"ဟုတ် ဟုတ်ကဲ့၊ လွတ်ပါတယ် ကပ္ပိယကြီးရှင့်၊ ကျွန်မ ဝမ်းသာလိုက်တာ၊ ကပ္ပိယကြီးရဲ့ ကျေးဇူးကိုလည်း ကျွန်မ မမေ့ပါဘူး"

ပြောပြီး မိန်းမပျိုလေးလည်း ကျွန်ုပ်အား နှုတ်ဆက်ကာ အသံများ ပျောက်ကွယ်သွားလေသည်။

သို့ဖြင့် ကျွန်ုပ်သည် နောက်တစ်နေ့ရောက်သောအခါ ထိုသရက်ပင်ကြီးအား ဆက်လက်ခုတ်လှဲကြမည့် ရွာသားများနှင့်တကွ ကျောင်းထိုင်ဆရာတော်ထံ၌ ညကကြုံတွေ့ခဲ့ရသည့် ထူးဆန်းသော အဖြစ်အပျက်အတိုင်း ရှင်းပြလျှောက်ထားလိုက်သောအခါ အားလုံး အံ့သြကြသည်။ ပထမတော့ ကျွန်ုပ် ရှင်းပြသည့်အတိုင်း မယုံကြည်ကြပါ။ နောက်ပိုင်းမှ ကျွန်ုပ် အကြိမ်ကြိမ် ကျိုးကြောင်းဆီလျော်အောင် ရှင်းပြ တားမြစ်နေခြင်းကြောင့် ကံ၊ကံ၏အကျိုးနှင့်တကွ လောကီ လောကုတ္တရာ သံသရာဘုံသားတို့၏ ဆက်စပ်မှုလမ်းစဉ်များကို နားလည် ကျွမ်းကျင်နေသော ကျောင်းထိုင်ဆရာတော် ကိုယ်တိုင်ရှင်းပြပေးမှပင် ရွာသားများ လက်လျှော့သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရွာသားတို့သည် ထိုသရက်ပင်ကြီးအား ကျွန်ုပ်မြဲသေခြနေရာမှပင် အသစ်တစ်ဖန် ခုတ်လှဲရာတွင် မူလနေရာမှ အပေါ်တစ်တောင်ထက်တိုးလျက် ခုတ်လှဲကြခြင်းဖြစ်ပေသည်။

ထိုနေ့မှစ၍ သုံးရက်မြောက်သောနေ့တွင် သရက်ပင်ကြီးလဲပြိုကျသွားတော့သည်။ ထိုသရက်ပင်ကြီး လဲပြိုသွားပြီးနောက် ကျန်ရှိခဲ့သောအငုတ်ကို ရွာသားတို့အကူအညီဖြင့် ကျွန်ုပ်ကိုယ်တိုင်ပါဝင်ပြီး တဖြည်းဖြည်း အတွင်းထဲသို့ ဖွဲ့ယူကြည့်သောအခါ မြေပြင်မှ အပေါ် နှစ်တောင်ခန့်တွင် သက်ရှိဖားတစ်ကောင်နှင့် ခွဲခြားမရအောင် တူလှသောလက်တစ်ဝါးခန့်ရှိ သစ်ရုပ်ဖားတစ်ကောင်ကို ထူးဆန်းအံ့သြစွာ တွေ့ရှိရလေတော့၏။

BURMESE CLASSIC

သို့ဖြင့် ညသို့ရောက်သောအခါ ဝိညာဉ်လောကသား မိန်းမပျိုလေးတစ်ဖြစ်လဲ ကျိုန်စာသင့် သစ်ဖားရုပ်လေးသည် အိပ်မက်ထဲတွင် ကျွန်ုပ်ထံသို့ ဒုတိယအကြိမ်မြောက်ရောက်ရှိလာပြီး အောက်ပါအတိုင်း ပြောဆိုပြန်ပါသည်။

"ကျိန်စာသင့်ဘဝက လွတ်မြောက်ခါနီးမှာ အခုလို ကျွန်မအသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကပ္ပိယကြီးကို ကျေးဇူးတင်ပါတယ်၊ ကပ္ပိယကြီး အခုလို ကျွန်မအသက်ကို အလွယ်တကူ ကယ်တင်နိုင်ခဲ့တာလည်း အခြားကြောင့်တော့ မဟုတ်ပါဘူး၊ ကပ္ပိယကြီးဟာ မေတ္တာသီလ၊ သမာဓိနဲ့ပြည့်စုံတဲ့သူမို့လို့ အခုလိုကယ်တင်နိုင်ခဲ့တာဖြစ်ပါတယ်၊ ဒါကြောင့် ကပ္ပိယကြီး ကယ်တင်ခဲ့တဲ့ ကျွန်အသက်ဟာ တန်ဖိုးရှိအောင်၊ ကပ္ပိယကြီးရဲ့ ဂုဏ် ဒရိခရီးစဉ်အတွက်လည်း အကျိုးရှိအောင် ကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ ကျွန်ုပ်မရဲ့ ဒီဘဝ ဒီခန္ဓာကို ဖလွှန်မြို့က ပြည်တော်ပြ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးမှာ သွားရောက်လှူဒါန်းပြီး ဘဝကူးသွားတော့မှာပါ။ ကပ္ပိယကြီးကို ကျွန်မ နှုတ်ဆက်ခဲ့ပါတယ်''

ဟု ရှည်လျားစွာ ရှင်းပြပြောဆိုပြီး မိန်းမပျိုလေးတစ်ဖြစ်လဲ သစ်ဖားရုပ်လေး အိပ်မက်ထဲမှ ပျောက်ကွယ်သွားလေတော့သည်။

ကျွန်ုပ် အိပ်မက်မှလန့်နိုးနိုးချင်း ကျွန်ုပ်၏အိပ်ရာနံဘေး စားပွဲပေါ်၌ ညကတင်ထားခဲ့သော သစ်ဖားရုပ်လေးမှာ ထူးဆန်းစွာ ပျောက်ဆုံးသွားကြောင်းတွေ့ရလေ၏။

BURMESE CLASSIC

''ကောင်းရာဘုံဘဝ ရောက်ပါစေ''ဟု ကျွန်ုပ် ဆုတောင်းပေးပြီး နောက်တစ်နေ့ အရုဏ်အလင်းရောက်သောအခါ ကျွန်ုပ်၏ ခုနစ်ရက်မြောက် အဓိဋ္ဌာန်စခန်းသည်လည်း အောင်မြင်သွားပြီဖြစ်သဖြင့် ကျောင်းထိုင်ဆရာတော်နှင့် ရွာသူရွာသားတို့အား နှုတ်ဆက်ကာ ကျွန်ုပ် ခရီးထွက်ခွာခဲ့လေတော့သတည်း။

မှတ်ချက်။ ။ ဓလ္လန့်မြို့မှ မိတ်ဆွေတစ်ဦး၏ ပြောပြချက်ကို အခြေခံ၍ ရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော အရိုးအိုး နှင့်
# ထွန်ဝေါ် ထံကြိမ်



www.burmeseclassic.com

www.burmeseclassic.com

(၃)

ထင်မှတ်မထားပြန်သော အတိုးအဆို၏ စကားများကြောင့်
စွန့်ကာစိတ်မနှံ့လှူပါ ယူဆထားမိသော . . .
ကျွန်ုပ်၏ သံသယစိတ်တို့မှာ
ရှုတ်ချည်းပျောက်ကွယ်သွားကြတော့သည် . . .
တကယ်ကို အံ့ဩဖွယ်ပါတကား . . .

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေခင်း၌ လွန်စွာမှ ဆင်းရဲချို့တဲ့ပုံရသော အဘိုးအို တစ်ဦးသည် ကျွန်ုပ်၏ ထမင်းဆိုင်လေးသို့ ရောက်ရှိလာလေ၏။

ထိုအချိန်တွင် ကျွန်ုပ်၏ဆိုင်ကလေးကို စားသုံးသူပြတ်သွားသောကြောင့် အားလုံး စွက်ယောက်ပန်းကန်များ သိမ်းဆည်းနေဆဲပင် ရှိသည်။

သို့သော် ထိုအဘိုးအိုအား ကျွန်ုပ် စမြင်တွေ့လိုက်ရစဉ်ကတည်းကပင် ကျွန်ုပ်၏စိတ်နှလုံးတို့အား သိမ်းကျုံးယူလိုက်သကဲ့သို့ ခံစားရပြီး ထိုအဘိုးအိုကို အဆင်သင့်နေရာပေးလိုက်မိသည်။

အခါတိုင်းဆိုလျှင် ကျွန်ုပ်သည် ဆိုင်ပိတ်ပြီဆိုကတည်းက မည်သူတစ်ဦးတစ်ယောက်မျှ အဝင်ခံလေ့မရှိတော့။ "ဆိုင်ပိတ်သွားပြီ၊ ကျေးဇူးပြု၍ နောက်ရက်မှ လာရောက်သုံးဆောင်ပါ" ဟု ခပ်တင်းတင်း ခပ်ပြတ်ပြတ် ပြောလွှတ်လေ့ရှိသည်။

ယခုတော့ ထူးထူးခြားခြား ဖြစ်နေသည်။ ထိုအဘိုးအိုအား မနှင်ရက်သည့်အပြင် နေရာထိုင်ခင်းပါ ကြည်ကြည်သာသာ တက်တက်ကြွကြွ ပေးလိုက်သောကြောင့် ကျွန်ုပ်ဆိုင်၌ အမှုထမ်းလူငယ်လေးနှစ်ယောက်နှင့် အချက်အပြုတ်၊ မီးဖိုချောင်ကိစ္စအတွက် အားလုံးစီမံခန့်ခွဲထားသော မမယ်စိန်သည် ကျွန်ုပ်အားကြည့်ကာ အလွန်အံ့ဩနေကြချေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး အေးအေးဆေးဆေး အမောဖြေပါဦး။ ပြီးမှ အဘိုး အလိုရှိရာသာ မှာပြီးသုံးဆောင်ပါ"

ကျွန်ုပ် ထိုကဲ့သို့ ဖော်ရွေလိုက်လှဲစွာပြောလိုက်သည့်အခါ အဘိုးအိုသည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြုံးသည်။

"ဒါနဲ့ အဘိုး ဘယ်အရပ်ကလာခဲ့ပါသလဲ၊ စပ်စုတယ်လို့တော့ မထင်ပါနဲ့နော် အဘိုး"

အဘိုးအိုသည် မည်သည့်စကားမျှ မဟာသေးဘဲ တစ်ဆိုင်လုံးကို ဝေ့ကြည့်ကာ အကဲခတ်နေသည်။

ကျွန်ုပ်က မျက်နှာရိပ် မျက်နှာကဲပြလိုက်သဖြင့် ဆိုင်အမှုထမ်း လူငယ်လေးနှစ်ဦးနှင့် မမယ်စိန်တို့ ဆိုင်အတွင်းထဲသို့ ဝင်ရောက်သွားကြသည်။

"အဘိုး လွတ်လွတ်လပ်လပ် ပြောမယ်ဆိုရင် ပြောလို့ရပါပြီ"

ကျွန်ုပ်စကားကြောင့် အဘိုးအိုသည် အလွန်နားလည်ရခက်သော အမူအရာတစ်မျိုးနှင့် ကျွန်ုပ်အား ကြည့်လာရင်း ဆိုလေသည်။

"ရေတစ်ခွက်ပဲ သောက်ချင်တယ်"

ကျွန်ုပ် မျှော်လင့်ထားသလို စကားမျိုးမဟုတ်လာသောကြောင့် ကျွန်ုပ် ပို၍ပင် အဘိုးအိုအပေါ် အထူးအဆန်း ဖြစ်မိသွားလေ၏။

"မောင်ရင် ကျုပ်အတွက် ရေတစ်ခွက်လောက်ရနိုင်မလား"

ကျွန်ုပ် စဉ်းစား အတွေးလွန်နေစဉ်မှာ အဘိုးအိုက ဒုတိယ အကြိမ်ထပ်မေးလိုက်သောကြောင့် ကျွန်ုပ် ကြောင်အမ်းအမ်းဖြစ်နေရာမှ အသိဝင်သွားရတော့သည်။

"ရ ရပါတယ် အဘိုး၊ အဘိုး ခေတ္တလောက် စောင့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ပြောပြီး ဆိုင်ရှေ့ထောင့် ရေအိုးစင်ရှိရာသို့ ခပ်သုတ်သုတ်သွားပြီး ရေအိုးထဲမှ ရေမှုတ်ခွက်အပြည့်ခပ်ယူလိုက်သည်။ ပြီးနောက် အဘိုးအိုအား တရိုတသေ ပေးလိုက်လေ၏။

"အဘိုး ရော့၊ ကြိုက်သလောက် သောက်ပါ၊ လိုအပ်ရင်လဲ ထပ်ပြောပါ"

အဘိုးအိုက ကျွန်ုပ်လက်ထဲမှ ရေမှုတ်ကိုယူကာ တည်ငြိမ်စွာ သောက်သည်။ တစ်မှုတ်လုံး အကုန်မသောက်ဘဲ တစ်ဝက်မျှချန်ထားပြီးလျှင် ကျွန်ုပ်လက်ထဲသို့ ပြန်ပေးလာလေ၏။

"ကျန်နေတဲ့ ရေတစ်ဝက်ကို မောင်ရင် သောက်လိုက်ပါ၊ ပြီးတော့ အဲဒီခွက်ကို ဟိုးတောင်အောက် လွင်ပြင်ဆီမှာ သွားပြီးပစ်လိုက်ပါ"

"ဗျာ"

မည်သို့မျှ အဆက်အစပ်မရှိ။ လတ်တလော အဓိပ္ပာယ်မဲ့နေလွန်းသော အဘိုးအို၏စကားများကြောင့် ကျွန်ုပ်ကိုယ်တိုင် ရူးချင်ချင် ဖြစ်သွားမိလေ၏။

ထိုအဘိုးအိုသည် စိတ်မနှံ့သူတစ်ဦးပင် ဖြစ်နေရောသလားဟု ကျွန်ုပ် သံသယစိတ်ဖြင့် သတ်မှတ်မိလိုက်၏။

"မောင်ရင် ကျုပ် အခုပြောတာတွေကြောင့် အံ့ဩနေလို့လဲ ဘာမှအကျိုးရှိမလာနိုင်ဘူး၊ ကျုပ်ပြောတဲ့အတိုင်းသာ ဒီညနေ နေမဝင်ခင် ဆောင်ရွက်ပါ၊ အဲ မဆောင်ရွက်လည်း ကိစ္စမရှိဘူး ကျုပ် ဒီကိုလာရတာလည်း အခြားကြောင့်မဟုတ်ဘူး၊ မောင်ရင်ဟာ ဟိုးရှေးက တည်းက မိဘကို အဖမတန်မှ ရှိသေ၊ ကျေးဇူးသိတတ်သူ ဖြစ်နေလို့ လာခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်မထားပြန်သော အဘိုးအိုဓါ်စကားများကြောင့် ခုနက စိတ်မနှံ့သူဟု ယူဆမိထားသော ကျွန်ုပ်၏ သံသယစိတ်တို့မှာ ရုတ်ချည်း ပျောက်ကွယ်သွားကြတော့သည်။ တကယ့်ကို အံ့ဩဖွယ်ပါတကား။

ရှင်းရလျှင်ကား အဘိုးအိုသည် ကျွန်ုပ် မီဘဲအပေါ် ငယ်စဉ်ကတည်းက ရှိသေသိတတ်မှုများကို မပြောပြဘဲ မည်သို့ကြောင့် သိထားရလေသနည်း။ ဒုတိယအချက်ကမူ ကျွန်ုပ်ထံ မမျှော်လင့်ဘဲရောက်လာပြီး ထူးထူးဆန်းဆန်း အလုပ်တစ်ခုကို မည်သို့ကြောင့် တိုက်တိုက်တွန်းတွန်း လုပ်နိုင်းလေသနည်း။ ထိုအချက်များကြောင့် ကျွန်ုပ်အတွက် အံ့ဩထူးဆန်းနေမိခြင်းဖြစ်သည်။

"အဘိုး ကျွန်တော် မေးတာတွေလည်း ဖြေပါဦး"

"ပြောပြီးပြီပဲ၊ ကျုပ်လာတာ ဒီအတွက်ပဲ၊ တခြားအကြောင်း ပြောဖို့ ဘာတစ်ခုမှမပါဘူး"

အဘိုးအိုက ခပ်ပြတ်ပြတ်ပင် ပြောပြီး နေရာမှထဖို့ ဟန်ပြင်သည်။

"အဘိုး တစ်ခုခုသုံးဆောင်သွားပါဦးလား"

"မင်း တော်တော်ခက်တဲ့ လူငယ်ပဲ၊ ဒါကြောင့် လူတွေဟာ ခက်တယ်လို့ ပြောကြတာ၊ ကိုယ်နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ အလုပ်ကိုတော့ ဝီရိယမရှိဘူး၊ အကျိုးမရှိတာတွေတော့ အကျိုးရှိတယ် ထင်နေကြတယ်၊ ဒီလိုရှိနေကြလို့လည်း ဒီလိုပုံစံမျိုးတွေနဲ့ ကြုံနေကြရတာ"

အဘိုးအို၏စကားများကို ကျွန်ုပ်မည်သို့မျှ လိုက်မမီ နား မလည်နိုင်အောင်ရှိနေပြီး ခြေအစုံရပ်လျက် ကြောင်အမ်းအမ်းဖြစ်နေဆဲမှာပင် အဘိုးအိုသည် နှုတ်မဆက်၊ တစ်ချက်ပင် လှည့်မကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ နေရာမှ တရွေ့ရွေ့ ထွက်ခွာပျောက်ကွယ်သွားလေတော့၏။

ထို့နောက် ကျွန်ုပ်သည် ရုတ်တရက်ဆိုသလို အဘိုးအို ထူးထူးဆန်းဆန်းရောက်ရှိလာပုံနှင့် အံ့ဩနားမလည်နိုင်ဖွယ် ပြောသွားသောစကားတို့ကိုသာ အထပ်ထပ် ပြန်စဉ်းစားမြင်ကြည့်ပြီး ခေါင်းပိုရှုပ်ထွေးရုံသာ ရှိလာ၏။ မည်သည့်အဖြေမှ ရမလာ။

"မောင်ရင်ဟာ ငယ်စဉ်ကတည်းက မိဘကို အင်မတန်မှ ရှိသေကျေးဇူးသိတတ်သူမို့လို့" ဆိုသည့် အဘိုးအို ပြောသွားသောစကားများမှာ အလွန်ထူးဆန်းနေကြောင်း ငြင်းဖွယ်ရာမရှိချေ။ ပြီးတော့ ကျွန်ုပ် အကြောင်းကို မပြောဘဲနှင့် ထိုအဘိုးအို မည်သို့ကြောင့် အစတ်သိနေရသနည်း။

ဘာကြောင့် အဖြေတိတိကျကျ မပေးဘဲနှင့် ရောက်လာရသနည်း။

နောက်ပြီး ရေတစ်မှုတ်–တစ်ခက်ကို ဘာကြောင့် ကျွန်ုပ်အား တိုက်သွားရသနည်း။

အဲဒီရေမှုတ်ကိုလည်း ဒီညနေ ဓနုမဝင်ခင် ဟိုးတောင်အောက်ခပ်ဝေးဝေး လွင်ပြင်ဆီ မည်သို့ကြောင့် သွားစွန့်ပစ်ခိုင်းရသလည်း။

"ဘာတွေလဲ ... ဘာကြောင့်လဲ"

စဉ်းစားရင်း စဉ်းစားရင်းနှင့် ကျွန်ုပ် ခေါင်းထဲ ချာလပတ်လည်လာကြတော့၏။

သို့ဖြင့် ကျွန်ုပ်သည် ဘာပဲဖြစ်လေဟု ဆုံးဖြတ်ကာ ထိုအဘိုးအိုမှာကြားသွားသည့်အတိုင်း တောင်အောက်သို့ ရေမှုတ်ခွက်အား သွားစွန့်ပစ်ရန် ဆိုင်အမှုထမ်း လူငယ်လေးနှစ်ယောက်အား မယယ်စိန့်ကို



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းမှာကြားပြီး ကျွန်ုပ် တောင်အောက်သို့ ဆင်းသက်ခဲ့လေတော့၏။

တောင်အောက်သို့ လေးဆယ့်ငါးမိနစ်ခန့် ခြေကျင်ဆင်းပြီးလျှင် တောင်ခြေရှိ လွင်ပြင်ထဲသို့ ကျွန်ုပ် ရောက်လာခဲ့သည်။

ထိုအချိန်၌ ကျွန်ုပ် မြင်ကွင်းထဲသို့ လွန်စွာမှ အံ့ဩစရာကောင်းလှသော အမှောင်ရိပ်ကြီးများနှင့် ကောင်းကင် တစ်ပြင်လုံး မည်းမှောင်လာကြလေ၏။ ထိုအတူ မရှေးမနှောင်းမှာပင် ကျွန်ုပ် ထမင်းဆိုင်ကလေးရှိရာ တောင်ကုန်းအထက်ဆီမှ ကြောက်ခမန်းလိလိ သဲမုန်တိုင်းကြီး တိုက်ခတ်ပြီးဆင်းလာမှုများကို ကြောက်မက်ဖွယ် မြင်တွေ့ ရင်ဆိုင်လိုက်ရတော့သည်။

"အလို ဘုရား ဘုရား၊ မောင်ထွန်း၊ မောင်သောင်းတင်နဲ့ မမယ်စိန်တို့တော့ ဒုက္ခရောက်ပြီနဲ့တူတယ်"

ထိတ်လန့်စိုးရိမ်စွာ ဘုရားတရင်း ကျွန်ုပ်ကိုယ်ခန္ဓာတစ်ခုလုံးအား သိမ်းကျုံးကိုင်မြှောက်လိုက်သကဲ့သို့ ခံစားလိုက်ရသည်။

တကယ့်ကို အံ့ဩစရာ ကောင်းလောက်အောင် နာရီပိုင်းအတွင်း မိနစ်ပိုင်းအတွင်းဝယ် တောင်ကုန်း၊ တောင်အုပ်တစ်ခုလုံးသည် သဲမုန်တိုင်းအောက်၌ ပြားပြားဝပ်ဆင်းသွားကြလေပြီ။

"ဝုန်း"

"ဝရော"

"ဝေါ"

စိတ်မကောင်း ရင်နင့်စွာဖြင့် မသည်းကွဲတော့သော မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ထမင်းဆိုင်လေးရှိရာ တောင်ကုန်းဆီမှ လူသုံးယောက်၏အကြွ တို့ကို မှန်းမျှော်ကြည့်မိလိုက်သည်။

ထိုကဲ့သို့ သဘာဝဘေး ဒုက္ခဆိုး၊ မမြင်နိုင်သော အန္တရာယ်များသည် အမြဲတမ်း မဟုတ်သော်လည်း ထိုနေရာ၊ ထိုအရပ်တွင် မထင်မှတ်သောအချိန်မှာပင် ကျရောက်တတ်လေ့ရှိသည်ကို မည်သို့ကြောင့် ကျွန်ုပ် ကြိုတင် မစဉ်းစားမိခဲ့လေသနည်း။

ယူကြုံးမရ ဝမ်းနည်းစိတ်ဖြင့် နေရာမှာပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ကျွန်ုပ် ဆုတောင်းမေတ္တာများ ပို့သလိုက်မိသည်။

"သူတို့အားလုံး ဘေးအန္တရာယ်မှ မဖြစ်ကြပါစေနဲ့" ဟူ၍ဖြစ်၏။ ယခုမှပင် ကျွန်ုပ်ခေါင်းထဲသို့ အသိတစ်ခုက လက်ခနဲ ဝင်ရောက်လာပြီး နားလည်လိုက်ရသောအရာမှာ အဘိုးအိုသည် ကျွန်ုပ်အား မည်သို့ကြောင့် ယခုကဲ့သို့ အလုပ်ကိုလုပ်ခိုင်းရသလဲ ဆိုတာပင်ဖြစ်သည်။

အမှန်တော့ ၊ မိဘအပေါ် ငယ်စဉ်ကတည်းက ရှိသေကျေးဇူး သိတတ်ခဲ့သော၊ မိဘများ ကျွန်ုပ် ငယ်စဉ်ကတည်းက ကွယ်လွန်သွားခဲ့သော်လည်း ကျွန်ုပ်သည် မိဘများအတွက် ရည်စူးကာ နေ့စဉ်ဝတ္တရားမပျက် ကုသိုလ်ကောင်းမှုပြု၊ အမျှအတန်းပေးဝေခဲ့သော ကောင်းမှု တွေက ကျွန်ုပ်အား အသက်အန္တရာယ်ဘေးမှ ကယ်တင်စောင့်မလိုက် ခြင်းဟု အကြွင်းမဲ့ ယုံကြည်လိုက်၏။


သို့ဆိုလျှင် ကျွန်ုပ်ထံအား ရောက်ရှိလာသော အဘိုးအိုသည် လူလော၊ နတ်လော၊ မည်သည့်ပုဂ္ဂိုလ်မျိုးနည်း ဆိုသည်ကိုတော့ ကျွန်ုပ် အတတ်မပြောနိုင်ဘဲ ရှိနေလေတော့သတည်း။

ဩကာသမဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၀၇



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၈)

သို့ဖြင့် . . . . .

ထိုကြေးခွံသတ္တာလေးအား အပေါ်သို့ ကော်ကော်ခဲခဲ

မော်ယူပြီး ဖွင့်ကြည့်လိုက်လျှင်

ဟင် . . . , ရွှေ . . . ရွှေဒင်္ဂါးပြားတွေပါလား . . .

သတ်ိရ၍ ဆိတ်ဖြူပေါက်လေးအား

လှည့်ကြည့်လိုက်သောအခါ တုံးလုံးလေးလဲနေပြီး

အသက်လုံးဝမရှိတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



၁

အလွန်ပူအိုက်သော နွေရာသီ ညတစ်ညတွင် မောင်ကံလှ တစ်ယောက် အိမ်ထဲ၌ ချွေးပြိုက်ပြိုက်ကျမတတ် အင်မတန်မှ ပူလောင်နေသောကြောင့် အိမ်ရှေ့ဝါးကွပ်ပျစ်ဟောင်းလေးသို့ထွက်ကာ လေညင်းခံ အနားယူရင်း မမျှော်လင့်ဘဲ မှေးခနဲ အိပ်ပျော်သွားရ၏။

တစ်နေကုန် တစ်နေခန်း ဝါးခုတ်ရ၍ အလုပ်ဖိစီး ပင်ပန်းကာ မောမောနှင့် အိပ်ပျော်သွားသည်ဟု ဆိုရလိမ့်မည်။

"ငါ့သားလေး အလုပ်ပင်ပန်းလို့နဲ့တူရဲ့ အိပ်ချင်အိပ်ပါစေလေ"

အိမ်ထဲတွင်ရှိသော မိခင်မုဆိုးမကြီး ဒေါ်ကျင်မြကလည်း ၎င်း၏သားကလေး အလုပ်ပင်ပန်းနေရှာသောကြောင့် အိပ်ပါစေဟူ၍သာ စေတနာပွားလျက် အိမ်ထဲသို့ မခေါ်ယူတော့ဘဲ သည်အတိုင်းထားကာ မောင်ကံလှအား နှစ်နှစ်ခြိုက်ခြိုက် အိပ်စေခဲ့လေ၏။

ဒီလိုဖြင့် ညဉ့်နက်သန်းခေါင်ကျော်ခန့်အချိန်တွင် မောင်ကံလှ တစ်ယောက် အိပ်မောကျနေရာမှ အလွန် ထူးဆန်းအံ့ဩစရာကောင်းသော အိပ်မက်တစ်ခုကို မြင်မက်ရလေ၏။

၎င်းမြင်မက်လေ့ရှိသော အိပ်မက်မျိုးမဟုတ်ဘဲ ဒီတစ်ကြိမ်သာ ထိုအပ်မက်မျိုးကို မြင်မက်ဖူးခြင်း ဖြစ်လေသည်။ ထိုအိပ်မက်ထဲတွင် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော ဆိတ်ဖြူပေါက်လေးတစ်ကောင်သည် မောင်ကံလှ နေ့စဉ်ဝါးခုတ်ရာ တောထဲရှိ ရေစီး အလွန်သန်သော စမ်းချောင်းတစ်ခုထဲ၌ နစ်မြုပ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲတွင် ထို ဆိတ်ဖြူပေါက်လေးသည် "ကယ်ကြပါ၊ ကယ်ကြပါ" ဟူ၍ လူတစ်ယောက်ကဲ့သို့ အော်သေသောကြောင့် တိရစ္ဆာန်က လူအတိုင်း အော်သည်ကို မောင်ကံလှ တစ်သက်နှင့်တစ်ကိုယ် မတွေ့ဖူး၊ မကြားဖူးလေသဖြင့် အလွန်အံ့သြ မယုံကြည်နိုင်အောင် ရှိနေမိ၏။

သို့ရာတွင် မောင်ကံလှသည် အံ့သြ မယုံကြည်နိုင်အောင်စိတ်ကို ချက်ချင်းဖျောက်ကာ ဘာပဲဖြစ်ဖြစ်ဟု စိတ်ဒုံးဒုံးချ ဆုံးဖြတ်လိုက်လေ၏။

ထိုကဲ့သို့ ဆုံးဖြတ်ချက်ချပြီး ဆိတ်ဖြူပေါက်လေးအား ငုင်းအသက်နှင့်ရင်း၍ ရေထဲမှဆည်ယူရန် ကြိုးစားနေချိန်မှာပင် မောင်ကံလှတစ်ယောက် မည်သို့ဖြစ်မှန်းမသိ အိပ်မက်မှ ရုတ်တရက် လန့်နိုးသွားရ၏။

အိပ်ရာမှ နိုးနိုးချင်း အိပ်မက်ထဲမှ အဖြစ်အပျက်တို့ကို ပြန်စဉ်းစားလေကာ အံ့သြ မယုံကြည်နိုင်အောင် ဖြစ်နေရသည်။ သို့သော် မောင်ကံလှသည် နံနက်မိုးလင်းလျှင် ဘဝပေးတာဝန်အရ အလုပ်တစ်ဖက်က ရှိနေသေး၍ ခေါင်းရှုပ်ခံကာ ထိုကိစ္စကို ရှည်ရှည်ဝေးဝေး စဉ်းစားဖို့အချိန်မရဘဲ သွေးလေချောက်ချားပြီး မက်သောအိပ်မက်ဟုသာ အလွယ်တကူပင် ဖြေဖျောက်တွေးဖြင့် သဘောထား မေ့ဖျောက်ပစ်လိုက်လေ၏။

"သားလေး မောင်ကံလှ ထတော့လေကွယ်၊ သားလေး အလုပ်သွားရဦးမယ် မဟုတ်လား"

နံနက်မိုးလင်းတော့ မိခင်ကြီး ဒေါ်ကျင်မြက နှိုးယူသတိပေးလိုက်မှပင် မောင်ကံလှ အိပ်ရာမှ ကပျာကယာကျိုးထပြီး မျက်နှာသစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ပြီးတော့ မိခင်ကြီး အဆင်သင့် ခူးခပ်ပြင်ဆင်ပေးထားသော ပဲပြုတ်နှင့် ထမင်းကြမ်းကို အဆာပြေ စားသောက်လေသည်။ ပြီးနောက် –

"အမေ သွား ဝါးခုတ်သွားလိုက်ဦးမယ်၊ ဒီနေ့ အိမ်ပြန်နည်းနည်းနောက်ကျလိမ့်မယ် ထင်တယ်"

မောင်ကံလှသည် မိခင်ကြီးအား အကျိုးအကြောင်းပြောကာ အိမ်မှ တက်သုတ်ရိုက် ထွက်ခွာခဲ့လေသည်။

မောင်ကံလှတို့နေထိုင်သော အရပ်ကား အလွန်ဝါးထွက်သော အရပ်ဒေသတစ်ခုဖြစ်သလို လူအားလုံးလိုလိုကလည်း ဝါးခြိုက်၊ ဝါးခုတ်ခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြလေ့ ရှိ၏။

''ဖျတ် ဖျတ် ဖျတ်''

ငင်းခုတ်နေကျ ဝါးခြိုကို မရောက်ခင် လမ်းတစ်ဝက်၌ မည်သူက ထောင်သွားမှန်းမသိသော မုဆိုးထောင်ချောက်တစ်ခုတွင် ဖြူဖြူသတ္တဝါလေးတစ်ကောင်မိနေသည်ကို မလှမ်းမကမ်းမှ မောင်ကံလှ မြင်တွေ့လိုက်ရ၏။

ပထမတော့ ငင်းနှင့်မသက်ဆိုင်၍ ရှောင်ကွင်းသွားရန် စဉ်းစားမိသေးသည်။ သို့သော် မည်သူထောင်ထောင်၊ မည်သည့်သတ္တဝါဖြစ်ဖြစ် ဒုက္ခရောက်နေလျှင် မကြည့်ရက် မမြင်ရက်လိုသော မောင်ကံလှသည် ဘာပဲဖြစ်ဖြစ်ဟု ဆုံးဖြတ်ကာ ထိုသတ္တဝါလေးအား ကယ်တင်ရန် အလျင်အမြန်ပင် သွားလိုက်လေ၏။

"ဟင် ဆိတ် ဆိတ်ဖြူပေါက်လေးတစ်ကောင်ပါလား"

အနားသို့ရောက်ရှိသွားသည့်အခါတွင် မမျှော်လင့် မထင်မှတ်ဘဲ တစ်ကိုယ်လုံးဖွေးဖွေးဖြူနေသော ဆိတ်ဖြူပေါက်လေးတစ်ကောင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမှန်းသိလိုက်ရသဖြင့် အလွန် အံ့သြသွားမိလေ၏။

ဆိုရလျှင်ကား ၎င်းညက အိပ်မက်ထဲမှ မြင်မက်ခဲ့ရသော ဆိတ်ဖြူပေါက်လေးနှင့် တစ်ပုံစံတည်း တစ်ရွယ်စားတည်း ချွတ်စွပ်တူနေခြင်းကြောင့် ဖြစ်သည်။

မောင်ကံလှသည် မည်သို့မျှမစဉ်းစား အချိန်ဆွဲမနေတော့ဘဲ အလုပ်သွားရန် ရည်ရွယ်ချက်ကိုဖျက်သိမ်းကာ ဘေးဘီဝဲယာသို့ တစ်ချက်ဝေ့ကြည့်ပြီး ထောင်ချောက်မှ ထို ဆိတ်ဖြူပေါက်လေးအား ဖြုတ်ယူ ကယ်တင်လိုက်ပြီးနောက် အိမ်သို့ပင် တစ်ပါတည်း ယူဆောင်ခဲ့လေတော့၏။

အိမ်သို့ရောက်သည့်အခါ မိခင်ကြီးကို အကျိုးအကြောင်း ရှင်းပြလိုက်သည့်အခါ သတ္တဝါအသက်တစ်ချောင်းကို ကယ်တင်ခဲ့သည် ၎င်းအတွက် မိခင်ကြီးသည် သာဓုအကြိမ်ကြိမ်ခေါ်ရင်း ဝမ်းသာပီတိ ဖြစ်နေလေ၏။

ထို့နောက် ထိုဆိတ်ဖြူပေါက်လေးသည် ဂနာမငြိမ်ဖြစ်ကာ မောင်ကံလှ ခြေထောက်အား သူ့ဇါတ်ထွက်ခါစ ဦးချိုဖြင့် ဝှေ့ဝှေ့ပြီးနေ၏။ ပထမတော့ မောင်ကံလှ သတိမထားမိပါချေ။ ထို ဆိတ်ဖြူပေါက်လေးက မောင်ကံလှအား ဦးချိုဖြင့် အကြိမ်ပေါင်း အခါပေါင်းများစွာ ဝှေ့နေသည့် အခါမှပင် မောင်ကံလှ သံသယဝင်ကာ ရိပ်မိသွားတော့သည်။ ၎င်းအား တစ်နေရာရာသို့ ခေါ်ယူနေခြင်းဖြစ်မှန်းသိရှိရ၏။

ထို့ကြောင့် မောင်ကံလှသည် ထူးတော့ထူးဆန်းသည်ဟု အံ့သြ စိတ်ဖြစ်ကာ ထို ဆိတ်ဖြူပေါက်လေး သွားရာနောက်သို့ မျက်ခြည်မပြတ် လိုက်ပါခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၎င်းအိပ်မက်ထဲမှ မြင်ယောင်ခဲ့သည့်အတိုင်း ဝါးခြံသို့မရောက်ခင် အလွန်ကြောက်စရာကောင်းအော်င မက်စောက်ပြီး ရေစီးသန်လွန်းသော စမ်းချောင်းကမ်းနဖူးဘေးအရောက်တွင် ထိုဆိတ်ဖြူပေါက်လေးသည် မောင်ကံလှ ခြေထောက်အား ဦးချိုဖြင့် ဝှေ့ပြန်လေသည်။

ပြီးမှ ကညင်ပင်ကြီးတစ်ပင်အောက်သို့ ခေါ်ယူကာ အပင်ခြေရင်းသို့ သူ၏ဦးချိုဖြင့် ထွေ့၍တူးပြလျက် ရှိလေ၏။ ထိုနေရာကို ဆိတ်ဖြူပေါက်လေးက ၎င်းအား တူးခိုင်းနေကြောင်း သိရှိရလေ၏။

ထို့ကြောင့် မောင်ကံလှသည် ၎င်းတွင် တူးစရာပါမလာ၍ အနီးရှိတွေ့သော သစ်ကိုင်းတစ်ချောင်းကို ချိုးယူကာ ဆိတ်ဖြူပေါက်လေး ညွှန်ပြသည့်နေရာအား တူးကြည့်လိုက်သည်။

တူးရင်းတူးရင်း ချွေးပြန်မောပန်းလာသလို မြေအောက်တစ်တောင်နက်နက်ခန့် တူးမိသော်လည်း မည်သည့်အရာဝတ္ထုမျှ မတွေ့ရသေးပေ။ စိတ်တော့ နည်းနည်းပျက်ချင်ချင် ဖြစ်မိသွားသည်။

''ဒုတ်''

မာထန်သော အရာဝတ္ထုတစ်ခုပေါ်သို့ သစ်ကိုင်းဖြင့် ထိုးမိသွားခြင်းဖြစ်သည်။ သေသေချာချာ တူးကြည့်လိုက်သောအခါ တစ်မိုက်ပတ်လည်ခန့် ကြေးသေတ္တာလေးတစ်လုံး ဖြစ်နေသည်။

သို့ဖြင့် ထိုကြေးသေတ္တာလေးအား အပေါ်သို့ ခက်ခက်ခဲခဲဖော်ယူပြီး ဖွင့်ကြည့်လိုက်လျှင် ရွှေဒင်္ဂါးပြားတွေကို တအံ့တဩ တွေ့လိုက်ရလေတော့၏။

''ဟင် ... ရွှေ ... ရွှေဒင်္ဂါးပြားတွေ ဖါလား''



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သတိရ၍ ဆိတ်ဖြူပေါက်လေးအား လှည့်ကြည့်လိုက်သည့်အခါ မောင်ကံလှနှင့် မလှမ်းမကမ်းတွင် တုံးလုံးလေးလဲနေသည်။ ချက်ချင်းပြေးပြီး ထိုဆိတ်ဖြူပေါက်လေးအား ကြည့်လိုက်တော့ အသက်လုံးဝမရှိတော့ပေ။

"ဖြစ်မှဖြစ်ရလေ ဆိတ်ဖြူလေးရာ"

မောင်ကံလှ စိတ်မကောင်းစွာဖြင့် ရေရွတ်ရင်း ထိုဆိတ်ဖြူပေါက်လေးအား ကြေးသေတ္တာလေး တူးဖော်ရရှိခဲ့သည့်နေရာမှာပင် ကောင်းစွာမြှုပ်နှံသင်္ဂြိုဟ်လိုက်လေတော့၏။

ထို ကြေးသေတ္တာလေးနှင့် ရွှေဒင်္ဂါးပြားများကိုတော့ မောင်ကံလှ ယူဆောင်လာခဲ့သည်။

ထိုနေ့ညတွင် မောင်ကံလှအား ထို ဆိတ်ဖြူပေါက်လေးက အိပ်မက်လာပေးပြန်လေ၏။

၎င်းအား ကူညီခဲ့သည့်အတွက် ကျေးဇူးတင်သည့်ဖြစ်ကြောင်းနှင့် မကြာခင်အချိန်မှာ လူ့ဘဝလူ့လောကထဲသို့ ရောက်ရှိလာခဲ့မည်ဖြစ်ကြောင်း၊ ပြီးတော့ တစ်ချိန်သော လူ့ဘဝအခါက ၎င်းပိုင်ဆိုင်သော ရွှေဒင်္ဂါးပစ္စည်းများစွာ့အနက် တစ်ဝက်ကို မောင်ကံလှနှင့်ထိုက်၍ မောင်ကံလှအား ပေးခဲ့သည်ဖြစ်ကြောင်းနှင့် ကျန်တစ်ဝက်ကိုတော့ ၎င်းအတွက် ဘဝကူးမြန်စေရန် ကုသိုလ်ကောင်းမှုများပြုပေးရန် တောင်းဆိုသွားလေသည်။

ထိုဆိတ်ဖြူပေါက်လေး အိပ်မက်ပေးသွားသည့်အတိုင်း ရွှေဒင်္ဂါး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံကို ငှင်းယူကာ ကျန်တစ်ပုံကိုတော့ ထိုဆိတ်ဖြူပေါက်လေးအတွက် ဘဝကူးမြန်စေရန် ဂုသိုလ်ကောင်းမှုပြု အမျှအတန်း ပေးဝေပေးလိုက် လေ၏။

ပို၍ အံ့သြမယုံကြည်နိုင်စရာ ကောင်းသည့်အချက်က မကြာမီ အချိန်ကာလမှာ အိပ်မက်ထဲမှ ဆိတ်ဖြူပေါက်လေး လူ့ဘဝ၊ လူ့လောက ထဲသို့ အမှန်တကယ်ရောက်ရှိလာခဲ့ခြင်းကြောင့် ဖြစ်၏။

မယုံကြည်၍ကလည်း မရချေ။ တိုက်တိုက်ဆိုင်ဆိုင်ပင် တစ်ချိန် မှာ မောင်ကံလှ၏ သားလုရတနာလေးတစ်ဦး ဖြစ်လာခြင်းကြောင့်ပင်။ ငှင်း၏ မိခင်ကြီး ဆုံးပါးသွားပြီး မကြာခင်မှာပင် ငှင်းအိမ်ထောင်ပြု လိုက်သည်။

သို့ဖြင့် ငှင်းဇနီးတွင် ကိုယ်ဝန်ရစဉ်က အိပ်မက်တစ်ကြိမ်ပေး၍ မွေးဖွားပြီး စကားပြောတတ်လာသောအခါလည်း သူ ဆိတ်ဖြူပေါက် လေးဘဝက မောင်ကံလှအား ရွှေဒင်္ဂါးဘယ်နှစ်ပြားပေးခဲ့ကြောင်း၊ ဘယ်မှာဆုံစည်းခဲ့ကြောင်း စသည်တို့အား သက်သေအထောက်အထား များဖြင့် ပြန်ပြောပြနိုင်ခဲ့ခြင်းကြောင့် ဖြစ်၏။

ယခုဆိုလျှင် ထိုဆိတ်ဖြူပေါက် လူဝင်စားလေးမှာ အသက် (၁၂)နှစ်ကျော်ပင်ရှိလေပြီ။ အမည်ကိုတော့ မှတ်မှတ်ရရ ဖြစ်စေရန် မောင်ကံထူးက ဆိတ်ပေါက်ဟု ပေးထားလေ၏။

ပို၍ထူးခြားသောအချက်မှာ ထိုဆိတ်ဖြူပေါက် လူဝင်စားလေး သည် ဆိတ်မြင်လျှင် အင်မတန်မှချစ်တတ်သလို ဆိတ်သားဆိုလျှင်လည်း ယခုအချိန်အထိ လုံးဝရှောင်ကြဉ်ခြင်းပင် ဖြစ်လေသည်။

ရတနာမွန်ဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၉)

ရက်ရက်စက်စက် အသတ်ခံရတဲ့
ဧရာသူမရဲ့ ကျိန်စာကြောင့် . . .
တစဖျက် ဒုက္ခကြီးစွာ ကြုံရသော
ပိုက်ဆူကြီး မိသားစုတစ . . .

www.burmeseclassic.com

www.burmeseclassic.com



အခုတစ်ခေါ ဦးတိုးစိန်တို့ ပိုက်ဝမ်းပိတ်ရသည်မှာ အခြေအနေ သိပ်မကောင်း။ မိုးကလည်း အတော်လေးပါးနေသဖြင့် ထင်သလောက် ငါးများလည်း မတိုးချေ။ ထို့ကြောင့် ဦးတိုးစိန်နှင့် တကွ ပိုက်သူပိုက်သားအားလုံး စိတ်ညစ်နေကြရလေ၏။

စိတ်မညစ်လည်း ခံနိုင်ရိုးလား။ ပိုက်သူကြီး ဦးတိုးစိန်အတွက်က တော်သေးသည်။ မတော်တာက ဦးတိုးစိန်ထံတွင် နေ့စားဖြင့် ပိုက်အငှားလိုက်ပေးသူများပင် ဖြစ်သည်။ ၎င်းတို့က တစ်နေ့လုပ်မှ တစ်နေ့စားပင်ဖြစ်သောကြောင့် တံငါသမားဘဝမှာ ဆိုရိုးရှိသည့်အတိုင်း လှေဦးစိုမှ ဝမ်းစိုသလို လှေဦးခြောက်တော့ ဝမ်းလည်းခြောက်ရတော့မည့် အခြေအနေ။

"မောင်လှိုင်နဲ့ ဝင်းဗိုလ်၊ ဒီတစ်ရေကျပြီးရင် ပိုက်တွေအပြီး သိမ်းတော့ကွာ။ ငါအိမ်ပြန်နှင့်မယ်"

ဦးတိုးစိန်က ၎င်း၏အလုပ်သမားတို့ကို စိတ်ပျက်လေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ မကြာမီမှာပင် ဦးတိုးစိန်တစ်ယောက် ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ္စယတို့ကို ပီနံအိတ်ဖြင့် တည့်ယူထမ်းပိုးကာ အိမ်ရှိရာသို့ ပြန်ခဲ့လေ၏။

ဦးတိုးစိန် နေထိုင်ရာအိမ်နှင့် ပိုက်ဝမ်းပိတ်သော ဖောင်တဲက အတော်လေးတော့ လှမ်းသည်။ တစ်မိုင်လောက်တော့ ရှိမည်ထင်၏။ ထိုခရီးကို နေ့စဉ်နှင့်အမျှ ခေါက်တုံ့ခေါက်ပြန်သွားရသဖြင့် ဝေးသည်ဟုတော့ မဆိုသာ။ ဦးတိုးစိန်တို့လို တံငါသမားတွေအတွက် ဤခက်ခဲမှုက ထမင်းစားရေသောက်သလိုသာရှိပြီး ဤအလုပ်နှင့် ဦးတိုးစိန် အသက်မွေးခဲ့သည်မှာလည်း နှစ်သုံးဆယ်ပင်ကျော်လေပြီ။

စီးပွားရေးမှာ အရမ်းအပြေလည်ကြီး မဟုတ်သော်လည်း ဦးတိုးစိန်တို့ရွာလေးတွင်တော့ ဦးတိုးစိန်တို့မိသားစု လူနေမှုအဆင့်က အလယ်အလတ်မှာရှိသည်ဟု ဆိုရမည်။

''ဒီနေ့ အိမ်ပြန်စောလှချည်လားအစ်ကို၊ ငါးသိပ်မတိုးဘူးနဲ့တူတယ်''

အိမ်သို့ရောက်ရောက်ချင်း ဇနီးသည်က ဦးတိုးစိန်ကို အံနည်းငယ် စိတ်ပျက်လေသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။

''ဟုတ်တယ်မစောလှ ... မိုးလိုက်သိပ်မကောင်းတော့ ဒီရက်အတွင်း ငါးလည်း ထင်သလောက်မဆင်းကြဘူး၊ မောင်လှိုင်တို့အဖွဲ့ကို ဒီတစ်ရေပြီးရင် ပိုက်ပြန်သိမ်းခဲ့ဖို့တော့ မှာခဲ့တယ်''

ဦးတိုးစိန်က ရှင်းပြပြီး ပက်လက်ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ပြီးမှ ဇနီးသည်ကို လှမ်းပြောလိုက်သည်။

''ထမင်းဝိုင်းပြင်တော့ မစောလှရာ၊ ထမင်းစားပြီးရင် အစ်ကို စောစောအိပ်ရာဝင် အနားယူတော့မယ်''

ထိုညနေက ဦးတိုးစိန်သည် ထမင်းစားပြီးနောက် အမှန်



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် စောစောအိပ်ရာဝင်ဖြစ်ခဲ့လေ၏။

ညဉ့်ဦးပိုင်းသို့ရောက်သောအခါ ဦးတိုးစိန်တစ်ယောက် အလွန်ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။ ထိုအိပ်မက်ထဲတွင် ငါးတစ်ပိုင်း လူတစ်ပိုင်းနှင့် ရှိနေသော ရေသူမတစ်ကောင်က ၎င်းအား ဦးတိုးစိန်ပိုက်ထဲသို့ မတော်တဆဖမ်းမိနေခဲ့လျှင် ၎င်းကိုပြန်လွှတ်ပေးရန် တောင်းပန်အသနားခံသည်။

ချောင်းရိုးထဲတွင်ရှိသည့် ငါးတွေ အားလုံးကိုလည်း ဦးတိုးစိန်ပိုက်ဝမ်းထဲ အကုန်ဝင်အောင် မောင်းသွင်းပေးမည်ဟု ပြောပြီး မြန်မြန်ခနဲ အိပ်မက်ထဲမှ ပျောက်ကွယ်သွား၏။

ဦးတိုးစိန်တစ်ယောက် အိပ်မက်မှ ရုတ်တရက် လန့်နိုးလာပြီး အိပ်မက်ထဲက အဖြစ်အပျက်တွေကို ပြန်စဉ်းစားကြည့်သောအခါ လူတစ်သိန်းမှာတစ်ယောက်မရှိနိုင်သော အဖြစ်အပျက်မို့ ထိုထူးဆန်းသော အိပ်မက်အား မယုံကြည်နိုင်လောက်အောင် ဘာအံ့တသြဖြစ်နေမိသည်။

ထိုညတစ်ညလုံး ဦးတိုးစိန်တစ်ယောက် ပြန်အိပ်မပျော်တော့သဖြင့် ငုတ်တုတ်ထိုင်စဉ်းစားကာ မိုးစင်စင်လင်းခဲ့ရတော့၏။ ထိုညက မှတ်မှတ်ရရ ဝါခေါင်လဆန်း (၁၄)ရက် ညပင်ဖြစ်သည်။

နံနက်မိုးသောက် အလင်းရောက်သည့်အခါ ဦးတိုးစိန်သည် ပိုက်ဝမ်းပိတ်ရာ ဖောင်တဲသို့ အရောက်သွား၏။ ချောင်းရိုးထဲတွင် မြေပြန့် ကျုံချိန်နီးသဖြင့် ညက မောင်းလှိုင်တို့အဖွဲ့ ရုပ်သိမ်းထားခဲ့သော ပိုက်ကို ကမန်းကတန်း ချောင်းရိုးထဲသို့ ပြန်ချပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ မောင်လှိုင်တို့တစ်ဖွဲ့လုံး နားမည်ဟု ညကတည်းက ကြိုတင်ပြောထားခဲ့သဖြင့် ဦးတိုးစိန်တစ်ယောက်တည်း ပိုက်ဝမ်းပိတ်ရခြင်းဖြစ်သည်။ ညက အိပ်မက်ထဲကအတိုင်း အမှန်တကယ်ဖြစ်လာခဲ့မည်ဆိုလျှင်တော့ ဦးတိုးစိန်အတွက် သာ၍ကောင်းပါသည်။ နို့မဟုတ် မောင်လှိုင်တို့အဖွဲ့အား နေ့စားခပေးနေရချေဦးမည်။ ဦးတိုးစိန်သည် ထိုသို့တွေးရင်း ဆေးလိပ်ဖွာလိုက်၊ ရေနွေးကြမ်းသောက်လိုက်ဖြင့် ရေစစ်ချိန်ကို စောင့်နေတော့၏။

သို့ဖြင့် မကြာခင် ရေစစ်သွားသည့်အခါ ပိုက်ဖော်(ပိုက်ရုပ်)ရန် ချောင်းရိုးထဲသို့ဆင်းသွားပြီး ပိုက်ကိုဖော်ကြည့်လိုက်စဉ် ဦးတိုးစိန်တစ်သက်မှာ အံ့ဩမယုံကြည်နိုင်လောက်အောင် ညက အိပ်မက်ထဲကအတိုင်း အချိန်နှစ်ဆယ်ကျော်ခန့်ရှိ ရေသူမတစ်ကောင်ကို ပိုက်ထဲမှာ ဖမ်းမိနေလေ၏။ ပြီးတော့ အိပ်မက်ထဲတွင် ၎င်းရေသူမ ပြောခဲ့သည့်အတိုင်း ငါးများဖြင့်လည်း ပိုက်တစ်ခုလုံးပြည့်လျှံနေတော့၏။

ဦးတိုးစိန်တစ်သက်မှာ တစ်ကြိမ်မျှမကြုံဖူးသောအဖြစ်မို့ ဝမ်းလည်းဝမ်းသာ၊ အံ့လည်းအံ့ဩဖြင့်ရှိနေပြီး ၎င်းအဖြစ်အား ပြန်ပြောလျှင် ယုံနိုင်ဖွယ်တောင် ရှိကြလိမ့်မည်မထင်ချေ။

ထို့နောက် ဦးတိုးစိန်တစ်ယောက်တည်း ပိုက်ထဲမှငါးများကို မနိုင်မနင်း လှယ်ယူလိုက်သလို ဖမ်းမိထားသော ရေသူမကိုလည်း လုံခြုံသောနေရာတွင် အုပ်ဆိုင်းထားလိုက်သည်။

ဦးတိုးစိန်သည် ၎င်းရရှိထားသောငါးများကို ဖောက်သည်အချို့အား အကြောင်းကြားပြီး ဖောက်သည်ပြန်သွင်းလိုက်သလို လူ့ဘဝ၊ လူ့လောကတွင် ကြောက်စရာအကောင်းဆုံးသော လောဘရမ္မက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငှင်းဖမ်းမိထားသော ရေသူမအား ပြန်လွှတ်လိုက်လျှင် အလွန်နှမြောစရာကောင်းသည်ဟု တွေးကာ ငှင်းရေသူမအား ခေါင်းမှဖြတ်၍ သတ်ပစ်လိုက်သည်။

ပြီးတော့ ရေသူမ အသားတို့မှာ အချိန်နှစ်ဆယ်ကျော်ခန့်ရှိနေသဖြင့် ဦးတိုးစိန်နှမြောမည်ဆိုလည်း နှမြောစရာ။ ထို့ကြောင့် ဦးတိုးစိန်သည် ငှင်းရေသူမအသားကို လင်းပိုင်အသားအဖြစ် လိမ်ညာရောင်းချခဲ့သလို ငှင်း၏အဆီများကိုလည်း လင်းပိုင်အဆီအဖြစ် လိမ်ညာပြီး ချက်ရောင်းခဲ့ပြန်သည်။

သို့သော် ငှင်းအသားများ၊ အဆီများကို မည်သူမျှ ဝယ်ယူခြင်းမရှိကြသလို အလကားပေးတောင် ယူမည့်သူမရှိကြချေ။ အားလုံးကရေသူမအသားဟု သိကြ၍ မဝယ်ယူခြင်းလည်း မဟုတ်ပါ။ အလွန်အံ့သြစရာကောင်းသော ထိုထူးခြားချက်ကြောင့် ဦးတိုးစိန်သည် အနည်းငယ်စိုးရိမ်လာခဲ့သလို မိမိ မှားသွားပြီလားဟုပင် သံသယဝင်လာမိတော့သည်။

ဒီလိုဖြင့် ဝါခေါင်လပြည့် (၁၅)ရက် ညရောက်သည့်အခါ ညဉ့်နက်သန်းခေါင်ကျော်ကျော် ဦးတိုးစိန် အိပ်ပျော်နေသည့်အချိန်ငှင်းရေသူမက ဒုတိယမြောက် အိပ်မက်လာပေးလေတော့၏။

အိပ်မက်ထဲတွင် ငှင်းရေသူမသည် ငှင်းအားပိုက်ဖြင့်ဖမ်းမိနေခဲ့လျှင် ပြန်လွှတ်ပေးပါဟု အကြိမ်ကြိမ်တောင်းပန် အသနားခံခဲ့သော်လည်း ဦးတိုးစိန်သည် လောဘရမ္မက်ဖိစီးကာ ငှင်းအား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သလို ချောင်းရိုးထဲရှိငါးများကို မောင်းသွင်းပေးခဲ့တော့တော့ယူပြီး ငှင်းအပေါ်အား ကတိသစ္စာမတည်ဘဲ ဖောက်ခဲ့သလို ဦးတိုးစိန်



www.burmeseclassic.com

www.burmeseclassic.com



တို့မိသားစုမှာလည်း ၎င်းကဲ့သို့ ဒုက္ခအကြီးအကျယ်ရောက်နေရမည်ဟု အိပ်မက်ထဲတွင် ရေသူမကပြောပြီး ပျောက်ကွယ်သွားတော့၏။

သို့ဖြင့် ဦးတိုးစိန်တစ်ယောက် အိပ်မက်မှ လန့်နိုးသွားပြီး တစ်ကိုယ်လုံး ချွေးများပြန်ကာ ချောက်ချားထိတ်လန့်နေတော့သလို သွေးသားလည်ပတ်မှုတွေလည်း ကပြောင်းကပြန် ဖြစ်နေသလားဟုပင် ထင်မိတော့၏။

"ဘုရား - ဘုရား - ငါ - ငါ - မှားပြီနဲ့တူတယ်"

ထိုကဲ့သို့ နှုတ်မှရေရွတ်ပြီးနောက် ဦးတိုးစိန် လည်ပင်းတစ်လျှောက်လုံး တင်းတင်းကျပ်ကျပ်ကြီး ဖြစ်လာကာ တစ်စုံတစ်ခုနှင့် ချွဲညှစ်ထားသလိုမျိုး ခံစားရသည်။ အသက်ရှူလည်း မဝချင်။ ပြီးတော့ ခန္ဓာကိုယ်တစ်ခုလုံးလည်း လေးလံလာလေ၏။ မကြာခဏ ချောင်းဆိုးတိုင်း ပါးစပ်ထဲမှ သွေးစက်တွေပါပါလာသလို အစာလည်း ကောင်းကောင်း စားမရတော့ချေ။

နောက်ဆုံးတော့ ဦးတိုးစိန်တစ်ယောက် အိပ်ရာထဲ ဘုန်းဘုန်းလဲရသည့်အခြေအနေသို့ ရောက်ရှိသွားလေတော့၏။

ထို့နောက် ဦးတိုးစိန်တို့မိသားစု ငါးယောက်စလုံး အသည်းအသန် နေထိုင်မကောင်း တစ်ယောက်တစ်လှည့်ဖြစ်ကြပြီး ဘယ်ဆရာ၊ ဘယ်ဆေးဝါး မန္တယားနှင့်မျှလည်း မတိုးတော့ချေ။ ငွေတွေ ကုန်လိုက်သည်မှာလည်း သောက်သောက်လဲ။ နောက်ဆုံး ဦးတိုးစိန်တို့ မိသားစု စီးပွားရေး တစ်ခုလုံး အစအနပင် မကျန်တော့လောက်အောင် ယိုင်နဲ့သွားပြီး ပြန်နာလန်မထူနိုင်ခဲ့တော့ချေ။

ထိုအခြေအနေသို့ ရောက်ရှိလာမှ ဦးတိုးစိန်တို့မိသားစု ဘဝ

www.burmeseclassic.com



ပျက်ခဲ့ရသည်မှာ ရေသူမကျိန်စာကြောင့်ဟု တစွန်းတစ သိခဲ့ကြရသည်။ ယုံကြည်ခဲ့ကြသည်။

ဆိုးရွားသော ထိုအခြေအနေနှင့်အတူ ဦးတိုးစိန် သားသမီး သုံးယောက်လုံး ဘာရောဂါမျှမရှိဘဲ မစားနိုင်၊ မအိပ်နိုင်ဘဝဖြင့် တပိန်ပိန် တလိမ်လိမ်ဖြစ်ကာ အသက်ဆုံးရှုံးသွားကြရရှာသည်။

နောက်ဆုံးတွင် ဦးတိုးစိန်သည်လည်း ၎င်းသားသမီးများ သွားရာလမ်းသို့ လိုက်သွားရပြန်တော့၏။ ၎င်းမသေခင် ဇနီးသည်ကို အကြောင်းစုံရှင်းပြီး မှာထားခဲ့သဖြင့် ၎င်းဇနီးသည်လည်း ၎င်းကွယ်လွန်ပြီး ရက်သတ္တပတ်အတွင်းမှာပင် ထိုအိမ်ကြီးအား ရောင်းချပြီး တခြားနေရာသို့ အပြီးတိုင်ပြောင်းရွှေ့သွားသောကြောင့် အသက်ဘေးမှ သီသီလေးလွတ်မြောက်သွားခဲ့သည်ဟု ဆိုရလိမ့်မည်။

သို့ရာတွင် ၎င်းတို့၏ဆိုးကျိုးအမွေများကို ဆက်ခံသူကတော့ ကိုဌေးလှိုင်တို့မိသားစုပင်ဖြစ်၏။ ဦးတိုးစိန်က အိမ်ကြီးကာ ဈေးတန်သည် ဟုဆိုကာ ထိုအကြောင်းအရာစုံကို မသိဘဲ ဝယ်ယူထားလိုက်သူဖြစ်သည်။

ပြောရလျှင် ရေသူမကျိန်စာက ဦးတိုးစိန်တို့မိသားစုကိုပင်မက ထိုအိမ်ကြီးနှင့် ထိုခြံဝင်းထဲရှိ ဆက်စပ်နေသမျှကိုပါ ကျိန်စာသင့်လျက် ရှိစေသည်။

နောက်ဆုံးတော့ ကိုဌေးလှိုင်သည်လည်း ၎င်း၏သားလေး ကွယ်လွန်ဆုံးရှုံးပြီး ၎င်းတို့ဇနီးမောင်နှံနှစ်ယောက်စလုံး နေထိုင်မကောင်း ကြသည့်အခါမှပင် ထိုအကြောင်းစုံကို တစွန်းတစ သိထားကြသော ရွာထဲမှ လူတချို့က အသိပေးလိုက်သောကြောင့် ကိုဌေးလှိုင်တို့မိသားစု သည်လည်း အသက်ဘေးမှ သီသီလေးလွတ်ကာ အခြားသို့ပြောင်းရွှေ့



www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့သည်။

ထူးဆန်းအံ့သြစရာအတိဖြင့် မယုံကြည်နိုင်စရာကောင်းသော မိသားစုနှစ်စု၏ဖြစ်ရပ်နှင့်အတူ ယခုဆိုလျှင် ထိုအိမ်ကြီး၏သက်တမ်းမှာ နှစ်သုံးဆယ်ဝန်းကျင်ပင် ရှိလေပြီဖြစ်၏။

တစ်ရွာလုံးက ရေသွင့်မကျိန်စာသင့်ထားသော အိမ်ကြီးအဖြစ် သတ်မှတ်ကာ ထိုအိမ်ကြီးနှင့်ခြံထဲသို့ မည်သူမျှ သွားလာနေထိုင်မဝံ့ကြဘဲ ရွာအလယ်ပိုင်းတွင်ရှိသော ထိုအိမ်ကြီးနှင့်ခြံကြီးအား တံခါးပိတ် လျက် ဒီအတိုင်းသာ ထားခဲ့ကြရလေသည်။

*(စာရေးသူနှင့် ခွေးသားချင်း မကောင်းသူတို့၏ ဖြစ်ရပ်မှန်ကို ဇာတ်သုတဖြစ်စေရန် ရေးဖွဲ့ထားခြင်းဖြစ်ပါကြောင်း)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁၀)

အတ္တသိုလ်အကျိုးတရား ဆိုသည်မှာ
ခင်မတန်မှ ထွင်ထုတ်ရစကော်သည့်
ထူးထစ်ချောင်းနှင့်တူပါလားဟု . . .
ဦးအညွန့်သည် နေဝင်ချိန် နောင်တနှင့်
ဆင်ခြင်သံဝေဂရသွားမိလေတော့သည် . . .

www.burmeseclassic.com



လူ့ဘဝတစ်ခုတွင် အတိတ်ရှိ၏။ ပစ္စုပ္ပန်ရှိ၏။ အနာဂတ်ရှိ၏။

ထိုကာလသုံးပါး၏ မာတိကာကို ကျော်လွန်ပြီး ဘဝတစ်ခု အစတည်၍ မရနိုင်သလို မိမိပြုခဲ့ဖူးသော ကံ,ကံ၏အကျိုးတရားကို လည်း မည်သူမျှ လွန်ဆန်ပြီး စာမျက်နှာဖွင့်၍ မရနိုင်ပါချေ။

ထို့ကြောင့် . ဦးဘညွန့်၏ ဘဝသည်လည်း ..

ဦးဘညွန့်သည် ဒီနယ်တစ်ဝိုက်တွင် လယ်ပိုင်၊ နွားပိုင်၊ ချောင်းပိုင်ဆိုသော အချမ်းသာဆုံးစာရင်းဝင်တစ်ဦးဖြစ်သလို အလွန် စည်းစနစ်ကြီးကာ လူငှားတို့အပေါ်ခိုင်းရာတွင်လည်း ငှင်းကိုင်တွယ်လေ့ ရှိသော နွားများနှင့် တစ်တန်းတည်းထားလျက် ဆက်ဆံလေ့၊ ခိုင်းလေ့ ရှိသည်။

သို့ကြောင့်လည်း ဦးဘညွန့်ထံသို့ လယ်စာရင်းငှား ဝင်လုပ်ရမှာ လူတိုင်းက ရွံ့ကြသည်။ ကြောက်ကြသည်။ တော်ရုံဘာန်ရုံ လယ်စာရင်းငှား အသီးမပေါက်ကြချေ။ ငှင်းနှင့်သင့်မြတ်ပြီး အမေးအသည်းတော လယ်စာရင်းငှား အသီးပေါက်ကြသူက ခပ်ရှားရှား။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒီနယ်တစ်ဝိုက်တွင် ဦးဘညွန့်အဖြစ် လူသိများပြီး လူတိုင်းကလည်း အောကြောလန့်ခဲ့ကြသည်။ သို့သော်၊ လယ်စာရင်းငှားကတော့ အချိန်တန်လျှင် ဦးဘညွန့်ထံမှ လူဦးရေ သတ်မှတ်ချက်အရောက် ပြည့်လာတတ်သည်။ ဒါကတော့ ဦးဘညွန့်၏ ကံတရားဟု ဆိုရပေလိမ့်မည်။

"ဟောကောင်တွေ ခုနရောက်လာတဲ့ နွားနှစ်ကောင်ကို သေသေချာချာ ကြိုးချည်ထားကြနော်၊ အစာကို ဝဝလင်လင်ကျွေး၊ နောက်တစ်နာရီလောက်ကြာရင် ငါ့ကို လာအကြောင်းကြားလှည့်"

မကြာခင် နာရီပိုင်းအတွင်းက ဝယ်ယူလာသော အညာခိုင်းနွားကြီး နှစ်ကောင်ကို ရည်ညွှန်းကာ ၎င်း၏ အလုပ်သမားများအား ဦးဘညွန့်က ဂရုတစိုက် မှာကြားလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ဦးလေး"

၎င်းကို အလုပ်သမား ခေါင်းဆောင် မောင်ကျော်ကြီးက ရိုကျိုးစွာ ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ၎င်းသည် အလုပ်သမားများနှင့် နွားများထားရာ ကုလားဖျင်(ကနုဖျင်း)ထဲမှ ထွက်လာခဲ့သည်။

ပြီးနောက် ၎င်းသည် ဓနိုးသည့်ထဲတွင် တစ်လက်မခွဲသံများကို ၊ တောင်းကာ မီးဖိုထဲတွင် မီးရဲရဲဖုတ်လိုက်သည်။ မီးဖုတ်နေစဉ်အတွင်း တဲထဲသို့ ဝင်ပြီး ခေတ္တအနားယူ ရေနွေးကြမ်းသောက်လေသည်။

ဒါက ၎င်း နံနက်တိုင်း အလုပ်သမားနှင့် လုပ်ငန်းများကို ကြည့်ရှု လိုအပ်သည်များ မှာကြားပြီး ဝတ္တရားမပျက် ခေါက်ရိုးကျိုးပုံသေနည်း အနားယူ ရေနွေးကြမ်းသောက်ခြင်းဖြစ်သည်။

ပြီးတော့ ၎င်းသည် ဟိုစာနှီးကတည်းက နွားတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုတ်သက်ပြီး အလွန်ဝါသနာထုံသူဖြစ်သလို နွားများအပေါ်လည်း အလွန်ဩဇာညောင်းသည်။ ဆိုရလျှင် ဟိုတုန်းက ဒီနယ်တစ်ဝိုက်တွင် နွားလှည်းပြိုင်ပွဲများ တစ်နွေလုံး နှစ်စဉ်နှစ်တိုင်း ပြိုင်ပွဲကျင်းပလေ့ရှိသောကြောင့် ၎င်းသည် အညာမှ ကောင်းပေ့ဆိုသော နွားများကို ဈေးကြီးကြီးနှင့်ဝယ်ယူကာ ၎င်းကိုယ်တိုင် တစ်လ၊ နှစ်လ လေ့ကျင့်ခြေချပြီး ပြိုင်ပွဲများကို ဝင်လေ့ရှိသည်။

ဒီနယ်တစ်ဝိုက်မှာတော့ နွားအကောင်းချည်း ကိုင်တွယ်တာ နာမည်အကြီးဆုံးဖြစ်သလို ၎င်းနွားများကိုလည်း မည်သူမျှ ယှဉ်ပြိုင်၍ နိုင်သူမရှိချေ။

နွားများကို ဩဇာညောင်း နိမ်နင်းသည့် နေရာမှာလည်း အတော့်ကို ပါရမီထူးသည့်သူဟု ဆိုရမည်လားမသိ။ ၎င်းအသံကြားရုံဖြင့် နွားများသည် အဝေးကတည်းက တုတ်တုတ်မျှမလှုပ်။ သွားဆိုသွားသည်၊ လာဆို လာသည်။ ဤမျှအထိ နွားများအပေါ် ဩဇာညောင်းနိုင်နင်းသူဖြစ်၏။

ယခုလည်း ဒီနှစ် ပြိုင်ပွဲဝင်ရန်အတွက် အညာမှ ဈေးကြီးကြီးပေးပြီး နွားနှစ်ကောင်ကို ကိုယ်တိုင်ဝယ်ယူခဲ့ခြင်းဖြစ်သည်။

"ဦးလေး သတ်မှတ်ထားတဲ့ နာရီချိန် ပြည့်ပါပြီ"

အလုပ်သမား ခေါင်းဆောင် မောင်ကျော်ကြီးမှ လာအကြောင်းကြားသဖြင့် ဦးဘညွန့် ရေနွေးကြမ်းသောက်နေရာမှ ထရပ်လိုက်ရင်း–

"အေး အေး ငါအခုပဲ လာခဲ့မယ်၊ နွားတွေကို ဩဇုံးနိုင်နိုင်ချည်၊ အသင့်လုပ်ထားပါ"

၎င်းထံတွင် နှစ်အကြာဆုံးလုပ်သက်ရှိသူ မောင်ကျော်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ငုဝ်းပြောလိုက်သည်နှင့် ငုဝ်းဘာလုပ်မည်ဆိုတာကို မပြောဘဲနှင့်သိကာ နေရာမှ ချက်ချင်းထွက်ခွာသွားသည်။

ငုဝ်းသည်လည်း မောင်ကျော်ကြီး ထွက်ခွာသွားပြီး မကြာမီ မီးဖိုထဲမှမီးဖုတ်ထားသော သံချောင်းများကို ဆွဲယူကာ နွားများထားရာ တဲရှေ့ ကန့်လန့်ဖျင်းထဲသို့ ဆင်းလိုက်သည်။

"မင်းတို့ ကြိုးချည်ထားတာ ခိုင်ပါတယ်နော်"

ငုဝ်းက သေချာစေရန် ငုဝ်းအလုပ်သမား မောင်ကျော်ကြီးကို မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ခိုင်ပါတယ်ဦးလေး။ ကြိုးနှစ်ချောင်းပူး ချည်ထားတာ ပါ"

အလုပ်သမား ခေါင်းဆောင် မောင်ကျော်ကြီးက စိတ်မသက် မသာစွာဖြေသည်။ စိတ်မသက်သာဆို မောင်ကျော်ကြီးသည် သူ့ မမြင်ချင် ဆုံး မြင်ကွင်းတစ်ခုကို ထုံးစံအတိုင်း ဆိုးရွားတုန်လှုပ်စွာ မြင်ရတော့ မည်မို့ ထိုကဲ့သို့ စိတ်မသက်မသာ ဖြစ်သွားခြင်းပင်။

"ကဲ ဒါဆိုရင် မင်းတို့ နွားကြီးတွေကို သေသေချာချာ ကြည့်ထား။ ငါလုပ်ငန်း စတော့မယ်"

ငုဝ်းသည် ပြောပြောဆိုဆိုဖြင့် မီးရဲနေသော သံချောင်းကို ပလာယာဖြင့် အသေအချာ ညှပ်ယူပြီး နွားမြီးအရင်းကို တော့လိုက်သည်။ ပြီးနောက် တူဖြင့် သံအပေါ်တည့်တည့်မှ အရှိန်ဖြင့် တစ်ချက်တည်း ထုချလိုက်တော့၏။

"ဝမ်းဘဲ ‐ ဘဲ ‐ ဘဲ"

မီးရဲနေသော သံ၏အပူရှိန်နှင့် စိုက်ဝင်သွားသော နာကျင်မှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နွားသည် ပတာပ်ကော့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ အဆက်မပြတ် အော်မြည်လိုက်ခြင်းဖြစ်သည်။

နွားသည် မည်မျှ တစ်ကိုယ်လုံး နာကျင်သွားသလဲ ဆိုတာကို တွေ့ရသူများပင် မရှုမလှစွာ မြင်တွေ့ကြရ၏။ အလွန်နာကျင်မှုကြောင့် နွားသည် ရှိသမျှအားနှင့်အတင်း ရုန်းကန်စုန်မေါက်နေသော်လည်း ကြိုးများ အခိုင်အခန့် တုပ်နှောင်ထားခြင်းကြောင့် မည်သို့မျှ မလှုပ်သာအောင် ရှိနေပြီး အမြီးရင်းမှ သွေးများ ဖြာခနဲ စီးကျလာသည်။

အမြီးတွေ တဆတ်ဆတ် လှုပ်စုန်နေသည်။

ရှင်းသည် ဒုတိယမြောက်နွားကိုလည်း ထိုနည်းအတိုင်းပင် ပြုလုပ်လေ၏။

ထို့နောက် နွားများသည် ဦးဘညွန့်အရိပ် မြင်ရုံဖြင့် ပျာယာခတ်နေသည်။ တစ်ကိုယ်လုံး နတ်ဝင်သည့်ဇို တဆတ်ဆတ်တုန်နေကြ၏။ နေစရာမရှိတော့လောက်အောင်ပင် ကြုံရနေရသည့် အဖြစ်မျိုး။

ဒီတော့မှ နွားများသည် သူတို့၏အမြီးများကို လုံးဝ ကြိမ်အတို့ အခံတော့ဘဲ ရှိသွားကြသလို ဟောခနဲ အော်လိုက်သည်နှင့် လိုရာကို ဒုန်းစိုင်းပြေးကြလေတော့၏။

ထိုကြောင့်လည်း ဦးဘညွန့်ဆိုလျှင် နွားများသည် ခေါင်းများပင် မဖော်ဝံ့လောက်အောင် အကော်ကြောက်ရွံ့ပြီး သူတို့အပေါ် ဩဇာ ညောင်း ကိုင်တွယ်နိုင်ခဲ့ခြင်းဖြစ်၏။ ဒါမှလည်း ဦးဘညွန့် လိုရာအတိုင်း နွားများကို ပုံသွင်းလို့ ရနိုင်လိမ့်မည် မဟုတ်ပါလား။

"နွားတွေကို ဒီအတိုင်းပဲ ကြိုးချည်ထားဦး မောင်ကျော်ကြီး သံရိုက်သွင်းထားတဲ့ နေရာကိုလည်း ဆေးမှန်မှန်ထည့်ပေးပါ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်နေမှ သူတို့ကို လှည်းတပ်ပြီး အစမ်းလေ့ကျင့်မောင်းရမယ်"

ဦးဘညွန့်က အလုပ်သမားခေါင်းဆောင် မောင်ကျော်ကြီးအား ထုံးစံအတိုင်းမှာကြားရင်း ရေချိုးရန် ပြင်ဆင်လေတော့၏။

နောက်ရက်သတ္တ နှစ်ပတ်အတွင်း ဦးဘညွန့်သည် ၎င်း၏နွားများကို လှည်းတပ်ဆင်ကာ ခြေအစမ်း လေ့ကျင့်မောင်းတော့၏။ ၎င်း၏ တဲအနောက်ဘက်လှည်းလမ်းကြောင်းအတိုင်း အပြေးဒုန်းစိုင်း မောင်းနှင်ခဲ့ခြင်းဖြစ်သည်။

"ဟေ့ . နက်ပြာနဲ့ ဖြူကြားကွ၊ ဆွဲထားကွ . ဆွဲထား"

ဦးဘညွန့်သည် ၎င်း၏ နွားများကို ညာသံပေးပြီး ဒုန်းစိုင်းစေ၏။ ၎င်းလိုချင်သော ခြေအနေအထားကို ရရှိနေ၍လည်း ၎င်းသည် အလွန်အားရ ကျေနပ်လျက်ရှိနေတော့သည်။

"ပြေးထားကွ . နက်ပြာနဲ့ ဖြူကြားရ၊ မကြာခင် မင်းတို့ ပြိုင်ပွဲဝင်ရလိမ့်မယ်၊ ဟုတ်ပြီ၊ အဲဒီလို ဆွဲထားမှပေါ့၊ နက်ပြာနဲ့ ဖြူကြားတဲ့ကွ ဟေ့"

"ဒုန်း"

"ဝုန်း"

"ဖျောင်း"

"ဘဲ . ဘဲ . ဘဲ"

ဦးဘညွန့်၏ ညာသံမဆုံးမီမှာပင် ပြင်းထန်သော အသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လှည်းဘီးတစ်ဖက် ကျွတ်ထွက်သွားကာ လှည်းဝင်ရိုးပါ တစ်ခါတည်း ကျိုးသွားရလေတော့၏။

ဦးဘညွန့်လည်း လှည်းပေါ်မှ အရှိန်နှင့်လွင့်စင်ကာ တစ်စစီကျိုးထွက်သွားသော လှည်းအိမ်မှ သစ်သားကျိုးတစ်ချောင်းတစ်ခုပေါ်သို့ ပစ်ကျသွား၏။

"အား"

မမျှော်လင့်ဘဲ ဦးဘညွန့်၏ညာဘက် တင်ပါးဆုံ တည့်တည့်သို့ ချွန်မြနေသော သစ်သားချောင်းက တဆုံး စိုက်ဝင်သွားတော့သည်။ နေရာမှာပင် တော်တော်နှင့် ပြန်မထနိုင်ဘဲ အပြင်းထန်ဆုံး နာကျင်မှုဝေဒနာတို့ကို အလူးအလဲခံစားနေရပြီး သွေးစိမ်းများလည်း မြင်မကောင်းလောက်အောင် အိုင်ထွန်းလျက်ရှိနေလေ၏။

ဦးဘညွန့်သည် ထိုကဲ့သို့သောလုပ်ဖြောပါး ခံစားရသော ဝေဒနာနှင့်အတူ အသိတွေ ဝေဝါးလာသည်။ အမြင်အာရုံတွေပြာလာကြသည်။ နောက်ဆုံးတော့ သံမီးရဲရဲ အရိုက်သွင်းခံခဲ့ရသော နွားများကို ဖျတ်ခနဲမြင်ယောင်ကာ လောကကြီးနှင့် ခေတ္တအဆက်ပြတ်သွားရလေတော့၏။

လူ့ဘဝတစ်ခုတွင် အတိတ်ရှိ၏။ ပစ္စုပ္ပန်ရှိ၏။ အနာဂတ်ရှိ၏။

ထိုကာလသုံးပါး၏ မာတိကာကို ကျော်လွန်ပြီး ဘဝတစ်ခုအစတည်၍ မရနိုင်သလို မိမိပြုခဲ့ဖူးသော ကံ,ကံ၏အကျိုးတရားကိုလည်း မည်သူမျှ လွန်ဆန်ပြီး စာမျက်နှာဖွင့်၍ မရနိုင်ပါချေ။

ထို့ကြောင့် ဦးဘညွန့်၏ ဘဝသည်လည်း ပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးကျေးဇူးက ချက်ချင်းလက်ငင်းပင် ဘဝခရီး



www.burmeseclassic.com

www.burmeseclassic.com



ကူးဆက်လိုက်ပြီပင်ဖြစ်သည်။

ရင်း မညှာတတ်စွာ ရက်ရက်စက်စက် နှင်းများအပေါ် ချိုးလွှင့်ခဲ့သော အကုသိုလ်ဝေ ထရားကြောင့် တန်ပြန် ဝင့်လာသည်ကား ဖင်တစ်ပိုင်းသေ (ကိုယ်တစ်ပိုင်းသေ) ဘဝဖြင့် အိပ်ရာထဲ ဗုန်းဗုန်းလဲရင်း မည်သူတစ်ဦးတစ်ယောက်မျှ မလွှန်ဆန်နိုင်သော သေခြင်းတရား၏ နေ့စွဲတွေကို အသက်ရှူပြီး အန်တုနေရလေပြီ။

အကုသိုလ် အကျိုးတရားဆိုသည်မှာ အင်မတန်မှထွင်ထုတ်ရခက်သည့် ဆူးတစ်ချောင်းနှင့်တူပါကလားဟု ဦးဘညွန့်သည် နေဝင်ချိန်နောင်တနှင့် ဆင်ခြင်သုံးသပ်ရသွား မိလေတော့သည်။

ရတနာ့တံခွန်မဂ္ဂဇင်း၊ ၂၀ဝ၆၊ ဇန်နဝါရီလ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁၁)

စမ်းချောင်းလေး နံဘေးလဲပြိုကျနေသော
သူမထံသို့ . . .
သူမ၏ ချစ်သူ တပ်မှူးလေးနန္ဒသူရိန်
ခက်ရာတွေ မလှုပ်၊ သွေးစိမ်းတွေ အလူးလူးဖြင့်
ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကား တပ်မှူးလေး နန္ဒသူရိန်

အရှင်းဆုံးဆိုရလျှင် ပုဂံအနော်ရထာမင်း၏ အားအကိုးရဆုံး တပ်မှူးများအနက် တစ်ဦးအပါအဝင်ဖြစ်သော တပ်မှူးလေး နန္ဒသူရိန်။

သည်ကဲ့သို့ ၎င်းအပေါ် ပုဂံအနော်ရထာမင်းယုံကြည် အားကိုးသည့်အတိုင်း ၎င်းနှင့်ဦးဆောင်သော စစ်သူလျှို ဒလန်ငါးဦးကို ရွေးချယ်၍ တိုင်းပြည်အတွက် အရေးကြီးသည့် စစ်ရေး စစ်ရာ သတင်းများ ထောက်လှမ်းရန် နိုင်းစေလွှတ်ခဲ့ပါသည်။

တိုင်းပြည်အတွက် ထိုကဲ့သို့ စေခိုင်းမှုကို ၎င်းဦးဆောင်သော စစ်သူလျှို ဒလန် ငါးဦးမှာလည်း ဦးလည်မသုန် ထမ်းဆောင်သည်။ အသက်ကို အပ်နှင်းသည်။

ပုဂံနေပြည်တော်မှ ထွက်ခွာလာပြီးနောက် သထုံမနူဟာမင်း၏ စစ်ရေးသတင်းအချက်အလက်နှင့်တကွ တိုင်းပြည်အခြေအနေတို့ကို တိတ်တဆိတ် စုံစမ်းထောက်လှမ်းရန် ပထမဦးဆုံး ကျောက်ဆုံသောင်း မြို့သို့ ကုန်သည်အသွင် ရုပ်ဖျက်၍ ဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရသမျှသတင်းတို့အား နေပြည်တော်သို့ အရောက်ပို့သည်။ ကျောက်ပန်းတောင်းတွင် ရက်သတ္တပတ် သုံးပတ်မြောက် ကြာပြီးနောက် ပန်းတောင်းမြို့သို့ ဒုတိယမြောက်ဝင်သည်။

ထိုသို့ ပန်းတောင်းမြို့ဝင်ပြီး စစ်ရေးသတင်းများရရှိရန် တိတ်တဆိတ် စုံစမ်းရာတွင် ၎င်းတို့အသွင်တစ်မျိုး ပြောင်းလိုက်၏။ မျက်လှည့်သမားအသွင်ဖြစ်၏။ ထိုပညာများကို ကြိုတင်၍ နေပြည်တော်၌ပင် မျက်လှည့်ပညာရှင်ကြီးများထံ၌ သင်ကြားလေ့ကျင့်ခဲ့ရသည်။ ထို့ကြောင့် အလွယ်တကူ မျက်လှည့်သမားအသွင်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပန်းတောင်းမြို့တွင်လည်း ရက်သတ္တပတ်သုံးပတ်မြောက်ကြာပြီး ဥသာပဲခူးသို့ ခရီးဆက်ရသည်။ ထိုမြို့တွင်တော့ ရက်သတ္တပတ် တစ်ပတ်သာ ကြာသည်။ စစ်ရေးသတင်းများ အလွယ်တကူရရှိရန် ထိုမြို့သို့ဝင်ရာတွင်လည်း တစ်လမ်းဝင်တစ်လမ်းထွက်ရသော ဖွန်းစလှယ်သား (သို့) သူတောင်းစားအသွင်ကို ပြောင်းခဲ့ရလေ၏။ ရရှိသော သတင်းအချက်အလက်တို့ကိုလည်း နေရာအနှံ့အပြား လွှတ်ထားသော ကုန်သည်အသွင် နေပြည်တော်မှ လူများနှင့် တစ်ဆင့်ပေးပို့လိုက်သည်။

သည်မှတစ်ဆင့် ၎င်းဦးဆောင်သော သူလျှို ဒလန် ငါးဦးအဖွဲ့မှာ ဥသာပဲခူးမှ ပန်းတောင်းမြို့သို့ ပြန်လည်ဆုတ်ခွာခဲ့သည်။ ဖြစ်ချင်တော့ ထိုသို့ဆုတ်ခွာပြန်လာရင်း ပန်းတောင်းမြို့ထဲမဝင်မီ လမ်းတစ်ဝက်မှာတင် သထုံမနူဟာမင်း၏ စစ်သည်များ အလုံးအရင်းနှင့် ချုံခိုဝိုင်းတိုက်ခိုက်မှု ကို ခံခဲ့ရလေ၏။

၎င်းတို့အဖွဲ့၏ သတင်းကို မည်သို့မည်ပုံပေါက်ကြားသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည့်မသိ။ တိုက်ပွဲကား ပြင်းထန်၏။ သို့သော် ငှင်းတို့ငါးဦးတည်းနှင့် သထုံမနူဟာမင်း၏ စစ်သည်တော်အမြောက်အမြားကို ရေရှည်တွင်မခုခံနိုင်။ အရေးနိမ့်ရလေသည်။ ငှင်းဦးဆောင်သော ငါးဦးအနက် စစ်သည်သုံးဦး တိုက်ပွဲတွင်ကျဆုံးလေသည်။ ငှင်းနှင့် စစ်သည်တော် တစ်ယောက်သာ ရှင်လျက်ရှိသည်။

သို့ရာတွင် အသက်ရှင်လျက် ကျန်ရှိသော ငှင်းတို့နှစ်ဦးမှာလည်း အထိနာလျက် တစ်ကွဲတစ်ပြားစီ။ ငှင်းတို့နှစ်ဦးအနက် စစ်သည်မြတ်လှမှာ ခက်ခဲစွာ လွတ်မြောက်သွားပုံရသည်။ ငှင်းမှာတော့မူဘယ်ဘက်လက်ပြင်၌ မြားသင့်ပြီး ပန်းတောင်းနယ်တောတောင်အတွင်းထဲသို့ ခြေဦးတည့်ရာ ရှောင်တိမ်းခဲ့ရတော့သည်။

သို့သော် ငှင်းသည် သထုံမနူဟာမင်း၏ စစ်သည်တို့ လက်မှကံကောင်း၍ လွတ်မြောက်ခဲ့ရသော်ငြား လက်ပြင်တွင် မြားသင့်ထားသည့်ဒဏ်ရာကြောင့် မြားဆိပ်တဖြည်းဖြည်းတက်ပြီး ပြင်းထန်လာကာကံကောင်းတော့မည် မဟုတ်ချေ။ ထို့ကြောင့် ငှင်းသည် မည်သို့ပင်အားတင်းထားပါသော်လည်း မြားဆိပ်ကား တစ်ကိုယ်လုံးသို့ ပျံ့နှံ့လေပြီ။ ရှေ့ဆက် အခြေအနေဟန်မည့်ပုံမရှိတော့သဖြင့် ငှင်းသည် လျှိုကြီးကြားထဲရှိ စမ်းချောင်းအစပ်တွင် ဒူးထောက်ထိုင်ချလိုက်တော့သည်။ ပြီးနောက် ထက်ကောင်းကင်မှတစ်ဆင့် အနောက်တောင်စွယ်တွင်မကြာခင်ကွယ်တော့မည့် နေလုံးကြီးကိုကြည့်လျက် ရင့်ကျူးလိုက်မြန်သည်။

"ငါသေလို့ မဖြစ်ဘူး၊ ငါ့အရှင်သခင်နဲ့ ငါ့တိုင်းပြည်အတွက်တာဝန်ကျေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တစ်တောလုံး ပဲ့တင်ထပ်မျှ ရှင့်ကျူးလိုက်ပြီး အားကို တင်း၏။ သွေးတစက်စက်ကျနေသော ဘယ်လက်ပြင်ကို ညာလက်မြင် ရှေ့မှ ဓားလွယ်ခုတ်သိုင်းပြီးအုပ်လျက်နေရာမှ အားယူကြိုးထလိုက်၏။

သို့သော် ရှေ့ခြေလေးငါးလှမ်းအရောက်မှာ မျက်လုံးများ ပြာဝေလျက် ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားသည်။

သည့်နောက် မြင်ကွင်းအားလုံးကား ချာချာလည်နေပြီ။ ၎င်းမည်သို့မျှ ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ နေရာမှာပင် ဒူးညွှတ်လဲပြိုကျ သွားရပြီဟူ၍သာ နောက်ဆုံးသိလိုက်ရတော့၏။

"ဟင် မောင်ကြီး သတိရလာပြီလား"

မျက်နှာပေါ်သို့ ဖနေရောင်ခြည်၏ ထိတွေ့မှုနှင့်အတူ ၎င်း ပြန်လည် သတိရလာချိန်၌ မမျှော်လင့်မထင်မှတ်ဘဲ ၎င်း၏အပေါ်တွင် အင်မတန်မှ ချစ်စရာကောင်းလွန်းသော မိန်းမပျိုလေးတစ်ဦးကို တွေ့ရှိ လိုက်ရကာ ထိုမှတစ်ဆက်တည်း ချိုသာစွဲမက်စရာကောင်းသော သူမ၏ အသံလေးကိုလည်း ကြားလိုက်ရလေသည်။

သည့်နောက် ၎င်းသည် မည်သည့်နေရာရောက်ရှိနေကြောင်း ဘေးဘီဝဲယာသို့ မျက်လုံးကိုဝေ့ကြည့်လိုက်သောအခါ အနည်းငယ်ယို ယွင်းချို့တဲ့လျက်ရှိသော တောင်ယာတဲလေးတစ်တဲပေါ် ရောက်ရှိနေ ကြောင်း သိလိုက်ရတော့၏။

"အား ... ကျွတ် ... ကျွတ်"

ခန္ဓာကိုယ်အနည်းငယ်လှုပ်ရှား လိုက်သည့်အခါ ဘယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



လက်ပြွင်မှ မီးစနှင့်ထိုးလိုက်သလို ပူပြီးစူးဝင်သွားသည့်ဒဏ်ကြောင့် ထွက်လာသော ငုင်း၏ ညည်းညူသံများ .

"အို မောင်ကြီး ခဏလေးနော် ခဏလေး"

မိန်းမပျိုလေးက ငုင်း၏ညည်းညူသံကြောင့် စိုးရိမ်မျက်ဝန်းနှင့် ကြည့်ရင်းပြောလိုက်သည်။ ပြီးနောက် သူမသည်ကိုယ်ကို တစ်ဖက်သို့ လှည့်လိုက်ကာ -

"ဘိုးဘိုးရေ ဘိုးဘိုးလာပါဦး။ ဒီမှာ လူနာမောင်ကြီး သတိရ လာပြီတော့"ဟု လှမ်းအော်ပြောလိုက်လေ၏။ ထိုအခါ အဘိုးအိုတစ်ဦး သည် ရေကြီးသုတ်ပျာနှင့် တဲပေါ်သို့တက်ရောက်လာသည်။ ထိုအဘိုးအို ၏ လက်ထဲတွင်လည်း တစ်စုံတစ်ရာပစ္စည်းများလည်း ပါလာလေ၏။ ထိုပစ္စည်းများကား အဆိပ်ဖြေဆေးများပင်ဖြစ်သည်။

"မောင်ရင် သတိရလာပြီလား။ အသာလေးခေါ်လှန်နေနေပါ။ ဟောဒီဆေးနှစ်ခွက် ထပ်သောက်ပြီးရင် ဒဏ်ရာသက်သာသွားပါလိမ့် မယ်။ ရော့ မောင်ရင် ဒီဆေးနှစ်ခွက်ကို သောက်လိုက်ပါဦး"

အဘိုးအိုကပြောပြီး သက်သာသလို အနားယူနေရစ်ခဲ့ပေဦး။ မကြာခင်မောင်ရင်ဒဏ်ရာက အဆိပ်တွေပြေသွားမှာပါ။ လိုအပ်တာရှိရင် လည်း အဘိုးအိုရဲ့မြေးမလေးကို ပြောလိုက်ရတယ်။ အဘိုးအိုက ပြောပြီး နေရာမှ ထွက်ခွာသွားလေတော့၏။ ထိုအချိန်၌ ထိုအဘိုးအို၏မြေးဖြစ်သူ မိန်းမပျိုလေးနှင့် ငုင်းသာ ကျန်ရစ်ခဲ့သည်။

"ကျေးဇူးတင်ပါတယ် နှမလေးရယ်"ငုင်းက တိုးတိုးစွာ ပြော လိုက်သည်။

"အို ရပါတယ် မောင်ကြီး၊ ဘိုးဘိုးကပြောတယ်၊ သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



အသက်တစ်ချောင်းမှာ ကယ်ကောင်းပါတယ်တဲ့၊ ဒါကြောင့်လည်း မနေ့ညနေပိုင်း လျှိုကြီးထဲက စမ်းချောင်းမှာ နှမလေး ငါးလေးတွေ အစာလာကျွေးတော့ ဒီက မောင်ကြီး စမ်းချောင်းစပ်မှာ ဒဏ်ရာတွေနဲ့ လဲနေတာတွေ့ရတယ်၊ ဒါကြောင့် ဘိုးဘိုးကို ပြန်အသိပေးပြီး ဒီခေါ်လာခဲ့တာ၊ တစ်ညလုံးမောင်ကြီး သတိလစ်နေတယ်၊ ဒီနေ့ မနက်မှပဲ ပြန်သတိရတော"

မိန်းမပျိုလေးက ၎င်းသည့်သို့ ဘယ်ပုံဘယ်နည်း ရောက်ရှိလာပုံတို့အား ရှင်းပြပေးသည်။ ယခုကဲ့သို့ အခြေအနေမျိုးကို ရောက်ရှိသွားသော ၎င်း၏ဘဝအတွက် အံ့သြရတော့ ဖြစ်မိသည်။

"တကယ်ကို အံ့သြရပဲ၊ မောင်ကြီး အသက်မရှင်တော့ဘူးလို့ ထင်ထားခဲ့တာ အခုတော့ ဒီကနှမလေးတို့ မြေအဘိုးရဲ့ ကျေးဇူးကြောင့် မောင်ကြီးအနာဂတ်တွေ ကြုံခွင့်ရှိသေးတယ်"

၎င်းက ဝမ်းသာစွာပြောပြီး မိန်းမပျိုလေးအား ကြည့်လိုက်၏။ ပြီးမှ -

"ဒီက ကျေးဇူးရှင် နှမရဲ့ အမည်လေးကို မောင်ကြီးသိပါရစေလား" ဟု ရိုးသားစွာဖြင့် ပေးလိုက်၏။ မိန်းမပျိုလေးက ချက်ချင်းပင် ပြန်ဖြေသည်။

"နှမလေးအမည်က နှင်းဝတီပါ မောင်ကြီး၊ ဘိုးဘိုးရဲ့အမည်ကတော့ ဆေးဆရာကြီး ဦးဗန ကလို့ ခေါ်ပါတယ်၊ နှမလေးတို့မြေအဘိုး ဒီတောတောင်ထဲမှာ နေလာခဲ့တာ နှမလေးရဲ့မိဘနှစ်ပါး ပန်းတောင်းမြို့ပေါ်မှာ ဆုံးပါးပြီးကတည်းက ဆိုပါတော့၊ နှမလေးရဲ့အသက်ရှိပါပြီ"

မိန်းမပျိုလေး တစ်ဖြစ်လဲ နှင်းဝတီက သူမတို့မြေအဘိုး၏

www.burmeseclassic.com



လက်ရှိအခြေအနေအထား အပြည့်အစုံ ရှင်းပြပါလေ၏။ ထိုအခါ ငယ်စဉ်ကတည်းက မိဘနှစ်ပါးမဲ့ပြီး ဆရာသခင် ဗျတ္တ၏လက်အောက်၌ ကြီးပြင်းလူလားမြောက်ခဲ့ရသော ငင်းသည်လည်း မိဘမဲ့သူဘဝချင်းမို့ သူမအား ပို၍ရင်းနှီးအကျွမ်းဝင်မိတော့သည်။

"နှမလေးတို့ မြေးအဘိုးရဲ့ကျေးဇူးကို ဒီတစ်သက်မောင်ကြီး မေ့မှာ မဟုတ်တော့ပါဘူး၊ ဘဝအလှည့်အပြောင်း ရှိမလာနိုင်ဘူးဆိုရင် ဆပ်ခွင့်ရနိုင်ကောင်းပါရဲ့"

"အို မလိုပါဘူး မောင်ကြီး၊ နှမလေးဘိုးဘိုးဟာ ဆေးဆရာကြီးတစ်ဦးဆိုတော့ ဒုက္ခရောက်သူတိုင်းကို ကယ်တင်ရမယ့် ဝတ္တရားရှိပါတယ်၊ ဒါနဲ့စပ်စုတယ်လို့ မထင်ပါနဲ့ မောင်ကြီး၊ ဘယ်အရပ်က မောင်ကြီး လာပြီး ဘယ်အရပ်ကို သွားမှာလဲ၊ ပြီးတော့ မောင်ကြီးအခုလို ဒဏ်ရာအနာတရတွေ ဘာကြောင့် ကြုံခဲ့ရတာလဲဟင်"

ရုတ်တရက်သူမ၏ အမေးကြောင့် ငင်းမည်သို့မျှ မဖြေနိုင်ဖြစ်သွားရ၏။ လက်ရှိ ငင်း၏ကျေးဇူးရှင်များဖြစ်ပါသော်လည်း ငင်း၏အခြေအနေမှန်အား အသိပေးရန် မသင့်ပါချေ။ တိုင်းပြည့်အတွက် အရေးကြီးသော လျှို့ဝှက်ချက်များသည်လည်း အပြင်တွင် မည်သည့်တစ်စုံတစ်ယောက်ကိုမျှ အသိပေး၊ မပေါက်ကြားစေတာက အကောင်းဆုံးဖြစ်ပါသည်။

ထို့အတူ ငင်းသည် အရေးကြီးသော စစ်ရေးစစ်ရာသတင်းများ စုံစမ်းထောက်လှမ်းစဉ်ကအတိုင်း သူတောင်းစားအဝတ်အစားများနှင့် ငိုနေကြောင်း သတိထားမိသဖြင့် အောက်ပါအတိုင်း ဖြေကြားလိုက်သည်။

"အင်း မောင်ကြီးက ဇာဂုန်ဒလနယ်သားတစ်ဦးပါ မှတ်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်ဘက် ကိုစွတစ်ခုနဲ့လာရင်း ဒီနယ်အရောက် တောလမ်းတစ်နေရာမှာ မသမာသူ ဓားပြအဖွဲ့နဲ့တွေ့ပြီး အခုလိုဖြစ်ရာရခဲ့တာပါ"

"အို ဖြစ်မှဖြစ်ရလေ မောင်ကြီးရယ်၊ ကံကောင်းလို့ အသက်မသေတာပဲ တော်လှပြီ"

ဟု သူမက စိတ်မကောင်းဖွယ် ရေရွတ်၏။ အဆင်ပြေအောင် မုသားသုံးလိုက်ရသော စကားအတွက် သူမ အမှန်တကယ်ပင် ယုံကြည်သွားသဖြင့် စိတ်အေးသွားရတော့သည်။ နို့မဟုတ်လျှင် အလိမ်ပေါ်သွားပါက သံသယဝင် အထင်သေးသွားနိုင်ပါ၏။

"မတတ်သာလို့ အဖြစ်မှန်ကို ဖွင့်မပြောမိတာ မောင်ကြီးကို ခွင့်လွှတ်ပါ နှမလေးရယ်၊ တစ်ချိန်ချိန်မှာ ဒီအကြောင်းတွေ နှမလေးသိလာတဲ့အခါ"

အပြင်သို့ ထွက်မလာတဲ့ ငုဒ်ရင်ထဲတွင် ပျောက်ကွယ်သွားသော စကား။

တကယ်တော့ ငုဒ်သည် မိမိကိုယ် မိမိမပိုင်။ တိုင်းပြည်က ပိုင်သည်။ အသက်ရှင်နေသမျှ တိုင်းပြည်အတွက် များစွာအလုပ်လုပ် ရပေဦးမည်။

"လူကလေး နှမ္ဗသူရိန်၊ သူ့ရဲကောင်းတို့မည်သည်မှာ အမှန်ကိုပဲ မြတ်နိုးကြသလို၊ အများအကျိုးအတွက်ဆိုရင် အင်အားကြီးမားတဲ့ မည်သည့်ဘုရင်ခံ ဖြစ်နေပါစေ၊ တိုက်သင့်ရင် တိုက်ရမှာပဲ"

အထက်ပါအတိုင်း ဆရာသခင် ဗျတ္တက ငုဒ်အားကြိမ်ဖန်များစွာ ပြောခဲ့ဖူးသောစကား ဖြစ်သည်။

ထိုအသိ ထိုစကားသံများကြောင့် ငုဒ်သည် မျက်လုံးကိုအသာ



www.burmeseclassic.com

www.burmeseclassic.com



မေ့မိုက်လျက် သက်ပြင်းချ လိုက်မိပါတော့၏။

ထိုအရပ်တွင် ရက်ပေါင်းများစွာ ကြာမြင့်ခဲ့ရသလို ဒဏ်ရာများလည်း လုံးလုံးပျောက်ကင်းခဲ့လေပြီ။

နှင်းဝတီတို့ မြေးအဘိုး၏ ကျေးဇူးများကြောင့် ယခုကဲ့သို့ လူကောင်းပကတိ ပြန်ဖြစ်သွားသည်ဟုလည်း ဆိုနိုင်ပါသည်။

ထို့အတူ ၎င်းသည် မိမိကိုယ်မိမိ မပိုင်သည့် တပ်မှူးလေးတစ်ဦး ဖြစ်ပါလျက် လတ်တလော အချစ်တည်းဟူသော ရင်မှပေါက်ဖွားလာသည့် ကြိုးတစ်မျှင်ကြောင့် ကိုယ်တိုင် အံ့ဩမယုံကြည်နိုင်လောက်အောင်လည်း ဖြစ်ရသည်။

တကယ်တော့ ၎င်းသည်အချိန်တိုင်း စိတ်ကြမ်း ကိုယ်ကြမ်း နှင့်တိုက်ခြင်း၊ ခိုက်ခြင်းများလောက်သာ အတွေ့အကြုံရှိသူဖြစ်ပြီး အင်မတန်မှ နူးညံ့သိမ်မွေ့သော ထိုကဲ့သို့ နှလုံးသားအရေးတွင် ကျွမ်းဝင်မှုမရှိပါချေ။

ထို့ကြောင့်လည်း တစ်ကြိမ်တစ်ခါသာ နှလုံးသားတွင် ဖြစ်ပေါ်ဖူးသော ချစ်ခြင်းတရားကြောင့် ၎င်းအပေါ်တွင်လည်း ယုံကြည်ကိုးစားကာ သံယောဇဉ်ရှိလာသည်။ စိတ်ထားဖြူစင်လွန်းသူ နှင်းဝတီနှင့် ချစ်သူများအဖြစ် ကူးပြောင်းခဲ့ရတော့သည်။

"မောင်ကြီးကို နှင်းဝတီချစ်တာ ဘဝချင်းထူလို့ပါပဲ၊ ဒါကြောင့် ဘာမှအဆောင်အယောင်မပါဘဲ နှင်းဝတီရဲ့အချစ်ကို မောင်ကြီးအထင် သေးပြီး ဘယ်တော့မှ ခွဲမသွားရဘူးနော်"

လရောင် ရွှန်းလဲ့သော ညတစ်ည .

ထိုညတွင် ကောင်းကင်လမင်းကြီးကို နှစ်သက်သော



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ငှင်းရင်ခွင်၌ မှီခွဲ၍ စိုးရိမ်စွာ ဆိုခဲ့သော သူမ၏စကား။

"မောင်ကြီးရဲ့ အချစ်ကိုယုံပါ နှင်းဝတီ၊ မောင်ကြီးအသက်နဲ့ ထပ်တူ နှင်းဝတီရဲ့အချစ်ကို တန်ဖိုးထားနေမှာပါ၊ ဒါပေမဲ့ ကြေကွဲစရာ ကောင်းတဲ့ ကံကြမ္မာဆိုတာ မောင်ကြီးတို့ချစ်သူနှစ်ဦးအတွက် မမြင်နိုင်တဲ့ ရန်သူပါပဲ"

ငှင်းက ကြေကွဲစွာပြောရင်း သူမနှင့်ပါးချင်းအပ်လိုက်မိသည်။

အမှန်တကယ်တော့ ထိုညသည် ချစ်သူတို့ညမဖြစ်ခဲ့တဲ့ ကြေကွဲစရာကောင်းသေ့ချညသာ ဖြစ်စေခဲ့မိသည်။

အဘယ်ကြောင့်ဆိုသော် ထိုညက ငှင်းတို့ချစ်သူနှစ်ဦးအနီးသို့ လူရိပ်တစ်ခုရောက်ရှိလာကာ စာတစ်စောင်ကြီးချည်ထားသော ဓားနှင့် ငှင်းအနီးရှိ သစ်ပင်တစ်ပင်၌ လာရောက်ပစ်ပေါက်ပြီး ထိုလူရိပ်မှောင်ရိပ်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေ၏။

*

သို့ဖြင့်ငှင်းက သစ်ပင်တွင် စိုက်နေသော ဓားကိုနှုတ်ယူပြီး စာကိုဖတ်ကြည့်လိုက်သောအခါ

လူကလေး နန္ဒသူရိန်

ဒီအချိန်ဟာ တိုင်းပြည်အတွက် သိပ်အရေးကြီးတဲ့ အချိန်ဖြစ်တယ်။ သူရဲကောင်းဆိုတာ ကိုယ်ရေးကိုယ်တာထက် အများအတွက် ကိုသာ ရှေ့ရှုတယ်။ ဒါကြောင့် လူကလေးကို ဘာပြောချင်တယ်ဆိုတာ ဘသောပေါက်ရင် နေပြည်တော်အရောက်ချက်ချင်းပြန်ခဲ့ပါ။ အသက်ရှင်လျက် ပြန်ရောက်လာတဲ့ စစ်သည်မြတ်လှ ရှောက်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသိပြီးနေပြီ။ မကြာခင် အချိန်မှာ သထုံကို စစ်ချီဖို့အတွက် ပြင်ဆင်နေကြတယ်။

သင့်ရဲ့ဆရာ

မူဇွ

ဟူ၍ ရေးသားထားသော စာဖြစ်သည်။ ၎င်းက စာဆုံးသည်နှင့် အတွင်းအကျီကြားထဲသို့ ခေါက်ထည့်လိုက်ကာ ချစ်သူနှင်းဝတီထံသို့ လျှောက်လာလေ၏။

"မကြာခင်အချိန်မှာ နှင်းဝတီနဲ့ခွဲပြီး မောင်ကြီး ခရီးဆက်ရတော့မယ်"

ကွဲအက်အက် စကားသံအဆုံးတွင် သူမပါးစပ်အဟောင်းသား ဖြစ်လျက် အံ့ဩသွားသည်။ ရုတ်တရက် စကားမဆိုနိုင်။ ၎င်းထံသို့ နားမလည်ခြင်း။ မယုံကြည်နိုင်ခြင်းတို့နှင့်အတူကြည့်လေသည်။ ပြီးနောက် ၎င်းရင်ခွင်ထဲသို့ ပြေးဝင်မျက်နှာအပ်လိုက်ကာ တသိမ့်သိမ့်ရှိုက်ငိုပါလေ၏။

၎င်း၏ ရင်ထဲက ကြေကွဲသံတို့သည်လည်း ။

တစ်ဦးနှင့်တစ်ဦး တကယ်တမ်းခွဲခွာရတော့မည် ဆိုသောအခါ ယောက်ျားသားတစ်ဦးဖြစ်ပါလျက် အသည်းဆတ်ဆတ်ခါမျှ နာကျင်ရသည်။ အရဏ်ဦးရောင်ခြည်နှင့်အတူ ခွဲခွာရတော့မည့် ချစ်သူနှစ်ဦးတွင် မျက်ရည်များက ကိုယ်စီ။

"မောင်ကြီး ဟောဒီခရုပုတီး လေးတစ်ကုံးဟာ နှင်းဝတီတို့ ချစ်သူနှစ်ဦးရဲ့ ချစ်ဥာက်သေအဖြစ် ပြုလုပ်ထားခဲ့တာပါ။ ဒီခရုပုတီးသား တစ်ကုံးကို အလယ်ကဖြတ်ပြီး မောင်ကြီးနဲ့ နှင်းဝတီတို့ တစ်ယောက် တစ်ဝက်စီ ယူထားကြမယ်၊ မောင်ကြီးနဲ့နှင်းဝတီတို့ ပြန်ဆုံတဲ့အခါကျမှ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီခရုပုတီးလေးကို မူလအတိုင်းဖြစ်အောင် ပြန်ဆက်ကြမယ်နော်"

သူမကပြောပြီး ၎င်းထံသို့ ခရုပုတီးလေးတစ်ဝက် ပေးလာ၏။ ၎င်းက ယူလိုက်ပြီးသူမအား ကြေကွဲစွာကြည့်သည်။

"မသွားမဖြစ်တဲ့ ခရီးမို့လို့ မောင်ကြီးကိုခွင့်လွှတ်ပါ နှင်းဝတီ၊ တစ်နေ့ နှင်းဝတီဆီအရောက် မောင်ကြီးပြန်လာပါ့မယ်၊ ဒီနေရာက ဆက်ဆက်စောင့်နေပါ"

၎င်းက ပြောလိုက်လေ၏။ သူမမျက်ဝန်းက မျက်ရည်များကို မကြည့်ရဲတော့။ တင်းကျပ်စွာဆုပ်ထားသဲလက်ကို တဖြည်းဖြည်းလျော့ချလိုက်သည်။

"မောင်ကြီးသွားတော့မယ် နှင်းဝတီ"

ပြောပြီး ကျောခိုင်းလိုက်၏။ ပြီးတော့ အားတင်း၍ ခြေလှမ်းကိုစတင်လေသည်။

"မောင်ကြီး . မောင်ကြီး"

သူမ၏ခေါ်သံကား နောက်ပါးတွင် ဝေး၍ကျန်ခဲ့ပါလေပြီ။

၎င်း ပုဂံနေပြည်တော်သို့ ပြန်ရောက်ပြီး နောက် သထုံပြည်ကို တိုက်ရန်အတွက် စစ်ရေးလေ့ကျင့်မှုများ၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရလေ၏။ သို့ဖြင့် စစ်ဆင်ရေးလေ့ကျင့်မှုများ၊ လက်နက်အင်အား လူအင်အားမှစ၍ အားလုံးပြည့်စုံသောအခါ သထုံသို့စစ်ချီရလေ၏။

အစပိုင်း သထုံပြည်သို့ တိုက်ရာတွင် ၎င်းတို့ဘက်က အထိနာ၍ အကြိမ်ကြိမ်ဆုတ်ခွာခဲ့ရသည်။ မည်သည့်နည်းနှင့်မျှ မထိုးဖောက်နိုင်။

သို့ရာတွင် ကြိုတင်ထောက်လှမ်းချက်များအရ သထုံပြည်သို့ အလွယ်တကူ ထိုးဖောက်သိမ်းပိုက်နိုင်မည့် အချက်တစ်ချက်သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံအရာကား ကြက်မတစ်ဝပ်စာလွတ်နေသော မြို့ရိုးအောက်၏ ရေလိုဏ်ပေါက်တစ်ပေါက်မှ ဝင်ပြီးတိုက်မှ နိုင်မည့်အချက်ပင်ဖြစ်သည်။ ထို့ကြောင့် ထိုအရေးကိုငုင်း၏ ကျေးဇူးရှင်ဆရာသခင်ဖြစ်သူ ဗျတ္တတစ်ယောက်သာ ဖြေရှင်းပေးနိုင်မည်ဖြစ်သဖြင့် ဆရာသခင်ဗျတ္တသည် မြို့ရိုးအောက် ကြက်မတစ်ဝပ်စာထိုရေလိုဏ်ပေါက်မှ အတွင်းသို့ ဝင်ရောက်ပြီး တိုက်လေတော့၏။

ထိုမှတစ်ဆင့် အဓိကအဝင်ပေါက်မှ အစောင့်သထုံစစ်သည်များ ကျဆုံးကုန်ပြီးလျှင် ကျန်စစ်သား ဦးဆောင်သောတပ်နှင့် ငထွေရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီး၊ စသည့်ဦးဆောင်သော တပ်များ အလွယ်တကူ မြို့ရိုးကိုကျော်ပြီး ထိုးဖောက်စစ်ဆင်နိုင်ခဲ့တော့သည်။

ထိုစစ်ပွဲတွင် သထုံဘက်မှ တဖြည်းဖြည်း အရေးနိမ့်လာ၏။ နောက်ဆုံး သထုံဘုရင် မနူဟာမင်းနှင့်တကွ သထုံပြည်ကြီးကိုပါ ငုင်းတို့ဘက်မှ အပြီးအပိုင်သိမ်းပိုက် အနိုင်ရလိုက်တော့သည်။ သို့ရာတွင် ထိုစစ်ပွဲ၌ ငုင်း၏ ဆရာသခင်ဖြစ်သူ ဗျတ္တမှာ ကျဆုံးရလေပြီတကား။ ထို့အတူ ငုင်းသည်လည်း ချစ်သူ နှင်းဝတီထံသို့ အရောက်ပြန်ခဲ့မည်ဟု ကတိအဓိဋ္ဌာန်ပြုခဲ့ဖူးပါလေ၏။ သို့သော် စစ်ကြီးပြီးဆုံးလျှင်ဖြင့် ငုင်းသည် အမှန်တကယ်ပင် ပြန်နိုင်ပါဦးမည်လော။

စမ်းချောင်းနံဘေးတွင် မလှုပ်မယှက်ဒူးထောက်ထိုင်နေသော မိန်းမပျိုလေးတစ်ဦး။ ထိုကဲ့သို့ ယိုင်နေသည်မှာ အချိန်မည်မျှကြာမြင့်ခဲ့ပြီမသိ။ သူမသည် တစ်သွင်သွင်စီးဆင်းနေသော စမ်းရေကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ပူများ လိမ့်လိမ့်ဆင်းလာ၏။

သူမကား တပ်မှူးလေး နန္ဒသူရိန်၏ ချစ်သူဖြစ်သော နှင်းဝတီမည်၏။ ဆိုရလျှင် သူမသည် ထိုစမ်းချောင်းလေးသို့ နေ့စဉ်နေ့တိုင်းလာ၍ တပ်မှူးလေးနန္ဒသူရိန်အား စောင့်ဆိုင်းနေခြင်းဖြစ်သည်။ သို့သော် သူမ၏ ချစ်သူ တပ်မှူးလေး နန္ဒသူရိန်ကား ပြန်မလာ။ ရက်မှလချောင်း၍ နှစ်သို့ပင် ကူးတော့မည်။ သူမ၏အချစ်ကို တမင်လိမ်လည်လှည့်ဖြား၍ ပြန်မလာတော့ပြီလော။

သူမတွေးရင်း မျက်ရည်များ ကျလာပြန်သည်။ သေချာပါပြီ။ သူမ၏ ချစ်သူအမှန်တကယ် ပြန်လာလိမ့်မည်မဟုတ်။ စောင့်မျှော်နေရသော သူမသာ မှားလေပြီ။ နောက်ဆုံး သူမ၏ချစ်သူ တကယ်ပြန်မလာတော့ဟု တစ်ထစ်ချယုံကြည်ကာ ဆုံးဖြတ်ချက်ချလိုက်ချိန်မှာပင် ခပ်လှမ်းလှမ်း စမ်းချောင်းလေးအတိုင်း ဓမောင်းနှင်လာသော မြင်းစီး လုလင်တစ်ဦးကို တွေ့ရလေ၏။ ရုတ်တရက် သူမ၏ချစ်သူလားဟူ၍ ဝမ်းသာသွားသော်လည်း အနားရောက်လာသည့်အခါ မျက်နှာစိမ်းရဲမက် တစ်ဦး ဖြစ်နေကြောင်းသိရတော့သည်။

ထိုရဲမက်သည် မြင်းပေါ်မှ ဆင်းလာပြီး သူမအား ပြော၏။ သူမ၏ ချစ်သူနန္ဒသူရိန်သည် သထုံတိုက်ပွဲတွင် ကျဆုံးသွားကြောင်း။ ထို့ကြောင့် သူမအား လာရောက် အသိပေးရကြောင်းဖြစ်သည်။

ဒီတော့မှ သူမ၏ချစ်သူ နန္ဒသူရိန်သည် ရိုးရိုးခရီးသွား အရပ်သားတစ်ဦးမဟုတ်ဘဲ ပုဂံအနော်ရထာမင်း၏ အားအကိုးရဆုံး အမှုထမ်း တပ်မှူးလေးတစ်ဦး ဖြစ်နေကြောင်း အဖြစ်မှန်အားလုံးကို သိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင် ဖြစ်စေကာမူ သူမသည် သူ၏ ချစ်သူတပ်မှူးလေး နန္ဒသူရိန် သတိုးတိုက်ပွဲ၌ ကျဆုံးသွားသည်ဟူသော အဖြစ်ကိုလုံးဝ မယုံကြည်။ မင်းနေပြည်တော်မှ ထက်မြက်ကျော်ဇောသော တပ်မှူးလေး တစ်ဦး ဖြစ်နေသောကြောင့် တောတွင်းသူမလေး သူမနှင့်ကား ဘဝချင်း များစွာ ကွာခြားသွားလွန်းစေသည်။ ထို့ကြောင့် သူမနှင့်အဆင့်အတန်း ချင်းမတူ၍ တမင်လုပ်ကြံပြီး ပြောဆိုနေကြောင်းသာ ယုံကြည်မိသည်။ သတ်မှတ်မိသည်။

"တပ်မှူးလေး အမှန်တကယ် ကျဆုံးသွားခဲ့တာပါ ငါ့နှမ။ ဒီအဖြစ်အပျက်တွေကို ငါ့နှမယုံကြည်အောင် သက်သေပြစရာတစ်ခု တော့ရှိပါတယ်၊ အဲဒါက ဟောဒီကပစ္စည်းလေးတစ်ခုပါပဲ"

မြင်းစီးလုလင်ရဲမက်က နောက်ဆုံးသက်သေပြစရာတစ်ခုသာ ရှိ၍ ပြောလိုက်ပြီး အသင့်ယူဆောင်လာသော ပစ္စည်းလေးအား ထုတ်လေ၏။ ထိုပစ္စည်းကား ခရုပုတီးအပြတ်လေးဖြစ်သည်။

"ဟင် ဒါ ဒါ မောင်ကြီး နန္ဒသူရိန့်ကို နှမလေး ချစ်သက်သေ အဖြစ်ပေးလိုက်တဲ့ ခရုပုတီးလေးပဲ၊ အို ဒါဆိုရင် မောင်ကြီး နန္ဒသူရိန်"

ထိုပစ္စည်းလေးကို မြင်ရစဉ်မှာ သူမထိတ်လန့် တုန်လှုပ်သွား ရလေသည်။ ကမ္ဘာကြီးတစ်ခုလုံးလည်း အိုးထိန်းစက်ကဲ့သို့ ချာချာလည် လေပြီ။

"ဟုတ်ပါတယ်၊ ငါ့နှမအဲဒီ ခရုပုတီးလေးကို တပ်မှူးလေးဟာ အမြဲကိုယ်နဲ့ မကွာဆောင်ထားခဲ့တာပါ၊ သတိုးတိုက်ပွဲမှာ ဒဏ်ရာ ရပြီး သေအံ့မူးမူးဖြစ်နေချိန်မှာတောင် သွေးအိုင်ထဲကနေ အဲဒီခရုပုတီး လေးကို လက်မှာဆုပ်ကိုင်ပြီး မျက်ရည်ကျရှာတယ်၊ ပဲခုချိန်အထိ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းကို ဒီကမောင်ကြီး မြင်နေတုန်းပါ ငါ့နှမရယ်၊ တကယ်တော့ တပ်မှူးလေးဟာ သထုံတိုက်ပွဲကြီးပြီးဆုံးရင် ငါ့နှမဆီကို အရောက်ပြန်လာဖို့ အကြီးမားဆုံး ဆန္ဒပြင်းပြခဲ့တာပါ၊ ဒါပေမဲ့ ဒါပေမဲ့ . . .

မြင်းစီးလုလင်ရဲမက်က ပြောရင်းစကား ရှေ့မဆက်နိုင်ဘဲ ဖြစ်သွားသည်။ မျက်ရည်များလည်း ကျလာသည်။ ပြီးမှ အားယူပြီး ဆက်ပြောလာသည်။

"တပ်မှူးလေး သူ့ဆန္ဒတိုင်း မပြည့်ဝတော့ဘူး ငါ့နှမရယ်၊ ဒါကြောင့် ဒီကမောင်ကြီးကို တပ်မှူးလေးဟာ အဲဒီခရုပုတီးလေး ပေးအပ်ပြီး ဒီနယ်က ငါ့နှမထံအရောက် ပို့ပေးဖို့ရယ်၊ ပြီးတော့ သူကိုယ်တိုင် မလာရောက်နိုင်တော့ဘူး ဆိုတဲ့ အကြောင်းရယ် ရှင်းပြပေးဖို့ နိုင်းစေလွှတ်ခဲ့တာပါကွယ်"

"အို ဖြစ်မှဖြစ်ရလေ မောင်ကြီးရယ်"

မြင်းစီးလုလင်ရဲမက်၏ စကားအဆုံးတွင် သူမ အရာရာကို ချုပ်တည်းနိုင်စွမ်း မရှိတော့ဘဲ အမြင်များပြာဝေသွားတော့သည်။ အသိတို့ လွတ်ထွက်သွားတော့သည်။ ပြီးနောက် သူမသည် ခရုပုတီးလေးကို လက်မှကိုင်ပြီး ကြည့်ရင်း အမြင်တို့ နီးလိုက်ဝေးလိုက်၊ အသိတို့လည်း ပူးလိုက်၊ ခွာလိုက်။ နောက်ဆုံးတော့ သူမသည် နေရာမှာတင် အရုပ်ကြိုးပြတ်လဲ ပြိုကျသွားရလေပြီ။ စမ်းချောင်းလေး နံဘေး လဲပြိုကျနေရာ သူမထံသို့ သူမ၏ချစ်သူ တပ်မှူးလေး နန္ဒသူရိန် ဒဏ်ရာတွေဗလပွ။ သွေးစိမ်းတွေ အလူးလူးဖြင့် ရောက်ရှိလာသည်။

သူမလဲကျနေရာမှ လူးလဲကျိုးထပြီး ချစ်သူတပ်မှူးလေး နန္ဒသူရိန် ခေါ်ရာဆီအပြေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မောင်ကြီး မောင်ကြီး နန္ဒသူရိန်"

မျက်နှာချင်းဆိုင် အရောက်မှာ သူမက ပွေ့ဖက်လိုက်သည်။ သို့ရာတွင် တပ်မှူးလေးနန္ဒသူရိန်ကို မဖက်မိချေ။ လေကိုသာ ဖက်မိသည်။ သူမအံ့သြမယုံကြည်နိုင်စွာ အဖြစ်အပျက်ကိုကြည့်ရင်း မျက်ရည်များ ဖြိုင်ဖြိုင်ကျလာတော့သည်။

"မောင်ကြီး မောင်ကြီး ဘာယ်လိုဖြစ်ရတာလဲ မောင်ကြီးရယ်"

သူမက တပ်မှူးလေး နန္ဒသူရိန်၏ အခိုးအငွေ့လို အရိပ်သဏ္ဍာန်ကို ကြည့်ရင်းပြောလိုက်သည်။

"မောင်ကြီး မောင်ကြီး"

ပြောပြီး တပ်မှူးလေး နန္ဒသူရိန်၏ အရိပ်သဏ္ဍာန်က တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

သူမ အာခေါင်ခြစ်ပြီး သွေးရူးသွေးတမ်း အော်လိုက်သော်ငြား အချည်းနှီးသာ ဖြစ်လေတော့သည်။

"မောင်ကြီး မောင်ကြီး"

တဝေါဝေါ ရွာချလိုက်သော မိုးရေများကြားဝယ် သူမ၏ အသံတို့ကား ပျောက်ကွယ်သွားသည်။ ထိုမိုးရေစက်တို့၏ အထိအတွေ့တို့နှင့် အတူခုနက အဖြစ်အပျက်များကြောင့် သတိပြန်ရလာချိန်တွင်မှ စမ်းချောင်းလေးနံဘေးတွင် သူမ လဲပြိုပြီး မေ့မြောခဲ့ခြင်းဖြစ်ကြောင်း အမှတ်ရမိတော့သည်။

ထိုကဲ့သို့ သတိလစ် မေ့မြောနေချိန်တွင် သူမချစ်သူ တပ်မှူးလေး နန္ဒသူရိန် ဝိညာဉ်ဘဝနှင့် ရောက်ရှိလာပြီး ဖြစ်အပျက်တို့အား ရှင်းပြပေး၏။ ထူးဆန်းစရာ ကောင်းသည်မှာ သူမ၏ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးလေး နန္ဒသူရိန်ကား သူမအပေါ် ဖွဲ့လမ်းစိတ်ကြောင့် ခရုပုတီးလေးတွင် ဝိညာဉ်တစ်ခုနှင့် တွယ်ကပ်ရောက်ရှိလာသော အချက်ပင်ဖြစ်သည်။

ထိုကဲ့သို့ ဖြစ်ကြောင်းကုန်စင်တို့အား ရှင်းပြပေးပြီး သူမ၏ချစ်သူ တပ်မှူးလေး နန္ဒသူရိန်ဝိညာဉ်ကား တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့ပါ၏။

ဒီတော့မှ သူမသည် အထက်ပါအဖြစ်အပျက်တို့ကို အကြွင်းမဲ့ယုံကြည်ကာ သူမ၏အဘိုး ဖြစ်သူအား ဖြစ်ကြောင်းကုန်စင် ပြောပြသည်၊ ဆန္ဒတစ်ရပ်ကိုလည်း ထုတ်ဖော်ပြောသည်။ ထိုအရာကား သူမတို့ချစ်သူနှစ်ဦးဆုံစည်းခဲ့ကြသော စမ်းချောင်းလေးနံဘေးတွင် စေတီတစ်ဆူတည်ရန်ဖြစ်သည်။

ထို့ကြောင့် သူမ၏ အဘိုးဖြစ်သူ ဆေးဆရာကြီး ဦးဗဒ ကသည် မြေးဖြစ်သူ အလိုဆန္ဒအရ မကြာမီမှာပင် ထိုစမ်းချောင်းလေးနံဘေး၌ စေတီတစ်ဆူတည်ကာ ခရုပုတီး အပြတ်လေးနှစ်ခုကိုလည်း မူလအတိုင်း ပြန်ဆက်ပြီး ထိုစေတီတွင် ဌာပနာပေးခဲ့ပါလေ၏။

ထိုအချိန်မှစ၍ နှင်းဝတီမည်သော သူမသည် သူတော်စင်မလေး ဘဝပြောင်းလဲကာ ဘာသာသာသနာအတွက် အလုပ်အကျွေးပြုရင်း ထိုစေတီလေးနံဘေး၌ ရာသက်ပန်အရိုးကျနေထိုင် သွားခဲ့ပါလေတော့သတည်း။

နေစာရီ မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကျော် ဖြစ်ရပ်ဆန်းများ နှင့် စိတ္တဗေဒပညာ ရှင်းတမ်း



www.burmeseclassic.com

www.burmeseclassic.com



(၃၁)ဘုံ သတ္တဝါတို့ကျင်လည်ကုန်သော သံသရာသည် ရှည်လျားသလောက် ဘဝများကလည်း မရေတွက်နိုင်အောင် များပြားလှချေသည်။ ထိုကဲ့သို့ ကျင်လည်ရသောသံသရာ၊ များပြားလှသောဘဝတို့ဆိုသည်မှာ အကျိုးအကြောင်း၊ ကုသိုလ်၊ အကုသိုလ်များနှင့်ဆက်စပ်နေသဖြင့် မိမိတို့ပြုလုပ်သည့်အပေါ် အဆိုးအကောင်း လိုက်ပြီး ဘဝပုံရိပ်များထင်ဟပ်တည်နေတတ်ကြပေ၏။

ဆိုရလျှင်ဘော့ စိတ်ကြောင့် ရုပ်ဖြစ်သလို၊ ရုပ်ကြောင့်လည်း စိတ်ဖြစ်နိုင်ပြီး၊ ဘဝတာမလွန်မှဟိုဘက်သို့ ကူးပြောင်းကြသည့်အခါ တချို့စိတ်အာရုံ(အဝိဇ္ဇာတဏှာ)အစွဲပြုသည့်အတိုင်း ပရလောကနှင့် အကြုံးဝင်သော (တစ်နည်းအားဖြင့် မကျွတ်လွတ်သော ဝိညာဉ်ဘဝအဖြစ် ရောက်ရှိကြရတော့သည်။

ဝိညာဉ်ဆိုသည်မှာ 'နာမ်'ချည်းသက်သက်ရှိသော အမျိုးအစားတစ်ခုဖြစ်သလို၊ 'ရုပ်' နှင့် 'နာမ်'မှာ သီးခြားသဘော ရှိသော်လည်း တစ်ခုနှင့်တစ်ခု ကျေးဇူးပြုပြီး ဖွဲ့စည်းတည်ဆောက်ထားသော ခန္ဓာကိုယ်အစုဝေးတစ်ခုမှ ရှင်းချဉ်းသွား



www.burmeseclassic.com

www.burmeseclassic.com

ဧယာကူမပြစ်မှားစေ့းဖြစ်သွားသူနှင့် ဆန်းကြယ်ဖြစ်ရပ်မှန်များသည့် 'နာမ်'အကြွင်းတစ်ခုလည်း ဖြစ်လေသည်။

ထိုအကြွင်း 'နာမ်'သို့ စိတ်ကဝင်ရောက်ချဉ်းကပ်ခို ဝင်ပြီး ဝိညာဉ်အဖြစ်နှင့် စိတ်စေရာ (ဥပါဒါန်အစွဲ)အတိုင်းရှိ နေခဲ့သည် ဆိုလျှင်မမှား။ တစ်နည်းအားဖြင့် စိတ်ဖြင့် အသက် ရှင်လှုပ်ရှားနေသော ဝိညာဉ်ဖြစ်သည်။ ထိုဝိညာဉ်တို့သည် ပြိတ္တာအနွယ်ဝင် များနှင့်လည်း အကြုံးဝင်ကြပေ၏။

ထိုကဲ့သို့စိတ်ကြောင့် ဖြစ်တည်သောတမလွန်ဘဝမှ အံ့သြစရာကောင်းလှသည့် ဝိညာဉ်လောကသားများအနေဖြင့် ဘဝတစ်ခုနှင့်တစ်ခုကူးပြောင်းရာ ကြားခုလတ်၌ ဟိုဘက်ဘဝ တစ်ခုသို့ ပဋိသန္ဓေမတွယ်မိ(သို့) တွယ်ကြရာတွင် ၎င်းတို့စိတ်စွဲ ရာ အရာဝတ္ထု၊ ဘဝမကူးမီပြုလုပ်ခဲ့သော ကံ-ကံ၏အကျိုးတရား ပေါ်မှီ၍ နေကြရသူများသာဖြစ်သည်။

အချို့က ဝိညာဉ်လောကသားများနှင့်ပတ်သက်၍ မရှိဟု တွင်တွင်ငြင်းဆိုကြသလို၊ အချို့ကျတော့လည်း ဝိညာဉ် လောကသားများ အမှန်တကယ်ရှိကြောင်း ယုံကြည်ကြပေ သည်။

စာရေးသူအနေဖြင့် လေ့လာမှတ်တမ်းတင်မိသ လောက် အထက်မှာဆိုခဲ့ပြီးသည့်အတိုင်း 'ရုပ်' နှင့် 'နာမ်'အစု ဝေးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ခန္ဓာကိုယ်တစ်ခုမှ 'ရုပ်' ချည်းသွားသောကြောင့် 'နာမ်'ချည်းသက်သက်ကြွင်းကျန်ရှိသည့် စိတ်စေရာအတိုင်း အသက်ရှင်သော ဝိညာဉ်လောကသားများ တကယ်ရှိကြောင်း ဆိုရမည်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သေအထောက်အထား၊ သာဓကများကိုပြဆိုရလျှင် ဗုဒ္ဓဘုရားလက်ထက် ပေတဝတ္ထု၊ အဋ္ဌကထာများ၌ ဝိညာဉ်လောကသားတို့သည် ပြိတ္တာအနွယ်ဝင်များနှင့်လည်း အကြွးဇင်နေကြောင်း ဆိုထားလေ၏။

ထို့ပြင် တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ) ရေးသားပြုစုသော 'ရကြပါစေ အမျှဝေ၏'စာအုပ်တွင် မင်းအဇာတသတ် ကယ်မ လိုက်ရသော 'ပြိတ္တာတစ္ဆေ (စူဠသေဋ္ဌိ ပေတဝတ္ထု)တွင်ဆိုထားသလို၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဆဋ္ဌသံဂါယနာတင်ပြီးချိန်က ကမ္ဘာအေးကုန်းမြေရှိ 'အပရဂေါယာနကျောင်းဆောင်' တွင် 'ဓမ္မဒူတ ဝိဇ္ဇာလယ်ကျောင်း'ဖွင့်ပြီး၊ နိုင်ငံခြားသာသနာပြုသံဃာတော်များကို သင်တန်းပို့ချသင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းကျောင်းကြီး၏ ဥက္ကဋ္ဌဆရာတော်ကြီးမှာ ဦးပညာဒီပ (ကမ္ဘာ့ဝိပဿနာသာသနာပြုအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ)ဖြစ်ပြီး၊ သင်တန်းသား မြန်မာဘုန်းတော်ကြီးသံဃာတော်များ အပါအဝင် ဂျာမန်၊ အင်္ဂလန်၊ ဆွီဒင်၊ ယိုးဒယားနှင့်ဂျပန်ဘုန်းကြီး သံဃာတော်များတို့ဖြစ်ကြသည်။

သင်တန်းချိန်ကာလတွင် 'ဦးမာနိန္ဒ' ဘွဲ့မည်သောဂျပန်ဘုန်းကြီးတစ်ပါးသည် အဆိုပါသင်တန်းကျောင်းဆောင်ထဲ၌ မကျွတ်မလွတ်သောဝိညာဉ်ဘဝနှင့် ညစဉ်တိုင်းလမ်းလျှောက်ကိုယ်ထင်ပြခဲ့ကြောင်း ထိုစာအုပ်မှာပင် ဆိုထားခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါကဲ့သို့ ဖျူးမြို့၌ 'ဖျူးလူသတ်ပွဲ'ဟူ၍ ပြည်တွင်းစစ်အတွင်းကာလက သမိုင်းမှတ်တမ်းတွင်ခဲ့သော ထူးဆန်းသည့်ဖြစ်ရပ်တစ်ခုလည်း ရှိသေးသည်။

ဖြစ်ရပ်မှာ ဖျူးမြို့ရှိ 'ပင်စင်လမ်း'ဟုခေါ်သော ယခု (၄)လမ်းတွင် ယခုသာသနာ့ရိပ်သာအဆောက်အဦးနေရာ၌ ဗိုလ်တဲကြီးတစ်လုံးရှိကြောင်း၊ ထိုဗိုလ်တဲကြီးထဲတွင် ပြည်တွင်းစစ်အတွင်းကာလက ဖျူးမြို့ကိုသိမ်းပိုက်ထားသော သောင်းကျန်းသူများ စခန်းချနေခဲ့ကြောင်း၊ စခန်းချနေခဲ့သော သောင်းကျန်းသူစစ်ဗိုလ်သည် အမျိုးသမီးငယ်များကို သိမ်းပိုက်ဖမ်းဆီးခဲ့ပြီး၊ သတ်ဖြတ်ခဲ့ကြောင်း၊ သေဆုံးခဲ့သောအမျိုးသမီးငယ်များထဲမှ တစ်ဦးသည်မကျွတ်မလွတ်သေးဘဲ ဝိညာဉ်လောကသားအဖြစ်နှင့် ထိုဗိုလ်တဲထဲတွင် ရှိနေကြောင်း၊ မောင်မြဝေဆိုသူကျောင်းသားလူငယ်ကလေး ထိုဗိုလ်တဲထဲသို့ ဆွမ်းဝင်ခံရာမှ အဆိုပါဝိညာဉ်မိန်းကလေးကို မြင်တွေ့ရကြောင်း၊ သူမအတွက် အမျှဝေပေးရန် မောင်မြဝေကိုဝင်ပူးကပ်ပြီး၊ ပြောစေခဲ့ကြောင်းစသဖြင့် ဆိုထားခြင်းများ ဖြစ်ပါသည်။

ဆက်လက်၍ ထိုစာအုပ်မှာပင် ဖုတ်၊ သရဲ၊ တစ္ဆေ ဝိညာဉ်လောကသားများနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆိုထားသေးသည်။

ဖုတ်၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာ စသည့် ဝိညာဉ်လောကသားတို့မှာ 'ကာမဇိဒ္ဓိ' တန်ခိုးဖြင့် ၎င်းတို့၏ရုပ်ကို အသွင်သဏ္ဌာန်အမျိုးမျိုးဖန်ဆင်းပြနိုင်ကြသည့်အတွက် ပါဠိဘာသာအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နာနာဘာဝ (တစ်နည်း ပရလောကသားများ)ဟု ခေါ်ဆိုကြကြောင်း၊ ထိုနာနာဘာဝဒ၊မျိုးမျိုးတို့ကား . . .

(၁) လူတို့က ဖိတ်ကြားသည့်အခါ လာရောက်၍ တရားနာနိုင်ကြကြောင်း၊

(၂) အမျှဝေက 'သာဓု'ခေါ်နိုင်ကြောင်း၊သာဓုခေါ်ခေါ်ချင်းမှာပင် ယုတ်ကြမ်းသောအဆင့်အတန်းမှ နူးညံ့သော အဆင့်အတန်းသို့ ပြောင်းသွားနိုင်ကြောင်း၊

(၃) အိပ်မက်ဖြင့် လိုသလိုပေးနိုင်ကြောင်း၊

(၄) ကိုယ်ထင်ပြ၍ စကားယှဉ်ပြိုင်ပြီးပြောနိုင်ကြကြောင်း၊

(၅) လူရုပ်ပေါ်လွင်အောင် ဖန်ဆင်းပြနိုင်ကြကြောင်း၊

(၆) လူတို့အား ရွှေငွေနှင့်အခြားသောပစ္စည်းများပေးနိုင်ကြကြောင်း၊

(၇) ကျေးဇူးတရားသိတတ်သူလည်း ရှိတတ်ကြကြောင်း

စသဖြင့် ဆိုထားခြင်းဖြစ်လေသည်။

ထိုအတူ သရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ ဝိညာဉ်များနှင့်ပတ်သက်၍ ပေတဝတ္ထု၊ အဋ္ဌကထာ 'ဦးကြီးခင်'၊ ဦးမြင့်ဆွေ'တို့ပြုစုသော (ဗုဒ္ဓခေတ်ကိုယ်တွေ့ တစ္ဆေဝတ္ထုညွှန့်ပေါင်း)စာအုပ် 'အမှာ'မှတ်တမ်းတွင် အောက်ပါအတိုင်းဆိုထားသည်ကိုလည်း တွေ့ရှိရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေတဝတ္ထု၊ အဠကထာမှဝတ္ထုများသည် လူတို့၏ တမလွန်ဘဝနှင့်ဆက်စပ်နေသောကြောင့် အနောက်တိုင်းလူ့ ဝှက်သည်းဖိုဝတ္ထုများထက်ပင်ပို၍ အံ့ဩစရာ၊ ကြက်သီးထစရာ ကောင်းနေခြင်းဖြစ်ကြောင်း . . .

"ဘီစီခြောက်ရာစု ဗုဒ္ဓခေတ်က ဖြစ်ရပ်ဆန်းများဖြစ်၍ အလွန်ရှေးကျလှခြင်း၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလန် ရဟန္တာအရှင်မြတ်ကြီးတို့၏ ကိုယ်တွေ့များဖြစ်ခြင်း၊ သာမန်လူ သားတို့ မတွေးခေါ်၊ မမြင်စွမ်းနိုင်သော တမလွန်ဘဝနှင့် ဆက်စပ်နေခြင်းဖြစ်ကြောင်း . . .

"နှစ်ပေါင်း (၂၅၀၀)ကျော်အထက်က အလွန်ရှေးကျ လှသည့်လျှို့ဝှက်ဆန်းကြယ် အံ့ဩဖွယ်ဖြစ်ရပ်များကို (ဗုဒ္ဓခေတ် ကိုယ်တွေ့တစ္ဆေဝတ္ထုညွှန့်ပေါင်း)၌ ကျွန်ုပ်တို့အနေဖြင့် ယခုကဲ့ သို့ ပြည့်ပြည့်စုံစုံ မြန်မာပြန်ဆိုဖော်ထုတ်ပြနိုင်ခွင့်ရခြင်းမှာ 'အာစရိယမမ္ဗပါလ'ခေါ် 'အရှင်မမ္ဗပါလ'က ပေတဝတ္ထု၊ အဠ ကထာ၌ဖွင့်ဆိုရေးသားခဲ့သောကြောင့်ဖြစ်သည်"ဟု အမှာစာ တွင် အထက်ပါအတိုင်း မှတ်ချက်ပြုဖွင့်ဆိုထားခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် ထူးခြားဆန်းကျယ်သောဝိညာဉ်များနှင့် ပတ်သက်ပြီး၊ ဆက်လက်ပြဆိုရလျှင် ပေတဝတ္ထု၊ အဠကထာ၌ မိစ္ဆာဒိဋ္ဌိအယူများမိ၍ ပြိတ္တာဖြစ်သွားရသော 'နန္ဒက စစ်သူကြီး ရှိခဲ့သလို၊ ကဿပဘုရားရှင်လက်ထက်က ရဟန်းတစ်ပါး သည် ဂင်္ဂါမြစ်တွင်လှေကိုစီး၍သွားရင်း အနီး၌တွေ့သော ပိန်းရွက်အား လက်နှင့်ဆွဲကိုင်ဖြတ်တောက်မိသဖြင့် 'ပါဠိတ်'



www.burmeseclassic.com

www.burmeseclassic.com



အာပတ်'သင့်ပြီး ပျံလွန်တော်မူသည့်အခါ 'သီလမစင်ကြယ် လေစွတကား'ဟု အရှုံအလူလွှဲ ဥပါဒါန်အစွဲများ ကပ်ငြိပါ သွားခြင်းကြောင့် ၎င်း၏ ဘဝဝိညာဉ်သည် လူသားစင်စစ် ရဟန်း ဘဝမှ ဆန်းကျယ်လွန်း စွာ အဟိတ်တိရစ္ဆာန် 'ဧကရကပတ္တ' နဂါးမင်းဘဝသို့ ရောက်ရှိသွားခဲ့ကြောင်း ဆိုထားပြန်သေး သည်။

ထို့အတူ (ဥပရိပဏ္ဏာသ၊ စူဠကမ္မဝိဘင်္ဂသုတ်)တွင် အလှူအတန်းဒါနနှင့် သီလမဲ့ပြီး၊ နှမြောဝန်တိုလှသော 'တောဒေယျပုဏ္ဏား'သည် ၎င်းသေလွန်သည့်အခါ ၎င်း၏အိမ်၌ခွေး ဘဝနှင့် ဝိညာဉ်တွယ်နေသောအဖြစ်လည်း ရှိခဲ့ပါ၏။ ထိုဖြစ်ရပ်နှင့်အလားသဏ္ဍာန်တူဖြစ်သောဖြစ်ရပ်တစ်ခုကား ဘဝတဏှာ၏စွဲလမ်းမှုကြောင့် 'ကောတုဟာလိက' ၏ ဘဝဝိညာဉ် မှာလည်း လူ့ဘဝ၊ ခွေးဘဝ၊ နတ်ဘဝစသဖြင့် အသွင်အမျိုးမျိုးပြောင်းပြီး၊ သံသရာလည်နေသောအကြောင်းကို ပြဆိုထားပါသည်။

ထိုကဲ့သို့ဆန်းကြယ်လွန်းသော ဝိညာဉ်လောကဆိုင်ရာ အဖြစ်အပျက်တို့မှာ ဘုရားရှင်လက်ထက်ကတည်းက အများအပြားရှိခဲ့ကြောင်း၊ စာပေကျမ်းဂန်တို့၌ အထက်ပါအတိုင်း အခိုင်အမာဆိုထားခဲ့ပြီးဖြစ်သလို ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ ဩစတြီးယား၊ ဗြိတိသျှ၊ တရုတ်၊ အမေရိကန်စသော အနောက်နိုင်ငံကြီးများအသီးသီးတွင်လည်း ဝိညာဉ်လောကနှင့် ပတ်သက်ပြီး၊ ယနေ့တိုင် သုတေသနပြု စူးစမ်းလေ့လာ အကောင်

www.burmeseclassic.com

ယောက်ျားမဖြစ်မှားခွေးဖြစ်သွားသူနှင့် ဆန်းကြယ်ဖြစ်ရပ်မှန်များ အထည်ဖော်နေကြသော 'မနောသုတေသီအဖွဲ့ကြီးများ'ကို လည်း ဖွဲ့စည်းတည်ဆောက်ထားကြပါသည်။

အဆိုပါ အဖွဲ့ကြီးများ၏ နှစ်ရှည်လများ သုတေသနပြု စူးစမ်းလေ့လာဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့သော ဝိညာဉ်လောကဆိုင်ရာ အဖြစ်အပျက်ဆန်းတွေ အများအပြားရှိနေကြောင်း ဆိုသည့်အချက်ကို ယနေ့ကမ္ဘာတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိထားကာ လက်ခံယုံကြည်နေကြပေသည်။

ယနေ့အထိ အနောက်တိုင်းပညာရှင်များ အငြင်းပွားနေသည့်ပြဿနာတစ်ရပ်မှာလည်း လူတို့ကွယ်လွန်သွားပြီးသော့အခါ တမလွန်ဘုံဘဝ အမှန်တကယ်ရှိခြင်း၊ မရှိခြင်းဆိုသော ကိစ္စတို့ပင် ဖြစ်သည်။ ဝိညာဉ်လောကကိုယုံကြည်သူတို့ကတော့ တမလွန်ဘုံဘဝရှိကြောင်း စာတစ်စောင်ပေတစ်ဖွဲ့ရေးသားခဲ့ကြသလို ဒုတိယကမ္ဘာစစ်မဖြစ်ပွားမီ ၁၉၁၆ ခုနှစ်ခန့်ကစ၍ ကွယ်လွန်သူတို့၏ဝိညာဉ်နှင့်ဆက်သွယ်နိုင်ကြောင်း 'ဗြိတိသျှမနောသုတေသနအသင်း' အမှုဆောင်များဖြစ်ကြသော ပါမောက္ခဆာအော်လီဘာ၊ လောဂျာမစ်စတာမိုင်ရာဂါနေ . . . စသည့်တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ပညာရှင်များ၊ ကမ္ဘာ ကျော်ရှားလော့ဟုမ်း(မောင်စံရှား)ဝတ္ထုများ ရေးသားခဲ့သူဆရာကြီးကိုနင်ဖွိုင်းတို့က တစိုက်မတ်မတ် ယုံကြည် လက်ခံခဲ့ကြသည်။

ထို့အတူ အင်္ဂလန်နိုင်ငံ၌ပေါ်ပေါက်လာသော 'မနော သုတေသနအသင်းကြီး' ကို ဆာဝီလီယန်အားရေး ပါမောက္ခ

www.burmeseclassic.com



ဆစ်ဝစ်တို့ခေါင်းဆောင်ပြီး ၊ ၁၈၈၂ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြ၏။ အမှုဆောင်လူကြီးများမှာလည်း ပြင်သစ်နိုလ်ဘယ်ဆုရှင် ဒဿနကပါမောက္ခဟင်နရီဘာက်ဆင်၊ ဆာအော်လီဗာလော့(ဂျ်)၊ ဆရာကြီးကိုနင်ဒွိုင်း၊ ကဗျာစာဆိုယိတ်(စ်)၊ စိတ်ပညာရှင်ယွန်း၊ စာရေးဆရာကြီးဘာနတ်(ဒ်)သိပ္ပံပညာရှင်ကြီး မာဒမ်းကျူရီတို့ဇနီးမောင်နှံ စသော ကမ္ဘာပေါ်တွင် အလွန်ထင်ရှားလှသည့် ပုဂ္ဂိုလ်ကြီးများ ပါဝင်လာသောကြောင့် နိုင်ငံအသီးသီးက စိတ်ဝင်စားလာခဲ့ကြသည်။

အဆိုပါ အသင်းကြီး၏ အဓိကရည်မှန်းချက်ကိုဆိုရလျှင် လူတို့၏ထူးခြားဆန်းကြယ်သော စိတ်စွမ်းအင်အစစ်အမှန်ကို လေ့လာရန် ရှေးအစဉ်အလာအတိုင်း စွဲလမ်းယုံကြည်နေကြသည်။ ဝိညာဉ်လောကနှင့် ဆက်သွယ်ခြင်း၊ အိပ်မက် မက်ခြင်း ကိုယ်ထင်ပြခြင်း၊ စိတ်အာရုံချင်း ဆက်သွယ်ခြင်း၊ နာနာဘာဝ ရှိမရှိ အဖြစ်မှန်ကို ဆန်းစစ်ဖော်ထုတ် သက်သေပြရန်ဖြစ်ကြောင်း ဆိုခဲ့သည်။

ဗြိတိသျှ 'မနောသုတေသနအသင်းကြီး' ကလည်း နာနာဘာဝများကို လူတို့အားမြင်တွေ့ရသကဲ့သို့ သို့မဟုတ်၊ အမာခံရုပ်ဒြပ်ကင်းမဲ့သော အရာဖြစ်ကြောင်း ဆိုထားသည်။ ၎င်းတို့ကို ထိတွေ့၍မရ၊ ၎င်းတို့သည် ရုတ်တရက်ပေါ် လာပြီး၊ ရုတ်တရက်ပျောက်သွားတတ်သည်။ တံခါးများပိတ်ထားသော အခန်းထဲ၌ ပေါ် လာတတ်သော်လည်း ၎င်းတို့ကို တကူးတက ဓာတ်ပုံရိုက်ကူး၍မရ။ ဓာတ်ပုံရိုက်စဉ်အတွင်း ၎င်းတို့ကိုမမြင်



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားမပြစ်များဖွေးပြစ်သွားသူနှင့် ဆန်းကြယ်ပြစ်ရပ်မှန်များ နိုင်ဘဲ နဂ္ဂတစ်ကူးပြီးမှသာ ၎င်းတို့ပုံရိပ်ကိုမြင်ရနိုင်ကြောင်း၊ ပို၍ထူးဆန်းသည်မှာ ၎င်းတို့ပြောသောစကားများကို အသံသွင်း၍မရ။ ခြေသံများကိုကြားသောအခါ လေထဲ၌အသံလှိုင်း မထလဲရှိသည်။ မီးရောင်ရှေ့သို့ဖြတ်သွားသည့်အခါမျိုး၌ မီးရောင်ကို ခဏကွယ်သွားစေသည်ဟု ဆိုထားခဲ့ပါသည်။

ဗြိတိသျှနိုင်ငံရှိ 'မနောသုတေသနအသင်းကြီး'သည် ငွေကုန်ကြေးကျခံပြီး၊ ကမ္ဘာ့နိုင်ငံအသီးသီးသို့ စေလွှတ်သည့် စိတ်ဝိညာဉ်ဆိုင်ရာဖြစ်ရပ်များကို တစိုက်မတ်မတ် သုတေသနပြုလုပ်သော သုတေသီများကို မွေးထုတ်ပေးနိုင်ဆုံး နိုင်ငံလည်းဖြစ်သည်။ အဆိုပါသုတေသီများထဲ၌ 'ပီတာအန်ဒါဝု(ဒ်)မှာ ထိပ်ဆုံးတွင် နေရာရခဲ့သူဖြစ်သလို ၎င်းကိုယ်တိုင် နာနာဘာဝများကိုတွေ့အောင် ကြံဆောင်နိုင်ခဲ့သူလည်းဖြစ်၏။

အဆိုပါ ဗြိတိသျှ 'မနောသုတေသနအသင်းကြီး' မှ စုံစမ်းစစ်ဆေးသုတေသနပြုလုပ်ခဲ့သော အမှုတွဲပေါင်း(၂၀၀၀) ကျော်ပြီးမှပင် ထူးခြားဆန်းကျယ်သည့် နာနာဘာဝတို့ ခြောက်လှန့်မှုဖြစ်ရပ်များနှင့် ၎င်း၏ကိုယ်တွေ့ဖြစ်ရပ်များကို စုပေါင်း၍ နာနာဘာဝသုတေသနစာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ရေးသားထုတ်ဝေခဲ့သူလည်း ဖြစ်ပါသည်။

ထူးဆန်းသော နောက်ဖြစ်ရပ်များကား ဝိညာဉ်ဓာတ်ပုံများနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု 'အမျိုးသားအဏ္ဏဝါဗေဒပြတိုက်'မှ ဓာတ်ပုံဆရာ 'ဘာရမ်တီငြိမ်'သည် ဘုန်းတော်ကြီး 'ဟာဒီ'တို့ ဇနီးမောင်နှံတင်ပြခဲ့သော ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံမှာ အများစွပ်စွဲထားသလို ဝိညာဉ်ဓာတ်ပုံအတု မဟုတ်ဘဲ အစစ်အမှန်သာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဘုန်းတော်ကြီး 'ဟာဒီ'တို့ ဇနီးမောင်နှံရိုက်ကူးခဲ့သော ဝိညာဉ်ဓာတ်ပုံမှာ (Queen House) ဘုရင်မစံတော် အိမ်ကြီး၏ မဟာလှေကားတွင် ကွယ်လွန်သူ၏ဝိညာဉ်ပုံကို ရိုက်ကူးထားသောပုံဖြစ်သည်။

BURMESE CLASSIC

အဆိုပါဝိညာဉ်ဓာတ်ပုံနှင့်ပတ်သက်၍ရိုက်ကူးရမရ ဟူသော ပြဿနာပေါ်ပေါက်လာခြင်းမှာ ဘုန်းတော်ကြီး'ဟာဒီ' တို့ ဇနီးမောင်နှံက စတင်ခဲ့ခြင်းမဟုတ်။ လွန်ခဲ့သောနှစ်ပေါင်း (၁၅၀၀) ကျော်ခန့်ကပင် စတင်ခဲ့ကြောင်းသိရသည်။ အဆိုပါ ဝိညာဉ်ဓာတ်ပုံများ၏ သမိုင်းစဉ်ကို ပြန်ကောက်ကြည့်မည်ဆိုလျှင် ၁၈၆၂ ခုနှစ်က စတင်ခဲ့ကြောင်းသိရပြီး၊ ပထမဦးဆုံး ဝိညာဉ်ဓာတ်ပုံကို ရိုက်ကူးတင်ပြခဲ့သူမှာ အမေရိကန်ပြည်ထောင်စု၊ ဘို စတုန်မြို့မှ 'ဝီလီယံအိတ်(ချ်)ပမ္မလာ'ဆိုသူဖြစ်သည်။ ၎င်းရိုက်ကူးတင်ပြခဲ့သော ဝိညာဉ်ဓာတ်ပုံမှာ ကွယ်လွန်သူ 'သမ္မတလင်ကွန်း'၏ ဇနီးမောင်နှံတို့ဓာတ်ပုံပင်ဖြစ်သည်။

ထို့ကြောင့် ဝိညာဉ်လော်က တကယ်ရှိမရှိဆိုသော အချက်မှာ အယူအဆပိုင်းနှင့် လက်တွေ့မတွေ့ကြုံမှုအပေါ်မှာ အကြုံးဝင်သွားဖွယ်ရှိကြောင်းသုံးသပ်မိပါသည်။

ဆက်လက်၍ မင်းကွန်းတိပိဋကဆရာတော် ဘုရားကြီး၏အရပ် (၁၀)မျက်နှာမေတ္တာဘာဝနာပွားများနည်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

ဧယာဏ္ဍမပြစ်မှားမိစေးပြစ်သွားသူနှင့် ဆန်းကြယ်ပြစ်ရပ်မှန်များ
လည်း 'မြင်အပ် မမြင်အပ်'ဆိုသော အချက်များကို ထည့်ပြီး
သုံးသပ်လိုက်ခြင်းက သက်သေအထင်အရှား ဖြစ်နေပါသည်။

အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း'ရုပ်'နှင့် 'နာမ်'တို့
သည်သီးခြားသဘောကိုဆောင်ကာ ရှိနေသော်လည်း တစ်ခု
ကိုတစ်ခုကျေးဇူးပြုပြီး၊ အသက်နှင့် အစဉ် အတူတကွ ယှဉ်တွဲ
ဆက်စပ်တည်ရှိနေသည့်အတွက် 'နာမ်'သည် တစ်စက္ကန့်လျှင်
ကုဋေပေါင်းတစ်သိန်းမက ဖြစ်ပျက်သွားသကဲ့သို့ 'ရုပ်'သည်
လည်း တစ်စက္ကန့်အတွင်း ကုဋေငါးထောင်ကျော်မျှ ဖြစ်ပျက်
သွားလာနေကြပါသည်။

ထို့ကြောင့် 'နာမ်'ဟူသော စိတ်စွမ်းအားများသည်
ဌာနချင်းအစုဝေးချင်း မည်မျှပင် ကွာခြားနေစေကာမူ ကူး
သန်းသွားလာရန် အချိန်ကြန့်ကြာမှုမရှိဘဲ ချက်ချင်းရောက်
သွားနိုင်ကြလေသည်။

ထို့ပြင် လက်ရှိဘဝတွင် တွေ့ကြုံမှတ်သားခဲ့ရသော
စိတ်စွမ်းအင်သတ္တိအားလုံးနှင့် ရင်းပြုလုပ်ခဲ့သမျှရှိသောကံအ
မျိုးမျိုးတို့၏ အစွမ်းသတ္တိများမှာလည်း အဆိုပါ သတ္တဝါတို့၏
သန္တာန်၌ကိန်းအောင်းခိုဝင် မှီတွယ်လျက်ရှိပြီး၊ ထိုစွမ်းအင်သတ္တိ
များမှာ နောင်ဘဝ၏ပဋိသန္ဓေသို့ကူးပြောင်းသွားကြရ ပေသည်။

သို့ရာတွင် လက်ရှိဘဝ၏ နောက်ဆုံးသေစိတ်သည်
နောင်ဘဝ၏ပဋိသန္ဓေစိတ် သီးခြားမဟုတ်သလို အဆိုပါသတ္တဝါ
၏ မူလစိတ်နှင့်လည်း ကင်း၍မရပါချေ။ ရှင်းအောင်ဆိုရ၍
ဆိုရလျှင် ယခုဘဝမှာ တွေ့ကြုံမှတ်သားခဲ့ရသော စိတ်အစွမ်း

www.burmeseclassic.com



သတ္တိအားလုံးတို့နှင့် ၎င်းတို့ပြုလုပ်ခဲ့သမျှသောကံအမျိုးမျိုးတို့၏ အစွမ်းသတ္တိများ ကိန်းအောင်းခိုဝင်မှီ တွယ်လျက်ရှိသောကြောင့် ထိုအစွမ်းသတ္တိများသည် နောက်ဘဝ၏ပဋိသန္ဓေသို့ ကူးပြောင်းသွားကြကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် နောင်ဘဝ၌ ပဋိသန္ဓေနေသူတို့ကား ရှေးဘဝက သေဆုံးခဲ့သူလည်းမဟုတ်။ တစ်သီးတခြားလည်း မဟုတ်။ ထိုနှစ်ဦးသည် စိတ္တနိယာမ၊ ကမ္မနိယာမတို့၏ အစွမ်းသတ္တိများဖြင့် ယှဉ်တွဲဆက်စပ်နေသူများပင်ဖြစ်လေ၏။

အဆိုပါအကြောင်းရင်းများနှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးသည် ရှင်နာဂသိန်ကိုမေးခဲ့သည့်မေးခွန်းနှင့် ပတ်သက်သောအမေးအဖြေတွင်အောက်ပါအတိုင်းရှင်းပြထားသည်ကို တွေ့ရပါသည်။

BURMESE CLASSIC

'အရှင်ဘုရား . . . ပဋိသန္ဓေနေဆဲသူသည် သေခဲ့သည့်လူဟောင်းလော . . . သို့မဟုတ် တစ်ပါးသော လူသစ်လော'

'မင်းကြီး . . . ပဋိသန္ဓေနေဆဲသူသည် ရှေးလူဟောင်းလည်း မဟုတ်၊ တစ်ပါးသောလူသစ်လည်း မဟုတ်ပါ'

'အရှင်ဘုရား . . . ထင်ရှားအောင်ပြပါဦး'

'မင်းကြီး ယောကျ်ားတစ်ယောက်သည် မီးထွန်းညှိထား၏ . . . ညဉ့်ဦးယံလောင်သောမီးသည် သန်းခေါင်ယံ၌ တောက်သောမီးလော . . .'

'အရှင်ဘုရား . . . မဟုတ်ပါ . . .'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကြီး ဤသို့ဆိုလျှင် မီးနှစ်ခုသည် တစ်သီး တခြား ဖြစ်သလော'

'အရှင်ဘုရား တစ်သီးတခြားဖြစ်သည်ဟူ၍ မဆိုသာပါ . . ပထမမီးကို အမှီပြု၍ ဆီမီးသည် တစ်ညဉ့်လုံး လင်းနေပါသည်'

'မင်းကြီးမှန်ပါ၏ . . . ညဉ့်ဦးယံက မီးတောက်သည် တောက်လောင်ကုန်ဆုံးသွားပြီးဖြစ်၍ သန်းခေါင်ယံမီးတောက်အဖြစ်သို့မရောက်နိုင်ပါ . . ညဉ့်ဦးယံမီးတောက်နှင့် ကင်း၍လည်း သန်းခေါင်ယံမီးတောက်သည် ဖြစ်မလာနိုင်ပါ . . မင်းကြီး . . ထို့အတူပင် ပရမတ္ထ တရား၏ အစဉ်သည် ခွဲထွက်ပါ၏။ တစ်ပါးသောတရားသည် ဖြစ်ဆဲဖြစ်၍ တစ်ပါးသောတရားသည် ချုပ်ဆဲဖြစ်ပါ၏ မရှေးမနှောင်းဆက်ကာဆက်ကာဖြစ်၏. . . ။ ထို့ကြောင့် စုတေခဲ့သော ရှေးသူဟောင်းသည် ပဋိသန္ဓေမနေ။ တစ်ပါးသောသူသည် ပဋိသန္ဓေမနေပါ။ ရှေးဖြစ်သော ဝိညာဉ်သည် နောက်ဖြစ်သော ဝိညာဉ်ကို ထောက်ပံ့ပေးခြင်းဖြစ်သည်။ '

'မင်းကြီး . . . ထို့အတူပင် ဘဝဟောင်းမှပြု လုပ်ခဲ့သောကံကို အကြောင်းပြု၍ ဘဝသစ်ဖြစ်ပေါ်လာသည် ဘဝဟောင်းမှ'ရုပ်' 'နာမ်'များသည် ဘဝသစ်သို့ကူးပြောင်းခြင်း မရှိပါ . . . ဘဝကူးပြောင်းသည့်အခါ ဤဘဝမှစုတေ ကျခဲ့ပြီး၊ နောက်ဘဝ၌ ပဋိသန္ဓေ စိတ်ဖြစ်လာခြင်းသည် စိတ်အစဉ်တန်းကြီး၌ စိတ်တစ်လုံးဖြစ်ပျက်ပြီးနောက် နောက်



www.burmeseclassic.com

စိတ်တစ်လုံး ထပ်မံဖြစ်လာသော သဘောပင်ဖြစ်ပါသည်' ဟူ၍ ဖြေကြားထားခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဤနည်းတူစွာပင် ဘဝဟောင်းက 'ရုပ်' 'နာမ်' တစ်စုံတစ်ရာမျှ လက်ရှိဘဝသို့လိုက်လာမည် မဟုတ်သော်လည်း ဘဝဟောင်းက အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ၊ ကံ အကြောင်းတရားတို့နှင့် ကင်းကွာ၍လည်းလက်ရှိဘဝ၊ လက်ရှိ ခန္ဓာများဖြစ်မလာနိုင်ချေ။ ထို့ကြောင့် ဘဝဟောင်း၊ ဘဝသစ်၊ စုတိ။ ပဋိသန္ဓေတို့သည် အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ၊ ကံတရားတို့၏ အစွမ်းသတ္တိထူးဖြင့် သံသရာဆုံးသည့်တိုင် ဖြစ်ပျက်နေကြ လျက်ရှိပါတော့သည်။

အချုပ်အားဖြင့်ဆိုရလျှင် အယူဝါဒများအရ သေဆုံးပြီးနောက် ဘဝသစ်တစ်ခုဖြစ်ရန် သံသရာလည် ရန်မလို၊ တမလွန်ဘဝကို မယုံကြည်၊ တမလွန်ဘဝမရှိဟု ယူဆနေသူတို့ ပတ်ဝန်းကျင်၌ပင် အမျိုးမျိုးသောလူဝင်စားများအကြောင်း၊ ပရနုယ်ဝိညာဉ်လောကသားများအကြောင်းကို သုတေသနပြု ဖော်ထုတ်လျက်ရှိသောကြောင့် စုတိပဋိသန္ဓေပိုင်းဆိုင်ရာ ဗုဒ္ဓအဘိဓမ္မာသည် ယခုအခါ အယူအစွဲမကြီးသော သုတေသီ အခြားဘာသာဝင်ပညာရှင်များတို့ကိုလည်း များစွာအထောက် အကူပြုပေးလျက် ရှိပါတော့သည်။

မနုတ်ဟာီဏ်းဇော်